
www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

**ဒို့တာဝန်အရေးသုံးပါး**

ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

**ပြည်သူ့သဘောထား**

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်းပြည်ပ အဖျက်သမားများအားဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေး ဦးတည်ချက် (၄) ရပ်**

★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
★ အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
★ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
★ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄) ရပ်**

★ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
★ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄) ရပ်**

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
★ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
★ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

BURMESE CLASSIC .com

## မြပုလဲသွယ်

# ရင်ဝှက်စကား

www.burmeseclassic.com

www.burmeseclassic.com


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၀၉၂၃၀၈၁၁ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀၉၉၂၀၉၁၁ |
| အဖုံးဒီဇိုင်း | - | L လင်း |
| ထုတ်ဝေသူ | - | ဒေါ်မိုးသီတာ (စိုးမိုးစာပေ)<br>(မြဲ-၀၃၈၅၁)<br>အမှတ် ၁၃၊ ၁၀၇ လမ်း၊<br>မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | - | ဦးမြင့်သန်း (မြဲ-၀၄၉၀၂)<br>စံပယ်အော့ဖ်ဆက်<br>၆၈၊ စကားဝါလမ်း၊<br>အုံမြို့နယ်၊ ရန်ကုန်။ |
| အတွင်းဖလင် | - | ဦးထွန်းဆိုင် |
| စာအုပ်ချုပ် | - | ကိုသန်းငွေ |
| ပုံနှိပ်ခြင်း | - | ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၅၀ ကျပ် |

၈၉၅ . ၈၃

မြပုလဲသွယ်

ရင်ဗွက်စကား/မြပုလဲသွယ်။-ရန်ကုန်

စိုးမိုးစာပေ၊ ၂၀၁၁

၂၈၀ - စာ ၊ ၁၂ × ၁၈ စင်တီ။

(၁) ရင်ဗွက်စကား


## အခန်း (၁)

"သမီးကညာ အခါမလင့်တဲ့"

မာမီ ဒီစကားစပြီဆိုထဲက ဓာတ်ပြားဟောင်းကြီးဖွင့်တော့မည်ဟု ရွှေး သိလိုက်သည်။ သားအမိနှစ်ယောက်ထဲ ကြီးတော်အပျိုကြီးနဲ့ နေကြတာ ဘယ်လောက်အေးချမ်းလဲ။ အခုတော့ မာမီက ရွှေးကို သူသဘောတူသည့် ဒယ်နီဆိုသည့်လူနှင့် အိမ်ထောင်ချပေးဖို့ ကြိုးစားနေသည်။ လူချင်းတော့ မမြင်ဘူး။ ဒါပေမဲ့ မာမီ့ သူငယ်ချင်း၏သားဆိုတာနဲ့ပဲ မာမီက ရွှေးနှင့် လက်ထပ်ဖို့ သဘောတူသည်။ ချစ်သူပင် မရှိသေးသည့် ရွှေးက သူစိမ်းယောကျ်ားတစ်ယောက်ကို အိမ်ထောင်ဖက်အဖြစ် တစ်ဘဝလုံး



www.burmeseclassic.com

www.burmeseclassic.com



ပေါင်းဖို့ဆိုတာ လုံးဝစိတ်မဝင်စား။ စိတ်ကူးထဲမှာလည်း မရှိ။ ဒါကြောင့်လည်း မာမီ သဘောတူသည့်လူနှင့် လက်ထပ်ဖို့ ရွှေးက လက်မခံ။ မာမီနှင့်ရွှေးကြားက အလွဲများက တိုနေရာမှ အစပြု ခဲ့ခြင်းဖြစ်သည်။

"မာမီဆို သမီးအရွယ်မှာ သမီးဒက်ဒီနဲ့ လက်ထပ်ခဲ့တာ ပဲလေ၊ ဒါကို သမီးက ငယ်ပါသေးတယ်ဆိုတော့"

"အိမ်ထောင်ရေးကိစ္စကို ရွှေး စိတ်မဝင်စားလို့ပါ မာမီ"

သည်တစ်ခါတော့ မာမီကို ရွှေး မျက်နှာငယ်ငယ်လေးနှင့် အသနားခံ ပြောလိုက်တော့ မာမီက ရွှေး မျက်နှာလေးကိုကြည့်ပြီး သက်ပြင်းချသည်။

"လာဘ်ဦးဆိုတာ ငြင်းကောင်းတာ မဟုတ်ဘူး သမီးရဲ၊ တော်ကြာ သမီးအဒေါ်လို နေ့ရှေ့ညရှေ့လုပ်ရင်းက အပျိုဟိုင်းကြီး ဖြစ်သွားဦးမယ်"

"အလိုလေး…မရွှေမိ၊ ညည်းသမီး ဆုံးမတဲ့ကိစ္စ ဘာဖြစ်လို့ ကျုပ်အကြောင်းက ပါလာရတာလဲ၊ ဒီမှာ ကျုပ်က ရတာမလို၊ လိုတာမရလို့ အပျိုကြီးဖြစ်လာတာမဟုတ်ဘူး၊ လိုကိုမလိုချင်လို့ တမင် အပြစ်မရှိ အပြစ်ရှာငြင်းခဲ့လို့ ဒီဘဝရောက်ခဲ့တာ သိလား"





"ညည်းသမီး ညည်းဘာသာ အိမ်ထောင်ချပေးတာ ကျုပ် ဘာမှမပြောဘူး၊ အေး…အပျိုကြီးဆိုတာကိုတော့ လာလာမထိနဲ့၊ နောက်ဆို နည်းနည်းမှ သည်းမခံဘူး မှတ်ထား"

"ဟုတ်ကဲ့ပါ မမရယ်၊ နောက်ဆို မိ စကားပြောဆင်ခြင် ပါ့မယ်"

မာမီက ကြီးကြီး ကျေနပ်အောင် ချော့လိုက်တာကို ကြည့် ပြီး ရွှေး ပြုံးလိုက်၏။ ကြီးကြီးက အပျိုကြီးပီပီ ဒေါသကလည်း ကြီးသည်။ မဟုတ်မခံဆိုတော့ စကားမများရဲ။

"မာမီစီစဉ်တာကို လက်ခံပါကွယ်"

နောက်ဆုံးတော့လည်း ဒီဘူတာပဲ ဆိုက်တာမို့ မာမီ့စကား အဆုံးမှာ ပါးချိုင့်လေး ခွက်ဝင်သွားသည်အထိ ရွှေး ပြုံးလိုက်သည်။

"သမီးရွှေး ယောကျ်ားတွေကို စိတ်မဝင်စားဘူးဆိုတာ မာမီသိပါတယ်၊ ဒါပေမဲ့ သမီးရယ်၊ ကိုယ်က မိန်းမသားဖြစ်နေ တော့ တစ်ဘဝလုံးအတွက် လက်တွဲဖော်ကို စဉ်းစားမှဖြစ်မှာပေါ့ ကွယ်"

မာမီက သူ့ထုံးစံအတိုင်း သူသဘောတူသူနှင့် ဖွတ်အတင်း လက်ထပ်ပေးဖို့ ကြိုးစားနေသည်။ ရွှေး၏ အိမ်ထောင်ရေးကို ဒီလို



www.burmeseclassic.com

www.burmeseclassic.com



အလွယ်နှင့် မပြီးနိုင်။ ရွှေး တကယ်ချစ်တဲ့သူမှလွဲ၍ ဘယ်သူ့ကိုမှ စိတ်မဝင်စား။

"ရွှေးကို နည်းနည်းတော့ အချိန်ပေးပါဦး မာမီရယ်"

"ဘယ်လောက်အချိန်ယူဦးမှာလဲကွယ်၊ တစ်ဖက်က လောလှပြီ"

"ဒါတော့ လွန်တာပေါ့ မာမီရဲ့၊ သူ့အကြောင်း ကိုယ့်အကြောင်းဖြင့် မသိသေးဘဲနဲ့"

"အဲဒီအတွက်ဆိုရင် သမီးစိတ်မပူနဲ့၊ သမီးစိတ်ကြိုက် အကဲခတ် လေ့လာလို့ရအောင် သမီး ရန်ကုန်လာမယ်ဆိုတဲ့ အကြောင်း ဒယ်ဒီကို မာမီ ဖုန်းနဲ့ အကြောင်းကြားလိုက်မယ်"

"အာ…မာမီကလဲ၊ ဒီလိုကြိုသိသွားလို့ကတော့ သူ့ဘက်က ကြိုတင်ပြင်ဆင်မှုတွေ လုပ်ထားရင် သမီးက ဘယ်လိုအကဲခတ်လို့ရမှာလဲ၊ သမီးဘာသာ ဟိုရောက်မှ သွားတွေ့လိုက်ပါ့မယ်"

"ဟုတ်ပါပြီကွယ်၊ ဒါဆိုလည်း သမီးသဘောပဲ"

ရွှေး သဘောကို မာမီက အလွယ်ပင် ခေါင်းညိတ်သဘောတူလိုက်၍ ရွှေး ဝမ်းသာကျေနပ်သွားသည်။ မာမီက နာမည်ကြီးစိန်ရွှေရတနာဆိုင်ပိုင်ရှင်။





ရွှေးက မာမီ့တစ်ဦးတည်းသောသမီး။ ရွှေး ဒက်ဒီက ရွှေး ငယ်စဉ်ထဲက ဆုံးပါးသွားပေမယ့် မာမီက နောက်အိမ်ထောင်မပြု။ မာမီက ရွှေးကို ရတနာပစ္စည်းတွေအကြောင်း အရောင်းအဝယ်ကိစ္စအားလုံး သင်ပေးထားပေမယ့် ရွှေးက မာမီ့အလုပ်ကို စိတ်မဝင်စား။ ကုမ္ပဏီပိုင်ရှင်ဖြစ်ချင်သည်။

ဒေါ်လာကို စိတ်ဝင်စားသည်။ ကျောင်းပြီးကတည်းက လိုအပ်သော စာတွေဖတ်သည်။ သင်တန်းတွေ တစ်ခုပြီးတစ်ခု တက်၏။ ရွှေးမှာ လေ့လာသင်ယူစရာတွေက အများကြီး။ မာမီကို အကြောင်းပြကောင်းအောင် သတို့သားလောင်း သွားကြည့်မည်ဟု ပြောထားပေမယ့် ရွှေးစိတ်ထဲ ထိုလူ့အကြောင်း ဘာဆိုဘာမှမရှိ။ လေယာဉ်ကွင်းရောက်မှ သူငယ်ချင်း မေညို့ထံ လှမ်းဖုန်းဆက်ပြီး လေဆိပ်က လာကြိုဖို့ ပြောရသည်။ ဘာမှ ပြဿနာမရှိ။ အားလုံး အိုကေ။ ဖြစ်ချင်တော့ လေယာဉ်ရှိရာကိုသွားဖို့ ကြိုပို့ကားပေါ်အတက်…

"ဒုတ်"

"အမလေး"

ဂစ်တာထည့်ထားသည့် အိတ်အမည်းကို လွယ်ထားသည့်



www.burmeseclassic.com

www.burmeseclassic.com



လူ၏ ပေါ့ဆမှုကြောင့် သူ့အိတ်က ရွှေးကိုယ်လေးကို ပစ်တိုက်မိသလို ဖြစ်သွား၍ ရွှေး နောက်ကို ဆတ်ခနဲ လှည့်ကြည့်ပြီး တရားခံကိုအရှာ…

"ဆောရီး"

လူချောတစ်ယောက်က ရွှေးနောက်နားမှာ ကပ်လျက်နေရာယူထားသည်။ ပုံစံက ထောင့်မကျိုး။ ဒါပေမဲ့ နောက်မှာ လူတွေက တန်းစီပြီး စောင့်နေတာမို့ ရွှေးကို ဆောရီးတစ်ခွန်းပြောပြီး ခပ်တည်တည်မျက်နှာနှင့်လူကို မျက်စောင်းတစ်ချက် ပိတ်ထိုးပြီး ကားပေါ် ဆက်တက်လိုက်သည်။ ကိစ္စက ထိုမျှနှင့်မပြီး။ လေယာဉ်ပေါ် ရောက်တော့ ရွှေးဘေးကခုံမှာ ထိုင်ရသူက စောစောက ရွှေးနှင့် ပြဿနာဖြစ်သည့် ကိုလူချော။ ရွှေးစိတ်ထဲ မကြည်တာနှင့် လှည့်မကြည့်။ သူကလည်း ခပ်တည်တည်။ ရွှေးကို သူ့နားမှာ ရှိသည်လို့ပင် သဘောထားပုံမရ။ ရွှေး စာအုပ်ဖတ်နေချိန်မှာ သူကလည်း နားကြပ်ကို တပ်ထား၏။ တစ်ယောက်ကို တစ်ယောက် လုံးဝ စိတ်မဝင်စားကြပုံခြင်းက အတူတူ။ လေယာဉ်မယ်လေး ကော်ဖီယူလာပေးချိန်မှာ မထင်မှတ်တာတစ်ခု ဖြစ်သွား၏။ ရွှေးက အပူနှင့်အအေးဆိုရင် အပူပိုကြိုက်သည့်အတွက်





လေယာဉ်မယ်လေးက ဘာသောက်မလဲ မေးချိန်မှာ ကော်ဖီဟု မှာလိုက်ပေမယ့် သူကတော့ ဘာမှမမှာ။ ရွှေးနေရာက ပြတင်းပေါက်နားမှာဆိုတော့ ကော်ဖီခွက် လာပေး၍ လှမ်းအယူ…

"ဟာ"

"ဆောရီး"

ရွှေးလက်ထဲက ကော်ဖီခွက်က ချော်ပြီး အနားမှာရှိနေသည့် ကိုလူချောပေါ် သွန်ချသလို ဖြစ်သွား၏။ ရွှေးက သူမကို တောင်းပန်သလို အနားကလူကို ဆောရီးလို့ ပြောပေမယ့် သူက ကျေနပ်ပုံမရ။ ဒေါသမျက်နှာနှင့် ရွှေးကို စိုက်ကြည့်သည်။

"ဘာလဲ…ခင်ဗျားက ခုနတုန်းက အဖြစ်ကို မကျေနပ်လို့ လက်စားချေတာလား"

တစ်ဖက်လူထံမှ မထင်မှတ်သော အမေးစကားကြောင့် ရွှေးရင်ထဲ ဖျင်းခနဲဖြစ်သွားကာ အိုးရွဲ့ကိုစလောင်းရွဲ့နှင့် ဖုံးချင်လာ၍ မထိတရီ ပြုံးလိုက်ကာ သူ့ကို ခပ်တည်တည် ပြန်ကြည့်ပစ်လိုက်၏။

"ဟုတ်တယ်ဆိုရင် ရှင် ဘာလုပ်မလို့လဲ"

ရုတ်တရက် ဒေါ် ပါးစပ်ပိတ်သွားကာ သူ့နားက မိန်းမ



www.burmeseclassic.com

www.burmeseclassic.com



လှလေးကို စိုက်ကြည့်ပစ်လိုက်သည်။

"ခုနကအဖြစ်က တမင်လုပ်တာ မဟုတ်ဘူးကွ"

"ဘယ်သူကရော ရှင့်ကို တမင်ပြန်လုပ်နေလို့လဲ၊ ကိုယ့်အလှည့်ကြတော့ ယောကျ်ားကြီးဖြစ်ပြီး သိတတ်နေလိုက်တာ"

"မင်း ဘာစကားပြောတာလဲ"

"ဗမာစကား"

မိန်းကလေးပီပီ အလျှော့ပေးဖို့ မပြင်ဘဲ ခပ်မာမာပြန်ပြောလိုက်၍ ဒေဝါ မျက်နှာနီရဲသွားကာ ဒေါသဖြစ်သွားလျက်...

"မင်းကို မိန်းကလေးမို့ သည်းခံလိုက်တယ်မှတ်ပါ"

"အံမယ်...သည်းမခံချင်လို့ ရှင်က ရွှေးကို ဘာလုပ်ချင်သေးလို့လဲ"

"ဖက်နမ်းချင်တာ"

"ဘာ...ရှင်...ရှင်"

ဒေါသဖြစ်လွန်း၍ ရွှေး ဘာလုပ်ရမှန်းမသိ။ စကားဆက်ရခက်နေစဉ်မှာ ဒေဝါက သူ့အင်္ကျီအိတ်ထဲမှ လက်ကိုင်ပဝါတစ်ထည်ဆွဲထုတ်ပြီး သူ့ဘောင်းဘီပေါ်က ကော်ဖီရည်တွေကို သုတ်နေ၏။

"ယောကျ်ားဖြစ်ပြီး အလကားလူ"





"စကားကို ဆင်ခြင်ပြောနော်၊ နောက်မှ ကျုပ်ကိုအဆိုးမဆိုနဲ့"

ကြည့်စမ်း...။ ဒီလူ နှုတ်သီးကောင်းလှချည်ပါး ရန်ပြန်တွေ့နေလိုက်တာ။ ဒီလိုလူမျိုးနှင့် ခရီးအတူသွားမိတာကိုက ရွှေး ကံဆိုးလွန်းသည်။ တော်ရုံယောကျ်ားဆို ကြည့်မရ။ အထင်မကြီးသည့်ကြားက အခုတော့ ပိုပြီး မုန်းစရာနှင့် လာတွေ့နေသည်။ ဆက်စကားပြောလျှင် ရွှေးပဲရှုံးမည်။ နှုတ်ပိတ်နေလိုက်တာ အကောင်းဆုံးဟု ဆုံးဖြတ်ပြီး မကျေမနပ်နှင့် ရွှေးမျက်နှာလှလှလေးကို တစ်ဖက်ကို လှည့်ထားလိုက်၍ ရန်ပွဲက ငြိမ်းအေးသွားပြီဟု ထင်ရကာမှ...

"မိန်းမတွေများ ဘာတစ်ခုမှကို ကောင်းကျိုးမပေးဘူး"

မကျေမချမ်း ထွက်လာသည့် အသံကြောင့် ရွှေး ဆက်ပြီး ငြိမ်မနေနိုင်၍ ထိုလူဘက် ဆတ်ခနဲ ပြန်လှည့်လိုက်ပြီး...

"သဘောထားကြီးပါတယ်ဆိုတဲ့ ယောကျ်ားတွေ မိန်းမထက် သဘောထားသေးသိမ်မှန်း အခုမှသိရတယ်"

"မင်း ငါ့ကို ရန်စနေတာလား"

"ဘယ်သူက အရင်ရန်စတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်မျက်နှာကို တစ်ယောက် အကြာကြီးစိုက်ကြည့်လိုက်သည်။ ဘယ်သူကမှ အကြည့်ကိုမလွှဲ။ ရန်လိုဒေါသတွေ ပေါက်ကွဲချင်နေသည့်ကြားက တစ်ယောက်၏ အချောနှင့်တစ်ယောက်၏အလှက ကိုယ်စီမျက်ဝန်းထဲမှာ စွဲစွဲမြဲမြဲ နေရာယူသွားကြသည့်အဖြစ်ကို မည်သူမှ မရိပ်မိ။

"တောက်…နေနှင့်ဦးပေါ့ကွာ၊ မိန်းမဖြစ်ပြီး ဒီလောက်စွာနေတာ"

ဒေဝါ စိတ်ထဲပြောပြီး အရင်အကြည့်လွှဲလိုက်၏။

"ဟွန်း…ယောကျ်ားဖြစ်နေပြီး"

ရွှေးလည်း မကျေမနပ်နှင့် မျက်စောင်းရွယ်သည်။ လေယာဉ်ဆိုက်တာနှင့် များပြားလှသော လူတွေကြားထဲမှ ရွှေးသူငယ်ချင်း မေညိုကို ဟိုတုန်းကအတိုင်း အလှမပျက် ဘဝမပျက်တွေ့ရသဖြင့် သူငယ်ချင်းနှစ်ယောက် တစ်ယောက်ကိုတစ်ယောက်ဝမ်းသာစွာ ပွေ့ဖက်လိုက်ကြသည်။

"သိပ်လှလာတာပါလား ရွှေးရယ်"

"မေညိုလည်း သိပ်ဝလာတယ်"

ပြောပြီး နှစ်ယောက်အတူ ရယ်မိသည်။ အခုတော့လည်း





မေညိုက ရန်ကုန်သူ၊ ရွှေးက မန္တလေးသူ။ အချစ်ဆုံးသူငယ်ချင်းနှစ်ယောက် တစ်ယောက်နှင့်တစ်ယောက် ညီမလိုချစ်ကြ၏။ တက္ကသိုလ် တတိယနှစ်မှာ မေညိုတို့မိသားစုက ရန်ကုန်ကို ပြောင်းသွားသည်။ ကျောင်းပြီးမှ သူငယ်ချင်းနှစ်ယောက် ပြန်ဆုံကြတော့ပျော်မဆုံး။

"မေညို့အိမ်မှာပဲ လိုက်နေပါလား ရွှေးရယ်"

"ဘာဖြစ်လို့လဲ မေညို"

"ရွှေး ရှာခိုင်းထားတဲ့ အိမ်ခန်း အဆင်မပြေလို့လား"

"ဟုတ်ပါဘူးဟယ်၊ ရွှေးနဲ့ခွဲပြီး မနေချင်လို့ ပြောတာပါ၊ ပြောမဲ့သာ ပြောရတယ်၊ မေညိုတို့က မိသားစုများတော့ ရွှေးလိုတစ်ဦးတည်းသောသမီးက ဘယ်နေတတ်မှာလဲနော်"

"အဲဒီလိုမဟုတ်ပါဘူးဟယ်၊ ရွှေးကိုက လွတ်လွတ်လပ်လပ်နေရတာ ကြိုက်လို့ပါ"

ရွှေးပစ္စည်းများကို အလုပ်သမားခေါ်ကာ မေညို့ကားဆီပို့ခိုင်းလိုက်၏။ ရွှေးနှင့်မေညို နောက်မှလိုက်သွားသည်။ ကားပေါ်ရောက်တာနှင့် လေယာဉ်ပေါ်မှာ စိတ်အနှောင့်အယှက်ဖြစ်ခဲ့တာမေညိုကို ရွှေးက အစအဆုံးပြောပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ယောက်ျားဖြစ်ပြီးတော့ဟယ်၊ ရွှေးနေရာမှာဆို မေညိုဆို ရွှေးလိုမလုပ်ဘူး သိလား"

"ဘယ့်လို ရွှေးလိုမလုပ်ဖူးဆိုတော့ မေညိုက ဘယ်လို လုပ်ချင်လို့လဲ"

ရွှေးက စိတ်ဝင်စားစွာ မေးသည်။

"ရွှေးလူက လူချောဆို"

"အင်းလေ"

ရွှေးစကားအဆုံးမှာ မေညိုက ပြုံးသည်။

"ရွှေးနေရာမှာ မေညိုဆို ရန်မဖြစ်ဘူး"

"အေးလေ…ရန်မဖြစ်ဘဲ ဘာလုပ်မှာလဲ"

"ပြန်ချစ်မှာပေါ့ မိရွှေးရဲ့၊ တကယ်ပဲ"

"မေညိုစုတ်"

သူငယ်ချင်းနှစ်ယောက် အားပါးတရ ရယ်မိကြသည်။ ရွှေးမျက်လုံးထဲမှာလည်း သူမနှင့် ပြဿနာဖြစ်ခဲ့သော ကိုလူချော မျက်နှာကို ဖျတ်ခနဲ ပြန်မြင်ယောင်လိုက်မိသည်။ လူကတော့ တစ်ခါမြင်ဖူးရုံနှင့် မှတ်မိချင်နေစရာရုပ်မျိုး။ လူက တကယ့်လူချော။ ရွှေးနှင့် ပြဿနာ မဖြစ်ဘူးဆိုရင်ပေါ့။ အခုတော့ ရွှေးအတွက်





လိုမျက်နှာက မုန်းစရာဖြစ်သလို အမြင်ကပ်စရာလည်း ဖြစ်နေ၏။

ဟွန်း…ပြောတော့ဖြင့် ယောက်ျားတဲ့။

မိန်းမတစ်ယောက်နဲ့ ပြိုင်ပြီး ရန်ဖြစ်တာ ယောက်ျား တစ်ယောက်အလုပ်လား။ မုန်းစရာကောင်းသည့်လူကို အတွေးထဲက ချက်ချင်းထုတ်ပစ်လိုက်သည်။

"အလကား ယောက်ျားတွေ"

"ယောက်ျားတိုင်းတော့ မဟုတ်ပါဘူး"

"ရွှေးလူတစ်ယောက်ထဲ ဆန်းနေတာ"

"ဘာ ရွှေးလူလဲ၊ မေညိုနော် အဲဒီလူနဲ့ ရွှေးကို လာမစ စမ်းပါနဲ့"

"ဆောရီး…ဆောရီး"

ရွှေးနှင့်ပြိုင်ပြီး ရန်ဖြစ်စကားများသည့် ယောက်ျားကို လုံးဝ အထင်မကြီး။ အထင်သေးသည်။ ဒီလိုလူကိုမှ မေညိုက ရွှေးရဲ့လူ လို့ ပြောလိုက်တော့ ရွှေး ဆတ်ဆတ်ခါနာသွား၏။ ဒီလိုစကားမျိုး သာ ဟိုလူကြားရင် နေရင်းထိုင်ရင်း ဘယ်လောက်များ သူ့ကိုယ်သူ ဘဝင်မြင့် အထင်ကြီးနေမည်မသိ။

"မေညိုပြောတာက ရွှေး တွေ့ခဲ့တဲ့လူက အဆန်းလို့



www.burmeseclassic.com

www.burmeseclassic.com



ပြောတာပါ၊ ဘာဖြစ်လို့လဲဆိုတော့ သိပ်လှတဲ့ရွှေးကို တွေ့တဲ့ ယောကျ်ားလေးတိုင်းက မိတ်ဖွဲ့ကြ၊ ခင်ချင်ကြ၊ ဇာတ်လမ်းရှာချင်ကြတဲ့ သူတွေချည်းပဲလေ၊ ဒီလူကြမှ ရွှေးအလှကို အသိအမှတ်မပြုတဲ့အပြင် ရန်တောင်ဖြစ်လိုက်ကြသေးတယ်ဆိုလို့ပါ''

''အို...သူ့လိုလူမျိုး ရွှေးကို စိတ်မဝင်စားတာ ကျေးဇူးတောင် တင်လိုက်ချင်သေးတယ်''

''ဒီလိုပဲဖြစ်ရမယ်၊ အစထဲက ရွှေးက ဘယ်ယောကျ်ားကိုမှ စိတ်မဝင်စားဘူး၊ အခုတော့ ပိုဆိုးပြီပေါ့ဟယ်''

''သူ့ပုံစံကလည်း ရွှေးလိုပဲ ဘယ်မိန်းမကိုမှ ကြည့်မရတဲ့ပုံ မေညို့ရဲ့''

''ဒါဆို ရွှေးတို့က ကံတူအကျိုးပေးပေါ့''

''ရွှေးနဲ့ ဘာမှမဆိုင်ဘူး''

''အေးပါ၊ မေညိုကလည်း ဆိုင်တယ်လို့မပြောသေးပါဘူး''

ပြုံးနေသည့် မေညို့မျက်နှာကို မမြင်ဟန်ဆောင်နေလိုက်သည်။ ဖြစ်နိုင်ရင် မေညိုက ရွှေးကို အခုထက်မက ပိုစနောက်ချင်နေတာ ရွှေး သိသည်။ မေညို ပြောသလို ရွှေးအလှကို လုံးဝ





ဂရုမစိုက်သည့် မိန်းမ,မကောင်းကြောင်း ပြောသွားသည့်လူကို ရွှေးစိတ်ထဲ လုံးဝမကျေနပ်။ အဲဒီလိုယောကျ်ားမျိုး ရုပ်ဆိုးဆိုးမိန်းမနဲ့ ညားပါစေဟု ရွှေးစိတ်ထဲ ကျိတ်ဆုတောင်းလိုက်သည်။

''ဩော်...ဖူးစာ၊ ဖူးစာ''

''ဘာဖူးစာလဲ၊ မေညိုနော် အပိုတွေလျှောက်ပြောမနေနဲ့၊ ရွှေးအတွက် ဌားထားတဲ့ အိမ်အခြေအနေကို အရင်ပြော''

''အားလုံး အိုကေပါတယ်၊ ဟိုရောက်တော့ ကြည့်၊ အားလုံး သန့်သန့်လေးချည်းပဲ''

''ဒါဆိုလည်း ပြီးရော''

''ရွှေးက ယောကျ်ားတွေကို ကြည့်မရသလို ရွှေးလိုပဲ မေညိုတို့ မိန်းကလေးတွေကို နေရင်းထိုင်ရင်း မုန်းနေတဲ့ ယောကျ်ားမျိုးလည်း ဒီကမ္ဘာမှာ ရှိသေးတာပဲနော် ရွှေး''

''သူ့ရည်းစားက ထားသွားလို့နေမှာပေါ့၊ ရုပ်တော့ချောပါရဲ့၊ ပုံစံကိုက လူဆိုးလိုလိုနဲ့၊ ဟိုကထားသွားတာတောင် နည်းသေးတယ်''

မေညို ရွှေး၏မျက်နှာလှလှလေးကို တစ်ချက်ကြည့်ပြီး ပြုံးနေသည်။ ရွှေးက ဘယ်လိုနေနေ လှသည်။ ချစ်စရာကောင်း



www.burmeseclassic.com

www.burmeseclassic.com



သည်။ ပြီးတော့ မဟုတ်မခံစိတ်ရှိသူ။

"ကဲပါ ဒေါသတွေ သိပ်ထွက်မနေနဲ့၊ ဒါမျိုးဆိုတာ မဆုံချင်ပါဘူးဆိုမှ ဆုံရတာတတ်တာမျိုးနော်"

"မေညိုနော်"

"ခစ်...ခစ်"

မေညိုက ရွှေးစကားကို ဂရုမစိုက်ဘဲ တခစ်ခစ်ရယ် သည်။

"တီ..တီ"

နောက်ပါးမှ ဆူညံသောကားဟွန်းသံနှင့်အတူ ရွှေးတို့ရဲ့ ကားကို နောက်မှ ကားတစ်စီးက အရှိန်ပြင်းစွာ ဖြတ်ကျော်သွား သည်။ အမှတ်မထင် တစ်ဖက်ကကားကို ရွှေး ကြည့်မိတော့ ကားပေါ် လိုက်ပါသွားသူက လေယာဉ်ပေါ်မှာ ရွှေးနှင့် ပြဿနာ ဖြစ်ခဲ့သည့်လူ။

"ဟင်...ဟိုလူ"

"ဘာလဲ ရွှေး၊ ဘယ်သူလဲဟင်"

"ခုနက ကားပေါ်ပါသွားတဲ့လူက ရွှေးနဲ့ ရန်ဖြစ်ခဲ့တဲ့ လူ ဆိုတာ"





"ဟယ်...တကယ် အဲဒါ ဒေဝါတို့အဖွဲ့ပဲ၊ မေညိုနဲ့ သိတယ် ရွှေးရဲ့"

"ဘယ်လို မေညိုနဲ့သိတယ် ဟုတ်လား"

"အင်း"

"အို"

မေညို ခေါင်းညိတ်လိုက်တော့ လုံးဝ ထင်မှတ်မထား သည့် တိုက်ဆိုင်မှုကို ရွှေးကိုယ်တိုင် အံ့သြသွားသည်။ လောကကြီး မှာ ဒီလိုအဖြစ်မျိုးလည်း ရှိပါသေးလား။

"သူ့နာမည်က ဘယ်သူ"

"ဒေဝါ"

"ဘာ"

"ဒေဝါလို့ပြောတာ"

ဒေဝါ။

ထိုအမည်ကို ရွှေးစိတ်ထဲက ခပ်တိုးတိုး ရေရွတ်လိုက်မိ သည်။

"သူကဘယ်သူလဲ၊ ဘာလုပ်တာလဲ မေညို"

"အမလေး...ဖြည်းဖြည်းမေးပါ ရွှေးရယ်၊ ရွှေးရဲ့ ဒေဝါ



www.burmeseclassic.com

www.burmeseclassic.com



ဆိုကဲ့ ရွှေမင်းသားက နာမည်ကြီးရှင့်''

''ဘာရွှေးရဲ့ ရွှေမင်းသားလဲ၊ မေညို နော်''

''စိတ်မဆိုးပါနဲ့ ရွှေးရယ်၊ မေညိုက ရွှေးနဲ့ဒေဝါကို သဘောတူလွန်းလို့ပါ၊ ရွှေးတို့နှစ်ယောက်က ပုံစံတူ၊ စရိုက်တူ၊ သိပ်လိုက်တယ်သိလား''

ဒေဝါ ဘယ်သူလဲဆိုတာ မပြောဘဲ မေညိုက သူထင်ရာတွေ စွတ်ပြောနေ၍ ရွှေး ဒေါသဖြစ်လာသည်။

''မေးတာပဲဖြေစမ်းပါ မေညိုရယ်၊ အပိုစကားတွေ လျှောက်ပြောမနေစမ်းပါနဲ့''

''အပိုစကားမဟုတ်ဘူး ရွှေးရဲ့၊ လိုတောင်လို့ဦးမှာ၊ ဒေဝါက ရွှေးလိုပဲ တစ်ဦးတည်းသောသား၊ ရုပ်ချောတယ်၊ စာတော်တယ်၊ ရွှေးကလည်း တစ်ဦးတည်းသော သမီးဆိုတော့''

''တော်ပြီ…ဘာမှဆက်မပြောနဲ့တော့၊ မကြားချင်ဘူး''

''အခုမှတော့ မရဘူး၊ မေညိုက ရွှေးမေးလို့ ဖြေမှာပဲ''

မေညိုက ရွှေးကို တမင်စ,ချင်၍ ရွှေးက မကြားချင်ဘူးဆိုသော ဒေဝါအကြောင်းကို ပိုပြောချင်နေသည်။ ဒါကလည်း ဒေဝါနှင့် ရွှေးတို့ အကျင့်စရိုက်ချင်းလည်း တူ၊ ရုပ်ရည်ချောမော





တာခြင်းလည်းတူ၍ ကြဲဖန်ဆုံရသည့်အဖြစ်ကိုလည်း သဘောကျ၍ ဖြစ်သည်။

''ရွှေးက ယောကျ်ားတွေနဲ့ ပတ်သက်ရင် ဘယ်လောက် မာနကြီးတယ်ဆိုတာ မေညို သိပါတယ်၊ ဒီလိုပဲ ဒေဝါတို့အုပ်စုကလည်း မိန်းမတွေနဲ့ ပတ်သက်ရင် မာနကြီးတယ်ကွ''

စိတ်မဝင်စားပါဘူး ဆိုပေမယ့် မေညို့စကားကြောင့် ရွှေးကိုယ်လေး ဆတ်ခနဲ တွန့်သွားသလို စိတ်ထဲကလည်း မခံချင်စိတ်လည်း ဖြစ်သွား၏။

မိန်းမတွေနဲ့ ပတ်သက်ရင် မာနကြီးတယ်ဆိုတာ ဘာကို ပြောတာလဲ ဆိုတာကို ရွှေးနှုတ်က ဖွင့်မပြောပေမယ့် မေညို ဆက်ပြောမှာကို တိတ်ဆိတ်စွာ နားစွင့်နေမိသည်။

''ဒေဝါတို့ သူငယ်ချင်းအုပ်စုကို သဘောကျလို့ ခတ်လမ်းရှာချင်တဲ့ မိန်းမတွေ တစ်ပုံကြီးရှိပေမယ့် သူတို့မှာ အခုချိန်ထိ ဘယ်သူမှ ချစ်သူရည်းစားမရှိဘူးကွ''

''သူတို့နားကပ်တဲ့ မိန်းမတွေကိုလည်း လုံးဝ ဂရုမစိုက်ဘူး''

ရွှေးကတော့ မယုံချင်ပါ။ သူတို့ပုံစံတွေက ပျော်ပျော်နေ



www.burmeseclassic.com

www.burmeseclassic.com



မည့်ပုံပါ။ ပြီးတော့ ယေစကျားလေးတွေ မဟုတ်လား။ မိန်းကလေးတွေ ကဲသည်းနေကြတာသိလို့ တမင် စတန့်ထွင်ပြီး လူစိတ်ဝင်စားအောင် လုပ်နေတာရော မဖြစ်နိုင်ဘူးလား။

"မယုံမရှိနဲ့ ရွှေးရေ၊ သူတို့ဘာသာ ပျော်ပျော်နေတတ်တာလွဲပြီး ကျန်တာ စိတ်မဝင်စားဘူး၊ ချစ်သူရည်းစားထားတယ်ဆိုတာ သူတို့အတွက် အပိုအလုပ်တဲ့"

"မတွေ့ခင်တော့ ဒီလိုပဲပြောကြတာပဲလေ"

"ဘာကိုလဲ ရွှေးရဲ့"

"သူတို့ကြိုက်တဲ့လူကို ပြောတာပေါ့ မေညိုရဲ့"

"ဒါလည်းဖြစ်နိုင်တယ်၊ တခြားသူတွေတော့ မသိဘူး၊ ဒေဝါဆိုရင်တော့ မိန်းမတွေက သည်းသည်းလှုပ်ပဲ"

"အဲဒီလို မိန်းမတွေကြောင့် ဒေဝါဆိုတဲ့လူက ဒီလိုပုံစံဖြစ်နေတာ သိပ်တော့မဆန်းပါဘူး"

"ဘယ်လိုပုံစံလဲ"

"ဘယ်မိန်းမကိုမှ အထင်မကြီးဘဲ သူ့ကိုယ်သူပဲ ဘဝင်မြင့် အထင်ကြီးနေတဲ့ ရောဂါလေ"

"ပြောတော့မယ် ရွှေးရယ်၊ ခစ်...ခစ်"





မေညိုက ရွှေးစကားကို သဘောကျစွာ ရယ်သည်။

"မိန်းကလေးတွေက ဒေဝါကို ပိုစိတ်ဝင်စားကြတာက လည်း အကြောင်းရှိတယ်လေ ရွှေးရဲ့၊ ရွှေး မြင်တဲ့အတိုင်းပဲ ဘယ်လောက်မိုက်လဲ၊ ပြီးတော့ ဒေဝါက အရမ်းချမ်းသာတာကွ"

"ဟင်...လူဆိုးရာဇာပုံကိုမှား အလန်းဇယားထဲ ထည့်နေသေးတယ်"

"ဒီစကားသာ ဒေဝါကြားရင် ကိုယ့်ကိုယ်ကို ရေမရှိတဲ့ ချောင်းထဲ ခုန်ချမယ်ထင်တယ်"

"ခစ်...ခစ်"

မေညိုက အစထဲက အရယ်သန်သူဆိုတော့ ရွှေးဘာပြောပြော ရယ်စရာဖြစ်နေ၏။

"သူ့ကိုယ်သူ လူချမ်းသာဆိုပြီး ဘယ်မိန်းကလေးကိုမှ ဂရုမစိုက်ဘဲ နေပြတာနေမှာပေါ့"

ထိုစကားကို ပြောရင်း ရွှေးစိတ်ထဲမှာ မကျေနပ်။ ပိုက်ဆံချမ်းသာတာနှင့် မိန်းကလေးတွေ ဂုဏ်သိက္ခာကို မထီမဲ့မြင် စော်ကားချင်သူအဖြစ် မြင်သည်။

ရွှေးလို မိန်းကလေးမျိုးသာဆိုလျှင် သူ ဘယ်လောက်



www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာပါစေ ဒီလိုလူစားမျိုး လုံးဝစိတ်ဝင်စားမည် မဟုတ်သလို လှည့်ကြည့်မည်မဟုတ်။

"ရွှေ ပြောသလိုတော့ မဟုတ်ဘူးထင်တယ်၊ ဒေဝါနားမှာရှိတဲ့ မိန်းကလေးတွေကလည်း ဒေဝါတို့လို မျက်နှာကြီး အသိုင်းအဝိုင်းတွေပါပဲ"

"အားလုံးက ဒေဝါကို စိတ်ဝင်စားနေကြတဲ့အထဲမှာ ငွေကြေးချမ်းသာတဲ့အပြင် ဒေဝါရဲ့ ဘယ်သူ့မှ ဂရုမစိုက်တဲ့စိတ်နဲ့ တင်းတင်းပြတ်ပြတ် နေတတ်တဲ့ မာနနဲ့စတိုင်က ပိုနိုက်တယ်ထင်တာပဲ"

"တခြားမိန်းမတွေ ဘာဖြစ်ဖြစ်ပါ၊ ရွှေတို့ကို ဒီလိုပုံစံ လာမစမ်းနဲ့၊ မရဘူး"

"သိပ်တောအပြောမကြီးနဲ့နော် ရွှေ၊ ခုပဲ ဒေဝါနဲ့ ရွှေ တိုက်တိုက်ဆိုင်ဆိုင် ပြန်ဆုံနေပြီ"

"ကံတရားက ဒီလူကို ရွှေက သင်ခန်းစာပေးဖို့ ပြန်ဆုံပေးတာနေမှာပေါ့ မေညို"

တကယ်လည်း ဒေဝါလို လူမျိုးကို ရွှေ သင်ခန်းစာပေးချင်၏။ ရွှေကိုယ်တိုင် ယောကျ်ားတွေကို အထင်မကြီးပေမယ့်





မိန်းမတွေကို စော်ကားတတ်တဲ့ ယောကျ်ားမျိုးကိုတော့ ဆုံးမချင်သည်။

"ရွှေ ပြောသလိုပဲ ဖြစ်ပါစေ၊ ရွှေနဲ့ ဒေဝါ ဘယ်သူက ဘယ်သူ့ကို သင်ခန်းစာပေးမလဲဆိုတာ မေညိုတော့ စောင့်ကြည့်ရမှာပဲ"

"ကဲ...ပြောရင်းဆိုရင်း ရွှေ နေရမယ့်အခန်းကို ရောက်ပြီ"

"အိုကေ"

မေညိုက သူ့ကားလေးကို ဆိတ်ငြိမ်သော ရပ်ကွက် အထပ်မြင့် အဆောက်အဦးရှေ့မှာ ရပ်လိုက်၏။

"ပထမထပ် ဘယ်ဘက်အခန်းပဲ ရွှေ၊ ညာဘက်အခန်းမှာ လူငှားရှိတယ်တဲ့၊ အောက်ထပ်မှာ အိမ်ရှင်အဘွားကြီးရှိတယ်"

မေညို ရှင်းပြတာကို ကားပေါ်မှ ပစ္စည်းများချရင်း ရွှေမှာ နားထောင်နေလိုက်၏။ ပတ်ဝန်းကျင်က စိမ်းစိမ်းစိုစိုဆိုတော့ မျက်စိထဲ အေးသွားသည့်အတွက် သဘောကျသွားသည်။

နှစ်ယောက်သား ပစ္စည်းတွေကို အပေါ်တင်သည်။ အခန်းက ရွှေတစ်ယောက်တည်းအတွက် ကျယ်ပါ၏။ ပြတင်းပေါက်



www.burmeseclassic.com

www.burmeseclassic.com



တွေအားလုံး ဖွင့်လိုက်တော့ ပတ်ဝန်းကျင်က လင်းသွားသလို ရှင်းလည်းရှင်းသွား၏။

"ပတ်ဝန်းကျင်က တိတ်ဆိတ်တာပဲနော်၊ ရွှေး အကြိုက်ပဲ"

"ဒါကိုသိလို့ ရွှေးအကြိုက် မေညိုက သေချာရွေးငှားထားတာ"

တစ်ဖက်မှ အခန်းကို သော့ပိတ်လျက် တွေ့ရသည်။

"ဒီအခန်းက လူကလည်း အမြဲခရီးသွားနေတာတဲ့၊ ရွှေးလို တစ်ယောက်တည်းသမားလို့ ပြောတယ်"

"ကောင်းတယ်၊ ဒါမှ ရွှေးအတွက် အနှောင့်အယှက်ကင်းကင်းနေရမှာ"

မျက်နှာချင်းဆိုင် အခန်းမှလည်း ရွှေးလို တစ်ယောက်တည်းနေသည်ဆို၍ ရွှေး ဝမ်းသာသွားသည်။ ခြံကျယ်ကျယ်၊ တိုက်ကျယ်ကျယ်နှင့် နေလာသော ရွှေးအတွက် ဆူညံရှုပ်ထွေးတာတွေလည်း မကြိုက်။ နေလည်း မနေချင်ပါ။

"ကဲ...ရွှေး လာမယ်ဆိုလို့ ဒီနေ့ညနေစာကို တို့အိမ်က ချိုင့်နဲ့ယူလာခဲ့တယ်၊ အခန်းတစ်ခန်းလုံးကိုလည်း မေညိုတို့အိမ်က





ကောင်မလေးနဲ့ ရှင်းတားပြီးသား၊ ဘယ်လိုလဲ မေညို့လက်ရာ သဘောကျရဲ့လား"

"သိပ်ကျ၊ မေညိုကို ဒါတွေကြောင့် ရွှေးက ချစ်နေရတာပေါ့"

သပ်ရပ်ရှင်းလင်းနေသော အခန်းကိုကြည့်ရင်း ရွှေးက တကယ်ပဲ ကျေးဇူးတင်မိ၏။ မေညိုက ရွှေးပစ္စည်းများကို ကူညီ၍ နေရာချပေးရင်း...

"အခုတော့ မေညို့ကိုချစ်တယ် ပြောဦးပေါ့၊ ရွှေးချစ်တဲ့သူနဲ့မှ မတွေ့သေးတာကို၊ နောက်တော့မှသာ ရွှေးချစ်တဲ့သူနဲ့တွေ့ပြီး"

"ဘယ်တော့မှ ရွှေး ချစ်ရမဲ့သူ တွေ့မှာမဟုတ်ဘူးစိတ်ချ"

"ဟွန်း...ယုံချင်စရာကြီး၊ အဲဒီလို လူမျိုးတွေပဲ ယောကျ်ားမြန်မြန်ရတတ်တာ"

"ရွှေးတို့က လုံးဝသန့်သန့်လေး"

ရဲဝံ့စွာ အာမခံနေသော ရွှေးကို မေညို ဘာမှပြန်မပြောဘဲ ခပ်ပြုံးပြုံး ကြည့်နေသည်။ ရွှေးက သိပ်လှသည်။ အရပ်မနိမ့်မမြင့်



www.burmeseclassic.com

www.burmeseclassic.com



အချိုးကျလှန်းသော ခန္ဓာကိုယ်နှင့် ဝင်းနှစ်ဖြူဖွေးနေသော အသားအရေနှင့် တင်ပါးထိအောင် ရှည်လျားသော ဆံပင်များကလည်း ဖြောင့်စင်းကာ တောက်ပနေ၏။ သိပ်လှသည့် ရွှေးကို တစ်နေ့တော့ သိပ်ချစ်ရမည့်လူပေါ်လာမှာကို မေညို သိသည်။

"ဟော့...လူကို ဘာကြည့်နေတာလဲ မေညို"

"ရွှေးက သိပ်လှလို့"

"ဒါပေါ့၊ ကိုယ့်ငါးချဉ်ကိုယ်ချဉ်နေတယ်ဆိုတာ"

"မေညို တကယ်ပြောတာ၊ ဒီလောက်လှတဲ့ ရွှေးမှာ ချစ်တတ်တဲ့ အသည်းနှလုံးလေး ရှိမှာသေချာပါတယ်ကွယ်"

"ရွှေးကိုတော့ ပြောတယ်၊ သိပ်လှတဲ့ မေညိုမှာရော ဘာလို့ အခုချိန်ထိ အချစ်မရှိသေးတာလဲ"

ရွှေးစကားအဆုံးမှာ မေညိုမျက်နှာ တစ်ချက်ပျက်သွား၏။ ပြီးမှ မျက်နှာခပ်နွမ်းနွမ်းနှင့် သက်ပြင်းကျိတ်ချကာ ရွှေးမျက်နှာ လှလှလေးကို ပြုံးကြည့်သည်။

"မေညိုတို့မှာ ချစ်တတ်တဲ့ အသည်းနှလုံးရှိပါတယ် ရွှေးရယ်၊ ဒါပေမဲ့ မေညိုချစ်တဲ့လူက မေညို့အချစ်ကို လုံးဝအသိအမှတ်မပြုဘူးလေ"





"မေညိုရယ်"

ထင်မှတ်မထားဘဲ မေညို့ထံမှ နှလုံးသားစကားကို ကြားလိုက်ရတော့ ရွှေး စိတ်ထိခိုက်သွားသည်။ မေညိုမှာ ဒီလို နှလုံးသားဒဏ်ရာ ရှိနေလိမ့်မည်ဟု လုံးဝမထင်ခဲ့။

"ကြားရတာ စိတ်မကောင်းလိုက်တာ မေညိုရယ်"

"ဘယ်တတ်နိုင်ပါ့မလဲ ရွှေးရယ်၊ ကိုယ့်ကို မချစ်နိုင်တဲ့လူကိုမှ ကိုယ့်နှလုံးသားက နှစ်နှစ်ကာကာ ချစ်သွားမိတာကိုး၊ ကဲပေါ့ ရွှေးရယ်"

"ကဲပါ...မေညို့အကြောင်း ဒီမှာပဲရပ်လိုက်ကြပါစို့၊ လာ.. ဒီမှာ စားစရာရှိတာစား၊ မေညို ထမင်းပွဲပြင်ထားပြီ"

မေညိုက ရွှေးအတွက် ထမင်းပွဲပြင်ပေးရင်း သူငယ်ချင်းနှစ်ယောက် အတူစားကြသည်။

"အားလုံး မေညို့လက်ရာတွေချည်းပဲ စားနော် ရွှေး"

"အများကြီးပဲ မေညိုရယ်"

"ဟင်...ဒါတောင် မေညိုက ဒီလောက်ပဲ ချက်နိုင်လို့၊ ဖြစ်နိုင်ရင် ဒါထက်မက ပိုယူလာချင်တာ"

"ဩော်...ဒါနဲ့ အန်တီတို့၊ ကြီးကြီးတို့ရော နေကောင်း



www.burmeseclassic.com

www.burmeseclassic.com



တယ်မဟုတ်လား ရွှေး''

''ကျွန်းမာရေးကတော့ နှစ်ယောက်စလုံး ခေါင်ခေါင်မြည်ပဲ မေညိုရေ၊ တစ်ခုပဲ''

''ဘာလဲဟင်''

''ရွှေးကို အိမ်ထောင်ပြုစေချင်တာလေ''

''အန်တီက စေတနာနဲ့ နေမှာပါဟယ်''

''မာမို့စေတနာက ရွှေးအတွက် ပူလောင်မယ့်စေတနာကွ''

''ဘာလဲ…ပူလောင်မှာကြောက်ပြီး ကြီးကြီးလို အပျိုကြီးလုပ်ဦးမလို့လား''

''အဲဒါ အကောင်းဆုံးပဲ၊ ဘယ်လောက် ငြိမ်းချမ်းအေးမြလဲ၊ ကိုယ့်ကို တခြားသူမပိုင်ဘူး၊ အားလုံး ကိုယ့်စိတ်ကြိုက်ကိုယ့်သဘောချည်းပဲ''

''အန်တီက ဒါတွေသိလို့ သူ့သမီးကို မြန်မြန်ယောကျ်ားပေးစားချင်တာနေမှာ''

''အမှန်ပဲ မေညိုရေ''

သူငယ်ချင်းနှစ်ယောက် ရယ်ကြသည်။ မေညို ပြန်သွားတော့ ရွှေးတစ်ယောက်တည်း ကျန်ခဲ့သည်။





ခရီးပန်းလာ၍ ရေချိုးလိုက်မှ လူကလန်းသွားသည်။ မေညိုက ရွှေးအတွက် အားလုံးစီစဉ်ပေးထား၍ ဘာတစ်ခုမှ ရွှေးမပူရ။

အိပ်ခန်းပြတင်းပေါက်လေးတွေမှာ ခန်းဆီးလှလှလေးတွေတပ်ထားတာကအစ အားလုံး ရွှေး စိတ်ကြိုက်။ ရွှေး လိုချင်သည့်ပုံစံအပြည့်ဖြစ်၍ နူးညံ့ပျော့ပျောင်းသော အိပ်ရာပေါ် လှဲလျောင်းရင်း မေညို့ကို ကျေးဇူးတင်နေမိသည်။ ခဏဆိုပြီး လှဲလိုက်သောရွှေးမှာ ဘယ်အချိန်အထိ အိပ်ပျော်သွားမှန်းမသိ။

ရွှေးနားထဲ ဆူဆူညံညံ စကားပြောသံတွေကြားမှ အိပ်ပျော်ရာက လန့်နိုးလာပြီး ပတ်ဝန်းကျင်ကို နားစွင့်လိုက်သည်။ ပတ်ဝန်းကျင်က မှောင်နေပြီ။

''ကဲ…တို့သွားပြီဟေ့''

''အိုကေ''

ပထမဆုံး ရွှေးနားထဲ ရောက်လာသည့်အသံက ကျယ်လောင်သော သီချင်းသံ။ နောက်တော့ ယောကျ်ားနှစ်ယောက်၏ အပြန်အလှန် စကားပြောဆိုနှုတ်ဆက်သံ။ ဘယ်သူတွေပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



ရွှေ စဉ်းစားနေစဉ်မှာပဲ သော့ပိတ်ထားသည့် ရွှေနှင့် မျက်နှာချင်းဆိုင်က အခန်းကို ဖျတ်ခနဲ သတိရသွားသည်။

ခရီးအမြဲထွက်နေသည်ဆိုသည့်လူ။

ဆူညံသံများမှာ တစ်ဖက်ခန်းမှ နေမှာပဲဟု တွေးလိုက်တော့ ရွှေမျက်ခုံးလေး တွန့်သွား၏။ မျက်နှာချင်းဆိုင် အခန်းကလူ ခရီးသွားနေရာက ပြန်လာတာပဲဖြစ်မည်။ ရွှေ အတွေးမဆုံးသေးခင်မှာပဲ တစ်ဖက်ခန်းက အခန်းတံခါးပိတ်သံနှင့်အတူ လေချွန်သံကိုပါ ကြားလိုက်ရ၏။

ဒါဆို ရွှေနဲ့ မျက်နှာချင်းဆိုင်အခန်းက လူဟာ ယောကျ်ားတစ်ယောက်ပေါ့။ မေညိုကို ထိုအခန်းမှာ ဘယ်လိုလူငှားနေတယ်ဆိုတာ ရွှေ မမေးလိုက်ရ။ သည်အတိုင်းဆိုလျှင် ပထမထပ်တစ်ခုလုံးမှာ ထိုလူနှင့်ရွှေ နှစ်ယောက်တည်း။

အို…ဘာဖြစ်လဲ။ ကိုယ့်အခန်း ကိုယ်နေတာပဲ။ ဘာမှ ကြောက်စရာမလို။ အရေးကြီးတာက ထိုလူနှင့် မပတ်သက်ဖို့ဖြစ်သည်။

အင်း…ကြည့်ရတာ ထိုလူသည် ရွှေလို အကောင်းအသန့်ကြိုက်သူဖြစ်မည်။ ဒါကြောင့်သာ ဒီလိုနေရာမျိုးရွှေးကာ အခန်းငှား





တာဖြစ်မည်။ ပြောရလျှင် ဒီတိုက်ခန်း၏ လခက တော်ရုံပိုက်ဆံရှိသူပင် မတတ်နိုင်ပါ။ သည်လောက်တတ်နိုင်မှတော့ ထိုလူလည်း သီးသန့်နေထိုင်တတ်သူဖြစ်မည်ဟု ရွှေ ယုံကြည်လိုက်သည်။

ထိုအတွေးဖြင့် ရွှေမျက်ဝန်းလေးများ မှိတ်ကာပြန်အိပ်မည်ပြု…

“ဒုန်း…ဒုန်း”

“ဟင်…ဘာလဲ၊ အို ကက်ဆက်သံပါလား”

ကျယ်လောင်မြူးကြွစွာ ထွက်ပေါ်လာသည့် သီချင်းသံကြောင့် ပြန်အိပ်ရန် စိတ်ကူးနေသော ရွှေ ဘယ်လိုမှ ဆက်အိပ်လို့မရတော့။ အိပ်ရာမှ ဆတ်ခနဲ ထလိုက်သည်။

ပြဿနာပါလား။

တစ်ဖက်ခန်းမှာ လူရှိနေတယ်ဆိုတာ မသိဘူးလား။ ကိုယ့်ကြောင့် တခြားသူ အနှောင့်အယှက် မဖြစ်စေရဘူးဆိုတာ ဒီလူ မသိဘူးလား။ တော်တော် အလိုက်ကန်းဆိုးမသိတဲ့လူပဲ။ ဒီလိုလူနဲ့ ရှေ့ဆက် ဘယ်လိုစခန်းသွားရမှာပါလိမ့်ဟု တွေးရင်း ရွှေ စိတ်ညစ်သွား၏။ တစ်ဖက်ခန်းမှလူက ဖွင့်ထားသော သီချင်းသံနှင့်အပြိုင် သူကပါ လိုက်အော်ဟစ်ဆိုနေလိုက်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



တိတ်ဆိတ်သော ပတ်ဝန်းကျင်က တစ်ခဏချင်း ဆူညံသွား၍ ရွေးမှာ နှုတ်ခမ်းကိုကိုက်လိုက်ရင်း တစ်ဖက်ခန်းက လူထံသို့ သွားရန် တွေ့ရန် စဉ်းစားလိုက်သည်။

ဒါလည်း မဖြစ်သေးပါဘူး။

ကိုယ်က မိန်းကလေး။ ပြီးတော့ ဒီအခန်းမှာ ရွေး တစ်ယောက်တည်းရှိတာ သိသွားလို့ မဖြစ်သေး။ တော်ကြာ အရက် သမားဆိုလျှင် အခက်။ မူးရူးပြီး သူပြောချင်ရာလျှောက်ပြောနေမှ နစ်နာချင်းနစ်နာ ကိုယ်ကမိန်းကလေး။

ထိုအတွေးကြောင့် စိတ်ကိုပြန်လျှော့ပြီး အိပ်ရာပေါ်က ထလိုက်သည်။ ဆူညံသော ကက်ဆက်မှ သီချင်းသံနှင့်အပြိုင် ဟစ်အော်ဆိုနေသည့် တစ်ဖက်ခန်းက သီချင်းသံက တိတ်ဆိတ် သော ဝန်းကျင်အနှံ့ ပေါက်ကွဲသံစဉ်တွေနှင့် လွင့်မျောစီးဆင်းလျက်။

◆ ◆ ◆



## အခန်း (၂)

"ဘယ်လိုလဲ၊ ညက အဆင်ပြေတယ်မဟုတ်လား ရွေး"

မေညို့စကားကြောင့် ရွေး အကြည့်တွေက အခုချိန်ထိ ဘာသံမှ မကြားရသေးသော တစ်ဖက်ခန်းရှိရာသို့ ဖျတ်ခနဲ ရောက် သွား၏။ ညက လူရော ကက်ဆက်ရော အပြိုင်ကျဲချင်တိုင်း ကျဲနေသမျှ ဒီအတိုင်း လက်ပိုက်ပြီး ငြိမ်နေခဲ့ရသည်။

ဟွန်း···ခုကြတော့လည်း ဟိုဘက်အခန်းမှာ တိတ်ဆိတ် နေလိုက်တာ လူမှရှိလားဟု သံသယဖြစ်ချင်စရာ။ ညကတစ်ည လုံး သောင်းကျန်းထားသမျှ မနက်နေမြင့်မှ အိပ်ရာက နိုးမည့်ဟန် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟိုဘက်ခန်းမှာ ဘယ်သူနေတာလဲ မေညို"

"ဘာဖြစ်လို့လဲ"

တစ်ဖက်ခန်းကို မေးဆတ်ပြရင်း ရွှေ မေးတော့ မေညိုက နားမလည်သလို ပြန်မေးသည်။

"ဘာဖြစ်ရမှာလဲ၊ အဲဒီလူပေါ့ ညဥ့်နက်သန်းခေါင်အထိ လူရော ကက်ဆက်ရော အော်ကြီးဟစ်ကျယ်လုပ်ပြီး ရွှေကို နှိပ်စက်ထားတာလေ"

"ဟယ်…ဟုတ်လား၊ အိမ်ရှင်အဘွားပြောတော့ ဒီလူ ခရီးသွားနေတာ ကြာလှပြီတဲ့၊ ဒါဆို ညက ပြန်ရောက်တာဖြစ်မယ်"

"သူပြန်ရောက်တာက အကြောင်းမဟုတ်ဘူး မေညို၊ ဒီအပေါ်မှာ သူနဲ့ရွှေအခန်းပဲရှိတာ၊ ဒီလို အမြဲဆူညံနေမယ်ဆိုရင် ဘယ်လိုလုပ်မလဲ"

"အဘွားပြောတုန်းကတော့ ဒီလူက သူ့ဘာသာအေးဆေးနေတာတဲ့၊ လူကောင်းတစ်ဦးလို့ ပြောတယ်"

"ဟွန်း…လူကောင်းမို့ တော်သေးတယ်၊ လူဆိုးသာဆိုရင် ဒီလိုပုံစံမျိုးနဲ့ ရွှေ အိပ်ရေးပျက်ပြီး သေလိမ့်မယ်သိလား"

ရွှေ စိတ်ပျက်စွာပြောရင်း မှန်ရှေ့မှာ မေညိုနှင့် အပြင်ထွက်ရန် အလှပြင်နေ၏။ မေညိုကတော့ ရွှေပြောသော တစ်ဖက်ခန်းကို စိတ်ဝင်စားနေသည်။

"ခုတော့လည်း တိတ်နေတာပါလား"

"ရှင့်လူက ညက တစ်ညလုံး သောင်းကျန်းထားတာ ဒီအချိန် ဘယ်ထနိုင်ဦးမလဲ"

"ရွှေနော်…ဘာရှင့်လူလဲ၊ ဖြစ်ချင်းဖြစ် အဲဒီလူက ရွှေရဲ့လူပဲ ဖြစ်မယ်၊ နေရတာကိုက အခန်းချင်း မျက်နှာချင်းဆိုင်"

မေညို့စကားကြောင့် ရွှေ ပခုံးတွန့်လိုက်၏။

"တော်စမ်းပါ မေညိုရယ်၊ ရွှေဖြင့် ယောကျ်ားဆိုတဲ့ သတ္တဝါတွေကို စိတ်ကုန်သွားလို့"

"ဒီလို အလိုက်မသိတဲ့ လူမျိုးတွေနဲ့ နောက်ထပ်ဘယ်နေရမှလည်း ထပ်မဆုံချင်ပါဘူး၊ မေညိုပဲ စဉ်းစားကြည့်ဦး၊ လေယာဉ်ပေါ်မှာလည်း ဟိုလူ့ဗွစာနဲ့ ရန်ဖြစ်ရတယ်၊ ခုလည်း အခန်းချင်းကပ်လျက် နေရတဲ့လူက အလိုက်ကန်းဆိုးမသိတဲ့ ယောကျ်ားမျိုးဖြစ်နေတာ ဘယ်လောက်စိတ်ညစ်စရာကောင်းလဲ"

တကယ်လည်း ရွှေ စိတ်ညစ်ပါသည်။ ရွှေ နေချင်တာက ဒီလိုပုံစံမျိုးမဟုတ်။ စိတ်ရှုပ်သည်။







www.burmeseclassic.com

www.burmeseclassic.com



"ကဲ...အားလုံးပြီးပြီ၊ သွားကြစို့ မေညို"

"အိုကေ"

ရွှေ အခန်းတံခါးသော့ပိတ်နေစဉ် စပ်စုသော မေညိုက တစ်ဖက်အခန်းရှေ့ သွားရပ်၍ အထဲက ဘာသံကြားမလဲဟု နားစွင့်သည်။

"အခုတော့လည်း အိပ်နေလိုက်တာ၊ ကာလနဂါးကျနေတာပဲ"

မေညို့အပြောကြောင့် ရွှေ တစ်စုံတစ်ခုကို အကြံရသွားသည်။

"ဒီမှာ ခဏစောင့်နေဦး မေညို"

အခန်းသော့ ပြန်ဖွင့်လိုက်ပြီး ရွှေ အထဲသို့ ခပ်သွက်သွက် ဝင်သွား၏။ အခန်းထဲရောက်တာနှင့် ကက်ဆက်ထဲ အခွေတစ်ခွေ ထည့်ကာ အသံကို အစွမ်းကုန်ကျယ်လိုက်ပြီး အမြန်ပြန်ထွက်ခဲ့သည်။

"လာ...မေညို သွားကြမယ်"

သော့ပိတ်ပြီးတာနှင့် မေညို့လက်ကို ဆွဲကာ ပြေးဆင်းခဲ့သည်။ မေညို့ကား လမ်းပေါ်ရောက်ချိန်မှာတော့ လူမရှိသော





ရွှေ့အခန်းမှ ကက်ဆက်သံက တစ်လမ်းလုံး လွှမ်းမိုးမတတ်။

"ဘာလဲ...ဒါ ဟိုလူ့ကို လက်စားချေတာလား ရွှေ"

"ဒါပဲလေ၊ ဒါမှ ရွှေ ခံစားရသလို သူလည်း ပြန်ခံစားရမှာ၊ ဟွန်း ခုချိန်ဆို ဟိုလူ အိပ်ရာက ခုန်ထလောက်ပြီး ဘယ်လောက်များ ဒေါပွနေမလဲမသိဘူး၊ အဟင်း...ဟင်း"

ရွှေ ကျေနပ်စွာပြောရင်း ရယ်လိုက်၏။

"ဒါမှ ရွှေ ဘယ်လိုခံစားရတယ်ဆိုတာ ကိုယ်ချင်းစာတတ်သွားမှာပေါ့ မေညိုရဲ့"

"အဲဒီလိုဖြစ်ပါစေလို့ပဲ ဆုတောင်းပါတယ်"

"ဒါမှ ကိုယ်ချင်းစာတရားဆိုတာ ဘယ်လိုလဲဆိုတာ သူသိသွားရင် နောက်ဆို သူ့ဘာသာ ဆင်ခြင်သွားမှာ"

"ရွှေ ထင်သလို ဖြစ်မလာရင်ရော"

မေညို့အမေးစကားကို ရွှေ မဖြေတတ်၍ ပခုံးတွန့်ပြလိုက်၏။

"ဒီလိုလုပ်ပါလား ရွှေရဲ့၊ နောက်ကို ညဉ့်နက်သန်းခေါင် ကက်ဆက်အကျယ်ကြီး မဖွင့်ဖို့ လူချင်းတွေ့ပြီး ပြောလိုက်ရင်ရော"

"အို...ဒီလိုပြောမှ သိမယ့်လူစားမျိုးဆို အစကတည်းက



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကြောင့် ပတ်ဝန်းကျင် အနှောင့်အယှက် မဖြစ်အောင်နေမှပေါ့ မေညိုရယ်"

"ရွှေးကတော့ ပြောနေတာထက် လက်တွေ့တုန့်ပြန်လိုက်တာ အကောင်းဆုံးလို့ ယူဆတယ်"

"ဒီအတိုင်းဆို ရှင်နဲ့ အဲဒီလူ လွယ်မယ်မထင်ဘူး၊ တော်ကြာ သူကလည်း ရှင့်လိုခေါင်းမာပြီး လက်တုံ့ပြန်တတ်သူ ဖြစ်နေရင် ဘယ်လိုလုပ်မလဲ"

"အို…ဘာဖြစ်ဖြစ် ရွှေးဘက်ကတော့ အဲဒီလိုလူမျိုးကို လုံးဝအလျှော့ပေးမှာ မဟုတ်ဘူး"

"ကိုယ်က မိန်းကလေးနော် ရွှေး၊ တော်ကြာ"

"မေညိုတို့ ပြောလိုက်ရင် ဒါပဲ၊ ကိုယ်က မိန်းကလေးဖြစ်ရတာနဲ့ပဲ ယောကျ်ားတွေ လူပါးဝသမျှ ရွှေးတို့မိန်းမသားတွေက ခေါင်းငုံ့ခံနေရမှာလား"

မခံချင်စိတ်နှင့် မေညို့ကို ပြန်ပြောရင်း ရေရှည်မှာ ဒီလို အလိုက်မသိတဲ့ လူမျိုးနဲ့ ဆက်နေဖို့ ဖြစ်မှဖြစ်ပါ့မလားဟုလည်း တွေးမိ၏။

"မေညို ပြောတာက အဲဒီလိုမဟုတ်ပါဘူး ရွှေးရယ်"





"ဒါဆို ရွှေးကို ဘာမှမပြောနဲ့တော့"

ရွှေးတို့ သူငယ်ချင်းနှစ်ယောက် စကားပြောနေချိန်မှာ နှစ်ခြိုက်စွာ အိပ်ပျော်နေသော ဒေဝါတစ်ယောက် ဖျတ်ခနဲ မျက်လုံးပွင့်သွားသလို လူကလည်း သူ့အလိုလို ငုတ်တုတ်ထထိုင်မိလျက်သား ဖြစ်သွား၏။

အား…ဆူညံလိုက်တာ။

ဒါ ဘယ်က ကက်ဆက်သံလဲ။ ဖွင့်ထားတာ တစ်ရပ်ကွက်လုံး လွှမ်းမိုးမတတ်…တောက်။

ဒေဝါ ဒေါသဖြင့် အိပ်ရာပေါ်က ဆင်းကာ အသံလာရာ ရေပ်ကို မျက်ခုံးထူထူများ ကျုံ့ကာ စဉ်းစားလိုက်၏။ ကမ္ဘာပျက်မတတ် ဆူညံနေသံက ဒေဝါနားလာပြီး ပေါက်ကွဲနေသလို တကယ့်ကို နီးနီးကပ်ကပ်။ ဒေဝါက သူ့အခန်းတံခါးကို ဝုန်းခနဲ ဖွင့်လိုက်သည်။

ဒါ…တစ်ဖက်ခန်းက အသံပဲ။

သိကြသေးတာပေါ့ကွာ။ ဒီလောက် နားကွဲမတတ်ဖွင့်တာ ဘယ်ကောင်လဲဆိုတာ။ ဒေါသနှင့် ဝုန်းဒိုင်းကြဲကာ တစ်ဖက်ခန်း ရှေ့မှာရပ်ပြီး လူခေါ်ဘဲလ်ကို အဆက်မပြတ် နှိပ်ပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အေးချမ်းတိတ်ဆိတ်စွာ နေချင်လို့ ဒီအခန်းကို ဈေးကြီးပေးကာ စိတ်ကြိုက်ငှားထားခြင်းဖြစ်၏။ ဒီအနားတစ်ဝိုက်မှာ ဆူညံမည့်လူ မရှိ။

အခု ဒေဝါကို ပြဿနာရှာမည့်သူ ပေါ်လာပြီ။ ဒီကောင် ဘယ်သူလဲ။ ဘဲလ်နှိပ်ပေမယ့် ဘယ်သူမှ တံခါးလာမဖွင့်။ အခန်းကို သော့ပိတ်ထားတာ အခုမှ မြင်သည်။ ဒါက ဘယ်လိုဖြစ်တာလဲ။ သော့ပိတ်ထားလျက်နဲ့ အထဲမှ ကက်ဆက်သံက ဘယ်လို ထွက်လာပါလိမ့်။

ကြည့်ရတာ ကက်ဆက်ဖွင့်ထားပြီး လူ အပြင်ထွက်သွားပုံရသည်။ သည်လူ အတော်ပေါ့ဆတာပဲ။ အပြင်ထွက်သွားတာကို ကက်ဆက်ပိတ်ဖို့ မေ့သွားခြင်းဖြစ်သည်။

"ကျွတ်"

ဒေဝါနှုတ်ဖျားက မကျေမနပ် အသံထွက်သွားသလို မျက်နှာကလည်း မကြည်။ တစ်ဖက်ခန်းကလူ ပေါ့ဆတာအရေး မကြီး။ ဒေဝါ ဘယ်လိုမှ ဆက်အိပ်လို့မရတော့။ မိုးကုတ်ကို ဒေဝါ့အဘွား လှမ်းခေါ်၍ ကမန်းကတန်း မိုးကုတ်ကို ဒေဝါ ပြန်သွားခဲ့ရသည်။ ဒေဝါ ရောက်ပြီးမှ အဘွားက နေမကောင်းဖြစ်





တော့ ဒေဝါ ဘယ်မှမသွားဖြစ်တော့။ နေ့ရောညပါ အဘွားနားမှာ လူနာစောင့်ပေးခဲ့ရ၍ အိပ်ရေးဆက်တိုက်ပျက်ခဲ့၏။

အဘွားက နေကောင်းတော့ သူ့ကျန်းမာရေးကို စိတ်မချ။ အတွေးတစ်မျိုးနှင့် ဒေဝါကို မိန်းမပေးစားဖို့ အမြန်ဆုံး စီစဉ်သည်။

"အဘွားမှာ ချစ်စရာဆိုလို့ မြေးလေးတစ်ယောက်တည်း ရှိတာ မင်းအသိနော် ဒေဝါ၊ အဘွား မင်းကို ဘယ်လောက်အလိုလိုက်ထားလဲ၊ အားလုံး မင်းစိတ်တိုင်းကျ မင်းသဘောချည်းဖြစ်ခဲ့တာ၊ ဒီတစ်ခါတော့ ဘွားမြေးလေးကို ဘွားစိတ်တိုင်းကျ မိန်းကလေးနဲ့ အိမ်ထောင်ချပေးမယ်"

"ဘွား သက်ရှိထင်ရှားရှိနေတုန်း ပတ္တမြားစံအိမ်အတွက် အမွေဆက်ခံဖို့ မြေး မိန်းမယူရမယ် ဒါပဲ"

"ဟောဗျာ…ဘွားကလည်း သားမှ မိန်းမမလိုချင်သေးတာ၊ နောက်မှပဲ"

"ဘာနောက်မှပဲလဲ၊ တစ်လောကလုံး ပြေးကြည့်မှ ဒီမြေးနဲ့အဘွားပဲရှိတာကွဲ၊ ဆွေမျိုးသားချင်းဆိုတာကလည်း မရှိသလောက်ပဲ၊ ဒီလိုအခြေအနေမှာ မင်းက ပတ္တမြားမျိုးဆက်တုံးအောင် လုပ်ဦးမလို့လား"



www.burmeseclassic.com

www.burmeseclassic.com



ကားသော့ယူပြီး အပြင်ထွက်ခဲ့သည်။

မျက်နှာချင်းဆိုင် အခန်းကလူတော့ အပြန်မှတွေ့မယ်ဟု စိတ်ထဲက ကြိမ်းဝါးလိုက်၏။

"ဂူး"

"ဟဲ့…ဟဲ့ ရွှေး"

"အို…အမေ့"

အဖြစ်အပျက် မြန်ဆန်လွန်း၍ ရွှေးမျက်လုံးထဲ ပြာခနဲ ဖြစ်သွား၏။ ကွန်ပျူတာသင်တန်းအဆင်း မေညိုနှင့်အတူ လျှောက်လာခိုက် မမျှော်လင့်ဘဲ ကားတစ်စီး အရှိန်ဖြင့် ရွှေးနားမှ ဖြတ်ကျော်အသွား ရွှေးကို တိုက်မိမလိုဖြစ်သွား၍ မေညိုက ရွှေးကိုယ်လေးကို အမြန်ဆွဲချလိုက်ခြင်းဖြစ်သည်။

"ကံကောင်းလို့ ရွှေးရယ်၊ ရှင့်ကို တိုက်မိတော့မလို့ သိလား"

မေညိုပြောမှ သတိဝင်ကာ ပတ်ဝန်းကျင်ကို ကြည့်မိတော့ ရွှေးနှင့် တိုက်မိမလိုဖြစ်သော ကားက ခပ်လှမ်းလှမ်းသို့ ရောက်နေပြီဖြစ်သည်။

"မိုက်ရိုင်းလိုက်တာ မေညိုရယ်၊ လူတစ်ယောက်အသက်





ကို ဖက်ရွက်လေး မှတ်နေလားမသိဘူး"

ဒေါသမျက်ဝန်းများနှင့် မကျေမနပ် စကားဆိုနေစဉ်မှာပဲ ရွှေးနှင့် တိုက်မိမလိုဖြစ်သွားသည့် ကားက ပြန်ကွေ့လာတာ မြင်လိုက်ရ၍ ရွှေးနှင့်မေညို တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့်လိုက်မိ၏။

ကားက အနီရောင်ပြိုင်ကား။ ကွိုးခနဲ ရွှေးတို့နားကို ထိုးရပ်ပြီး ကားပေါ်က မြင့်မားထွားကျိုင်းသော လူတစ်ယောက် ဆင်းလာ၏။ ပုံစံက ရုပ်ရှင်ထဲက လူဆိုးပုံစံ။ မျက်မှန်အမည်းတပ်ထားတော့ ပိုဆိုးသည်။ ရွှေးတို့အနီး ရောက်လာမှ မျက်မှန်အမည်းကို ဖတ်ခနဲချွတ်ကာ…

"ဘာဖြစ်သွားသေးလဲ"

ပီသကြည်မြသော အသံနှင့် အနီးကပ်မြင်ရသော မျက်နှာကိုမြင်မှ ထိုမျက်နှာပိုင်ရှင်ကို ရွှေး ချက်ချင်းမှတ်မိသွားသလို မေညို့ထံမှလည်း အသံတိုးတိုးထွက်လာ၏။

"ဒေဝါ"

"ဩော်…ဘယ်သူများလဲလို့ ရှင်ကိုး၊ ဘာလဲ ရှင်က လေယာဉ်ပေါ်မှာ ပြဿနာဖြစ်တာ မကျေနပ်သေးလို့ ဒီအသိ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြဿနာ ရှာနေတာလား''

''ဟင်..မင်း''

''ဟုတ်တယ်...ကျွန်မပဲ''

ဒေဝါကလည်း အခုမှ ရွှေးကို မှတ်မိသွားကာ မျက်ခုံး ထူထူနှစ်ဖက် ဆတ်ခနဲ တွန့်သွား၏။ တစ်ဖက်မိန်းမလှလေးက ဒေဝါ့မျက်နှာကို ခပ်မိုက်မိုက်ကြည့်နေပုံက လှသည်။ သူငယ်ချင်း နှင့် ချိန်းထားတာ နောက်ကျ၍ ကားကို အရှိန်မြင့်မောင်းလာခဲ့ရာမှ ရွှေးတို့ကို သတိမပြုမိ ဝင်တိုက်မိတော့မလို ဖြစ်သွားခြင်းဖြစ်သည်။ ဖြစ်ချင်တော့ သူ့ကားနှင့် ဝင်တိုက်မိမလို ဖြစ်သူက လေယာဉ်ပေါ် မှာ ဒေဝါနှင့် ပြဿနာဖြစ်ခဲ့သည့် မိန်းမချော။ လှသလောက် စွာသည်။ စွာသလောက်လည်း ချစ်စရာကောင်းသည်။ အထူးသဖြင့် ဒေါသဖြစ်နေတာကို သဘောကျ၍ သူမဒေါသဖြစ်အောင် ပြော တာကိုပဲ ကျေနပ်နေ၏။

''ပြဿနာရှာနေတာက ကိုယ်မဟုတ်ဘူး၊ မင်း''

''ဘာရှင့်''

''အခုဖြစ်တာက မတော်တဆပဲ၊ ဒါကို မင်းက''

''ဘာမတော်တဆလဲ၊ လူတစ်ယောက်လုံး သေသွားနိုင်



တယ် သိလား''

''အခု မင်း မသေသေးဘူး မဟုတ်လား''

''ဟင်''

ကြည့်စမ်း။ ဒီလူ ရှပ်ရည်နဲ့မလိုက်အောင် မိုက်ရိုင်းလိုက် တာ။ သူဖြစ်ခဲ့တဲ့ ပြဿနာကို သူက မတောင်းပန်သည့်အပြင် ရွှေးကို စော်စော်ကားကား ပြန်မေးနေလိုက်သေး၏။ လှပသော ရွှေးမျက်နှာတစ်ခုလုံး ဒေါသကြောင့် ရဲရဲနီသွားသလို သူမမျက်စိ ရှေ့က လူကိုလည်း ခံပြင်းစွာ စူးစိုက်ကြည့်ရင်း...

''ရှင့်လောက် မိုက်ရိုင်းတဲ့လူ တစ်ခါမှ မတွေ့ဖူးဘူးသိ လား၊ ကျွန်မသာ သေကြည့်ပါလား ရှင် တစ်ခါတည်း ကြိုးစင် တက်ရပြီသာမှတ်''

ဒေဝါ ဆတ်ခနဲပခုံးတွန့်လိုက်ကာ ရွှေးကို မထီတရီကြည့် ၏။

''ဒီမှာ မင်းသိထားဖို့က ကျုပ်လိုကောင်မျိုးက လုပ်ရဲရင် ခံရဲပြီးသားဗျ၊ ဘယ်အရာကိုမှ ကြောက်လိမ့်မယ်မထင်နဲ့''

''ခုလည်း မင်း ဘာဖြစ်သွားလဲ ပြန်ကြည့်တာ၊ ဘာမှ မဖြစ်ဘူးဆိုတော့ ကျုပ် တာဝန်ကျေပြီ၊ ကဲ ကျုပ်သွားမယ်''





www.burmeseclassic.com

www.burmeseclassic.com



မျက်မှန်ကို ပြန်တပ်လျက် ချက်ချင်း ကားကို ဝေါခဲ့ ပြန်မောင်းထွက်သွားပုံက ခပ်ကြမ်းကြမ်း။ ဒေဝါ့အပြုအမူစကားများကြောင့် ဒေါသဖြစ် ကျန်ခဲ့သူမှာ ရွှေးဖြစ်သည်။

"ဟင်…သင်း သိပ်လူပါးဝတယ် မေညို"

ဖြစ်နိုင်လျှင် သူ့ကို ရွှေးကိုယ်တိုင် ထုရိုက်အပြစ်ပေးချင်၏။ ရွှေးတစ်သက်မှာ ယောကျ်ားတစ်ယောက်ကို ဒီလို အရှုံးပေးလိုက်ရတာ ဒါပထမဆုံးဖြစ်သည်။ ရွှေးစိတ်ထဲမှာ ဒေဝါဆိုသည့်လူကို လုံးဝမကျေနပ်။ တစ်ခုခုလက်တုံ့ပြန်ချင်သည်။

"စိတ်ကိုလျှော့ပါ ရွှေးရယ်၊ မေညိုတော့ တကယ်အံ့ဩတယ်၊ ဒေဝါနဲ့မှ တိုက်တိုက်ဆိုင်ဆိုင် လာတွေ့ရတယ်လို့"

မေညိုမှာလည်း တိုက်ဆိုင်လွန်းသော အဖြစ်အပျက်များကို အံ့ဩကာ ဒေဝါနှင့်ရွှေး အခြေအတင်ဖြစ်နေတာကို ဒီအတိုင်း ကြည့်နေလိုက်မိ၏။

"ဘယ်ဘဝအကျိုးပေးကြောင့်များ ဒီလူနဲ့မှ လာဆုံရတယ် မသိပါဘူး မေညိုရယ်"

ရွှေးအပြောကြောင့် မေညို ပြုံးလိုက်၏။

"ဒါ တော်ရုံအကျိုးပေးမဟုတ်ဘူး ရွှေး၊ ရှင်တို့





နှစ်ယောက် တကယ့်ကို ရေးဘဝက ရေစက်ပါလို့ဖြစ်မယ်"

"သွားစမ်းပါ၊ ဘာရေစက်လဲ၊ ဒီလူ့မျက်နှာ တစ်ခါမြင်တိုင်း ရွှေးရင်ထဲ မီးလိုပူလွန်းလို့၊ ဒါမျိုး ရေစက်များတော့ ဝေးဝေး ကရှောင်တယ်သိလား ဟွန်း"

ရွှေး ပြောရင်း ဒေဝါ့မျက်နှာကို မြင်ယောင်လာ၏။ နဂိုကမှ ယောကျ်ားဆို ကြည့်မရတဲ့အထဲ ဒေဝါလူမျိုးနဲ့က တွေ့ရတာ ရွှေး ကံဆိုး၍ပဲဖြစ်မည်။

"အေးပါ…ရွှေးကသာ ဒေဝါကိုမုန်းနေတာ၊ ရွှေးနေရာမှာ တခြားသူတစ်ယောက်ဆိုရင် အခုချိန်ဆို ဇာတ်လမ်းဖြစ်နေလောက်ပြီ"

"ဒီလူ့မိုက်ရိုင်းအကြောင်း ထပ်မပြောစမ်းပါနဲ့ မေညိုရယ်"

ရွှေးပုံစံက ဒေဝါကို တကယ်ရွံ့မုန်းတီးနေဟန်မို့ မေညို ဆက်မပြောတော့ပါ။

"ကဲပါ…ရွှေး မကြိုက်ရင်လည်း မပြောတော့ပါဘူး၊ တော်ကြာ အဲဒီလိုလူမျိုးတွေပဲ မတည့်အတူနေ ဖြစ်တတ်တာနော်"

"မေညို ပြောရင်းက ပိုဆိုးလာပြီ၊ ဘာကိစ္စ ရွှေးက



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုလူနဲ့ အတူနေရမှာလဲ''

''ဪကွယ်…မေညို့က ဖြစ်တတ်တာလေးတွေ ပြောပြတာပါဟယ်၊ စိတ်မဆိုးပါနဲ့၊ လာ သွားမယ်''

မေညို့က ရွှေးလက်လေးကို ဆွဲပြီး ကားရပ်ထားရာဆီသို့ နှစ်ယောက်အတူ လျှောက်ခဲ့ကြ၏။ ကားပေါ်ရောက်တော့ မေညို့က တစ်စုံတစ်ခုကို သတိရသွားဟန်ဖြင့် ရွှေးဘက်သို့ လှည့်ကြည့်ပြီး…

''ရွှေး''

''ဟင်''

''ယူ ဒယ်ဒီ့ကို သွားမတွေ့ဘူးလား''

''အိုး…ဘာကိစ္စ ရွှေးက သူ့ကို သွားတွေ့ရမှာလဲ''

''မဟုတ်ဘူးလေ၊ ရွှေးမာမီက အဲဒီအိမ်အတွက် ပစ္စည်းတွေ ပေးနိုင်းလိုက်သေးတယ် မဟုတ်လား''

''မာမီကျေနပ်အောင် ခေါင်းညိတ်ခဲ့တာ၊ ပစ္စည်းထုပ် လမ်းမှာပျောက်သွားပြီလို့ မာမီ့ဆီ ဖုန်းဆက်ပြီးပြီ''

''ရွှေးကတော့ လုပ်ပြီ''

မေညို့ ဘာမှဆက်မပြောနိုင်ဘဲ ရွှေးကို သဘောကျစွာ





ရယ်မောရင်း ကားကို မောင်းထွက်ခဲ့သည်။

''အလကား ယောကျ်ားတွေ''

ရွှေးထံမှ မကျေမနပ် ရေရွတ်သံကြောင့် မေညို့ပြုံးတော့ ရွှေး မျက်စောင်းထိုးလိုက်သည်။

''မေညို့က ရွှေးကို ဘာပြုံးတာလဲ''

''ရွှေးကို သဘောကျလို့''

''ကဲ…ပြောပါဦး၊ ရွှေး သဘောကျမယ့် ယောကျ်ားက ဘယ်လိုပုံစံလဲ''

''ဘယ်လိုပုံစံမှ မဟုတ်ဘူး''

''ဟယ်…ခစ်…ခစ်''

''ကဲပါ အဲဒိတွေပြောမနေနဲ့၊ လိုအပ်တာတွေ ဝယ်ရအောင် City Mart လိုက်ပို့''

''ကောင်းပါပြီရှင်၊ မမဘုရား သဘောအတိုင်းပါ''

မေညို့ ဆက်မပြောတော့ဘဲ ကားကို City Mart ဘက်သို့ ဦးတည်လိုက်၏။ City Mart ရောက်တော့ နှစ်ယောက်သား လိုအပ်တာတွေ ဝယ်သည်။

''ကြည့်လည်းလုပ်ဦးနော် ရွှေး၊ ရှင်ဝယ်တာတွေက



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်ဟာစ်စုစာ ဖြစ်နေပြီ''

''ထင်လို့ပါဟယ်၊ ရွှေး ဝယ်တာက လိုတာလေးတွေ ပါ''

''မေညိုတော့ ဒီလို အချက်အပြုတ်တော့ လုံးဝစိတ်မဝင် စားဘူး''

တကယ်လည်း မေညိုက မီးဖိုချောင်ကိစ္စ လုံးဝစိတ်မဝင် စား။ လှည့်မကြည့်ဖူး။ မေညိုတို့မှာ မောင်နှမများ၍ လှည့်ကြည့် စရာလည်းမလို။ အစ်ကိုတွေ၊ အစ်မတွေက မေညို့ကို အလိုလိုက် ကြသည်။ ဈေးဝယ်ပြီးတာနှင့် ရွှေးတို့အိမ်ပြန်ကြတော့ တစ်ဖက် ခန်းက သော့ခတ်ထား၏။

''ဟိုလူ အပြင်ထွက်သွားပြီထင်တယ် ရွှေးရေ၊ အခန်း သော့ခတ်ထားတယ်''

မေညိုက တစ်ဖက်ခန်းကို စိတ်ဝင်စားနေပေမယ့် ရွှေးက စိတ်မဝင်စား။ သူမအခန်းတံခါးဖွင့်ပြီး ပစ္စည်းတွေကို သူ့နေရာနှင့် သူ နေရာတကျ ချနေ၏။

''ဟား···အခုတော့လည်း အားလုံး တိတ်ဆိတ်အေးချမ်း လို့ပါလား ရွှေးရဲ့''





''အခုတော့ ဟုတ်မှာပေါ့၊ တစ်နေ့လုံး နားအေးပါးအေးနေ ရလို့ ဝမ်းသာမနေနိုင်ပါဘူး၊ ညကြမှ ဘာထသောင်းကျန်းဦးမယ် မသိဘူး''

''ဟိုဘက်ခန်းက လူကို ပြောတာလား ရွှေး''

''အဲဒီလူအပြင် တခြားဘယ်သူရှိသေးလို့လဲ မေညိုရဲ့''

''ဒေဝါ ရှိသေးတယ်လေ''

''မေညိုနော်''

''ဒီလူနဲ့ မဆုံချင်ပါဘူးဆိုမှ လာတွေ့နေတယ်''

''အဲဒါပြောတာပေါ့ ရွှေးရဲ့၊ ကံတရားဆိုတာ သိပ် ဆန်းကြယ်တာမျိုး''

မေညို့အပြောကြောင့် ရွှေးမျက်နှာလေး ဘည်ခနဲဖြစ်သွား ၏။

''အဲဒီကံမျိုးတော့ ရွှေး မလိုချင်ပါဘူး''

''သြော်···ရွှေးရယ်၊ ကံတရားဆိုတာ ကိုယ်ဖြစ်ချင်တိုင်း ဘယ်ဖြစ်နိုင်မှာလဲကွယ်''

''ဒီလူနဲ့ဆုံဖို့ ကံပါလာရင် ပါလာမှာပေါ့''

''မောရတဲ့အထဲ ဒေါသဖြစ်စရာတွေ ထပ်ပြောမနေစမ်းပါ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ မေညိုရယ်''

''ဒါဆိုလည်း ရွှေ အမောပြေအောင် ညိုကပဲ အအေးဗူး ဖောက်ပါ့မယ် ဟုတ်လား''

မေညိုက ရွှေးတို့ဝယ်လာသော အအေးဗူးကို ကိုယ်တိုင် ဖောက်လိုက်သည်။ အနားယူပြီး ရွှေးက မေညို့အကြိုက် ထမင်း ဟင်းချက်ကျွေးသည်။ ပြီးတော့ ဟိုတုန်းကအကြောင်းတွေ ပြောပြီး စိတ်လွတ်ကိုယ်လွတ် ရယ်ကြသည်။ မေညိုက သူ့အိမ်ကမုန်းဆက် မှ ပြန်သွားၡ၏။

ရွှေးလည်း ပင်ပန်းလာသမျှ အနားယူရင်း ရှေ့ဆက်ရမည့် အစီအစဉ်များကို တွေးနေ၏။

◆ ◆ ◆



## အခန်း (၃)

''ကျွီး''

''ဝုန်း''

ကားရပ်သံ၊ ကားတံခါးဖွင့်သံ၊ ပိတ်သံနှင့်အတူ ခြံကား ??ိလေးပေါ်က ဆင်းလာသူက ဒေဝါ။

ခန့်ညားချောမောသော မျက်နှာက ခပ်တည်တည်။ အလို မကျခြင်းတွေကြောင့် ဒေဝါ့မျက်ခုံးတွေက တွန့်လျက်။

''ဘာဖြစ်တာလဲ ဒေဝါ''

''ပြဿနာဖြစ်လာတာ''

''ဘယ်သူနဲ့လဲ''



www.burmeseclassic.com

www.burmeseclassic.com



ကသစ်က စိတ်ဝင်စားစွာ မေး၏။

"လေယာဉ်ပေါ်မှာ တွေ့ခဲ့တဲ့ အမျိုးသမီးနဲ့"

ဒေဝါ့လေသံက ခပ်ဆတ်ဆတ်။ မဖြေချင့်ဖြေချင်။ ဒါ ဒေဝါ့စတိုင်မို့ ကသစ်က ပြုံးသည်။

"မင်းပြောတော့ တော်တော်ချောတယ်ဆို"

"လှသလောက် စွာတယ်ကွ၊ သူ့ပုံစံကြည့်ရတာကိုက ဘယ်ယောကျ်ားကိုမှ အထင်မကြီးတဲ့ပုံစံ"

"မင်းလိုပေါ့"

"ဘာမှမဆိုင်ဘူး"

ကသစ်က ဒေဝါနှင့် ပြိုင်မငြင်းဘဲ အကြောင်းသိချင်းမို့ ပြုံးနေ၏။ ဒေဝါဆိုသည့်ကောင်ကလည်း မိန်းမဆို ဘယ်မိန်းမကိုမှ ကြည့်ရသူမဟုတ်။ ဒါကြောင့်လည်း ရုပ်ချောချော၊ ဂျစ်ကန်ကန် အမူအရာနှင့် ရည်းစားဆို မူးလို့တောင် ရှုစရာမရှိသည့်လူမျိုး။

မဟုတ်မခံစိတ်ဆိုတော့ ပိုဆိုးသည်။

"ဘယ်လိုဖြစ်တာလဲ"

ဒေဝါက ဖြစ်သမျှ ကသစ်ကို ပြောပြသည်။

"ဖူးစာဆိုတာ ဒါလားမှမသိတာ"





ကသစ် စကားအဆုံးမှာ ဒေဝါ့မျက်နှာ တင်းသွားလျက် ခေါင်းခါလိုက်၏။

"အဲဒီလိုဖူးစာမျိုးတော့ နိုးပဲ၊ တစ်ခွန်းမခံ ပြန်ပြောနေတဲ့ မိန်းမကွ၊ မင်း မကြားဖူးဘူးလား၊ မယားနေစ ကြောင်သေမှတဲ့"

"ဘာလဲ မင်းလိုချင်တာ အဲဒီလိုမိန်းမမျိုးလား"

"အေး"

ကသစ် အမေးစကားကို တမင်ခေါင်းညိတ်ပြရင်း ဒေဝါ့ မျက်ဝန်းထဲမှာ လှပသောမျက်နှာလေး ဖျတ်ခနဲရောက်လာ၏။ လှပ ပိုင်းစက်သော မျက်ဝန်းလေးထဲမှာ ရှိနေသည့် အကြည့်တွေက ဒေဝါ့အပေါ် မုန်းတီးသော အကြည့်။ မကျေနပ်သော အကြည့်။

ဘယ်ဘဝက ရေစက်မှန်းမသိ သူမနဲ့ချည်း ပြဿနာဖြစ် နေရတာ နှစ်ကြိမ်တိတိ။

"မင်းတို့နှစ်ယောက် ဒီလောက်တိုက်ဆိုင်တာ ထူးဆန်း တယ်"

ကသစ်ထံမှ မှတ်ချက်ချသံကို ဒေဝါ မသိသလို ဟန်ဆောင်နေလိုက်သည်။ နောက်တစ်ကြိမ် တိုက်ဆိုင်ဖို့ဆိုတာတော့ ထပ်မဖြစ်နိုင်ဟု ဒေဝါ ယုံကြည်သည်။ ဒီကြားထဲကမှ သုံးကြိမ်



www.burmeseclassic.com

www.burmeseclassic.com



သုံးခါ တိုက်ဆိုင်လာလျှင်တော့ ကသစ်ပြောသလို ထူးဆန်းလို့ပဲ ဖြစ်ရမည်။

"အဲဒါတွေ ထားလိုက်စမ်းပါ၊ အခု ဒီကို ငှက်ကြီးတို့ လာမှာလား"

"လာမယ်၊ ဒါပေမဲ့ ထုံးစံအတိုင်း နောက်ကျမှရောက်လာမှာ"

"ဘာလဲ၊ ငှက်ကြီးမှာ အတွဲရနေပြီလား"

"အေး"

"ဟ…ငါလည်း ဘာမှမသိလိုက်ရပါလား"

"အခုသိပြီမဟုတ်လား၊ မင်းက မင်းအတွား မိန်းမပေးစားတာ မယူချင်လို့ စိတ်ညစ်နေ၊ ငှက်ကြီးက မိန်းမယူချင်လွန်းလို့ ပျာယာခတ်နေတာကွ၊ မင်းတို့နှစ်ယောက် နေရာချင်းလဲဖို့ကောင်းတယ်"

"အိမ်ထောင်ပြုတယ်ဆိုတာ ထောင်ကျတာပဲကွ၊ လွတ်လပ်မှုတွေအားလုံး ဆုံးရှုံးသွားတာ"

ဒေဝါ စိတ်ပျက်သလို ညည်းတာကို ကသစ်က ပြုံးသည်။

"ဒီလိုပဲ ဖြစ်သွားကြတာပဲကွာ"

ဖိုးမိုး၊ ၈၁၁၆ပ



"ဘာဖြစ်သွားကြတာလဲကွ"

ပြောပြောဆိုဆို ရောက်လာသူက ငှက်ကြီး။ ဘီယာဗူးတွေကို အိတ်နဲ့တစ်လုံးအပြည့် ထည့်ဆွဲလာရင်း ဒေဝါတို့စကားဝိုင်းထဲ ရောက်လာ၏။

"ကားသံမကြားဘဲ မင်းက ဘယ်လိုရောက်လာတာလဲ ငှက်ကြီး"

"ဒယ်ဒီ့ကားနဲ့ လိုက်လာတာကွ၊ ငါ့ကားပျက်နေလို့၊ ခုနက ဘာဖြစ်တာလဲ"

"ဒေဝါကွ၊ လေယာဉ်ပေါ်က သူ့မချောနဲ့ ထပ်ဆုံလာလို့"

"ဟ…ဒါမှ ဖူးစာကွ"

"ငါလည်း အဲဒါပြောနေတာ"

"တွေ့တိုင်း ကွိုင်နေတာကွ"

"မင်း မကြားဖူးဘူးလား ချစ်ခြင်းအစ မုန်းခြင်းကတဲ့"

ငှက်ကြီးအပြောကြောင့် ဒေဝါ့မျက်နှာ ပိုတင်းသွား၏။

"သွားစမ်းပါ"

"မိန်းမဆို ဘယ်မိန်းမကိုမှ စိတ်မဝင်စားဘူး"

"သိပ်လည်း အပြောမကြီးနဲ့နော်၊ တော်ကြာ မှားပါပြီဖြစ်

ဖိုးမိုး၊ ၈၁၁၆ပ

www.burmeseclassic.com

www.burmeseclassic.com



နေမယ်''

"ဒေဝါ့ဘဝမှာ အမှားဆိုတာ ဘယ်တော့မှ မရှိဘူး''

ငှက်ကြီးနှင့် ကသစ်က ဒေဝါကိုကြည့်ပြီး တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်။ ဒေဝါက လူတစ်မျိုးဆိုတော့ ပြောရခက်သည်။ မိန်းကလေးနှင့်ပတ်သက်ပြီး ဒေဝါမှာ အခုချိန်အထိ ဘာအမှားအယွင်းမှမရှိသူ။

"ရည်းစားထားရတာ အပိုအလုပ်ကွ၊ ကိုယ် တကယ် မချစ်ဘဲနဲ့ ချစ်သလိုဟန်ဆောင်ပြီး သူတို့နားမှာ နေရမှာကို စိတ်မဝင်စားတာ''

ဒေဝါဆိုတာ ဒီလိုလူစားမျိုး။ ပြောသလို လုပ်တတ်သူ။ မိန်းကလေးတွေ ဝိုင်းဝိုင်းလည်နေပေမယ့် အခုချိန်ထိ ချစ်သူမရှိ။ ဒေဝါက သီချင်းအကျယ်ကြီး ဖွင့်တာ ဝါသနာပါသည်။ ငှက်ကြီးနှင့်ကသစ်က ဘီယာသောက်ရတာလောက် ချစ်သူရည်းစားထားခြင်း အလုပ်ကို စိတ်မဝင်စား။

သူငယ်ချင်းသုံးယောက် လက်တွဲညီခဲ့သည်။ ဘယ်မိန်းကလေးကိုမှ စိတ်မဝင်စား။ ဒီနေ့အထိ သုံးယောက်စလုံး ချစ်သူရည်းစားမရှိ။ အခုတော့ ငှက်ကြီးမှာ ရည်းစားရှိနေသည်ဆိုတော့





ဒေဝါ့အကြည့်တွေက ငှက်ကြီးထံ ရောက်သွား၏။

"မင်းမှာ ရည်းစားရှိနေပြီဆို ငှက်''

"Yes''

"ဘယ်ကလဲ''

"ဒီကပဲ၊ ဒီမှာလေ''

ဒေဝါနှင့် ကသစ်အကြည့်က ဘီယာဗူးတွေကို လက်ညှိုးထိုးပြနေသည့် ငှက်ထံ ရောက်သွား၏။

"မင်း တကယ်ပြောနေတာလား ငှက်''

"Yes''

"မင်းကွာ ငါက အဟုတ်မှတ်လို့''

ကသစ်က ရယ်လိုက်၍ သူငယ်ချင်းသုံးယောက် အတူရယ်ဖြစ်သွား၏။

လွတ်လပ်သောဘဝ။ ဘာအပူအပင်မှမရှိ။ အနှောင်အဖွဲ့ကင်းတာကို သူတို့ သဘောကျမဆုံးဖြစ်သည်။ အကြောင်းမသိသူတွေက သူတို့သုံးယောက်ကို နှလုံးသားမဲ့သူများအဖြစ် ဆိုသော်လည်း စိတ်မဆိုးပါ။ ကိုယ့်လွတ်လပ်မှုနှင့်ကိုယ် နေတတ်ဖို့ပဲ အရေးကြီးသည်။ အချစ်ဆိုတာ အခုချိန်ထိ သူတို့ဘဝထဲ ရောက်



www.burmeseclassic.com

www.burmeseclassic.com



မလာကြသေး။ ဒီလိုအချိန်မှာ ဒေဝါကို သူ့အဘွားက အိမ်ထောင်ချပေးရန် အပြင်းအထန် ကြိုးစားနေသည့်အတွက် စိတ်ညစ်နေသူက ဒေဝါ။

"မင်းကိစ္စက ဘယ်လိုလဲ ဒေဝါ"

"ငါလည်းမသိဘူးကွ"

"ဘယ်မိန်းမကိုမှ စိတ်မဝင်စားခဲ့သမျှ ခုတော့ ဒေဝါ တစ်ယောက် ဘုမသိ ဘမသိ အိမ်ထောင်ကျရတော့မယ်ထင်တယ်"

"တစ်ခုခုတော့ လုပ်မှဖြစ်မယ်ကွ၊ တော်ကြာ အဘွား လိုက်လာတော့မှာ"

ဘာလုပ်ရမှန်း မသိပေမယ့် ဒေဝါကိုယ်တိုင် တစ်ခုခုလုပ်ရတော့မှာကို သိသည်။

"မင်းက ဘာလုပ်မယ်စိတ်ကူးထားလဲ ဒေဝါ"

"မင်းအဘွားရဲ့ ကျန်းမာရေးက ရှိသေးတယ်နော် ဒေဝါ၊ တော်ကြာ မင်းကြောင့် တစ်ခုခုဖြစ်သွားမှ နောင်တရနေမယ်"

ငှက်ကြီးစကားကြောင့် ဒေဝါ စိတ်ညစ်သွားသည်။ အဘွား ကျန်းမာရေး အခြေအနေကို ဒေဝါ အသိဆုံး။ ထို့အတူ





ဒေဝါကိုယ်တိုင်လည်း အိမ်ထောင်မပြုချင်နှင့် ဒေဝါ့ပြဿနာက မသေး။

"မင်းအဘွားပြောတဲ့ တွယ်တာဆိုတဲ့ မိန်းကလေးကို မင်းသွားတွေ့သင့်တယ် ဒေဝါ"

"မတွေ့ဘူးကွာ၊ အလကားရှုပ်တယ်"

"ဒါဆို မင်းအဘွား လိုက်လာရင် ဘယ်လိုလုပ်မလဲ"

"ကျွတ်"

ဒေဝါ စိတ်ရှုပ်ကာ ဆံပင်ရှည်များထဲသို့ လက်ငါးချောင်းထိုးသွင်းကာ ဆွဲဖွလိုက်၏။ ဘွားနဲ့သူ့ကြားက ပြဿနာကို ပြေလည်အောင် ဘယ်လိုလုပ်ရမှန်းကိုမသိ။

"သိပ်စိတ်ရှုပ်ခံမနေနဲ့ ဒေဝါ၊ ဒီကိစ္စကို ငါရှင်းမယ်၊ မင်းအဘွား လာမဲ့နေ့ကို ကြိုပြော"

"မင်းက ဘာလုပ်မလို့လဲ"

ငှက်စကားကို ကသစ် ပြန်မေးခြင်းဖြစ်သည်။ ဒေဝါကတော့ မျက်ခုံးတွန့်ထား၏။

"ဒီကောင်ကို မိန်းမပေးစားမလို့ကွ"

"မိန်းမ မယူချင်ပါဘူးဆိုမှ မင်းကွာ"



www.burmeseclassic.com

www.burmeseclassic.com



ငှက်ကို ကသစ်က ဟောက်သည်။

“သိတယ်လေ၊ သိလို့ပြောနေတာ”

“ဒီမှာ ငါပြောတာ မင်းတို့ သေချာနားထောင်၊ မိန်းမယူတယ်ဆိုတာ တကယ့်မိန်းမကို ယူနိုင်းတာမဟုတ်ဘူးကွ”

“ဒါဆိုဘာလဲ”

“အတုကွ…အတု”

“ဟာ…အခြောက်ကြီးလား”

ဒေဝါ အလန့်တကြား မေးလိုက်ရင်း အတွေးနှင့် အသည်းယားကာ သူ့ကိုယ်ကြီးပင် ဆတ်ခနဲ တွန့်သွား၏။

ကသစ်ကလည်း ခေါင်းတခါခါ ဖြစ်သွားသည်။

“ငှက်ရာ…မင်းအကြံပေးမှ ပိုဆိုးကုန်ပြီ”

“ဟ…ငါပြောတာ ဒီလိုမဟုတ်ဘူး၊ မင်းအဘွားလာရင်လေ မင်းကို ဟောဒီ ကောင်ကို”

“ဘာလဲ ငှက်ရ၊ ငါက ဘာဖြစ်လို့လဲ”

ငှက်က ကသစ်ကို မေးဆတ်ပြ၍ ကသစ် အလန့်တကြား ဖြစ်သွားသလို ဒေဝါကိုယ်တိုင်လည်း ကသစ်ကို ဘာများ မှားယွင်းနေလဲဟု ခြေဆုံးခေါင်းဆုံး လိုက်ကြည့်သည်။





“ဟော့ကောင် ဒေဝါ၊ မင်း ကသစ်ကို သေချာကြည့်စမ်း ဒီကောင်မချောဘူးလား”

“ချောသားပဲ၊ အဲဒါနဲ့ ဘာဆိုင်လဲ”

ဒေဝါ့အမေးစကားကို ငှက်က မိန့်မိန့်ကြီးပြုံးသလို ကသစ်က ငှက်ကို ထူးဆန်းစွာ ကြည့်သည်။ ကသစ်အကြည့်က ငှက် ဘာကြောင်နေပြီလဲဆိုသည့်အကြည့်။

“မင်းစဉ်းစားကြည့်လေ ဒေဝါ၊ ငါတို့သုံးယောက်ထဲမှာ ကသစ်က ဖြူဖြူရှည်ရှည်နဲ့ မိန်းမချောချောတဲ့ကောင်ဆိုတော့ ဒေဝါ့ အဘွားလာရင် ခဏ မိန်းကလေးဟန်ဆောင်နိုင်းလိုက်ရင် ကိစ္စပြတ်တာပဲ မဟုတ်လား”

“ဒါများငှက်ရာ အစထဲက ဒီလိုပြောလိုက်ရင် ပြီးနေတာကိုများ၊ ငါ့မှာ ဘာများဖြစ်သလဲလို့ လန့်သွားတာပဲ”

“အေး…ကိစ္စက မင်း လုံးရာက ပြားသွားမယ့်ကိစ္စ”

အခုမှ သက်ပြင်းကိုယ်စီချရင်း သုံးယောက်သား လွှတ်လပ်ပေါ့ပါးစွာ အော်ရယ်မိကြသည်။

“ဟိတ်ကောင်တွေ နေကြဦးကွ၊ ငှက်ပြောတာက လွယ်လွယ်လေး၊ ငါက ငှက်ပြောသလို တစ်ခါမှ လုပ်ဖူးတာမဟုတ်ဘူး



www.burmeseclassic.com

www.burmeseclassic.com



ကွ၊ တော်ကြာ ဘွား ရိပ်မိသွားမှ ပြဿနာ''

ကသစ်ပုံစံက အလန့်တကြား။

ဒေဝါနှင့် ငှက်ကတော့ သိပ်စိတ်မပူ။

''ဖြစ်ပါတယ်ကွ၊ မင်းအတွက် ဆရာ ငါရှာပေးမယ်၊ ဘယ်လိုလဲ ဒေဝါ၊ ငါပြောတာ သဘောတူရဲ့လား''

''သိပ်တူတာပေါ့ကွာ၊ မင်းတို့နှစ်ယောက်စလုံး အခုလို ကူညီပေးကြတဲ့ သင့်ခ်ယူး''

''ကဲ...ဒါဆို ဒေဝါက ဒီနေ့ ငါနဲ့ကသစ်ကို ဘီယာ အဝတိုက်တော့''

''အိုကေ...မင်းတို့သာ ဘွားလာရင် ဝိပိရိရိ သရုပ် ဆောင်ဖို့ မမေ့နဲ့''

''ဖြစ်ပါတယ်ကွာ၊ ငှက်ကြံရင် ပိုင်ပြီးသားပါ၊ ကိစ္စ အောင်မြင်ရင်တော့ ဘီယာလောက်နဲ့ မရဘူးနော် ကိုယ့်လူ၊ ဆိုင်တစ်ဆိုင်မှာ ကောင်းကောင်းပြုစုရမယ်''

''အဲဒီအတွက်ကတော့ စိတ်ချ၊ အရေးကြီးတာ ဘွား စိတ်တိုင်းကျဖြစ်ပြီး ပြန်သွားဖို့ပဲ''





သူငယ်ချင်းသုံးယောက် တိုင်ပင်ကြသည်။ စိတ်ကျေနပ်မှု ဒေဝါ ပြန်လာသည့်အချိန်က မိုးစုံးစုံးချုပ်နေပြီဖြစ်သည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

ပထမ လေချွန်သံ၊ ဒုတိယ တံခါးဖွင့်သံ၊ ထို့နောက် ဆူညံသော သီချင်းသံ ကျယ်ကျယ်လောင်လောင်ကြောင့် ခုတင် ပေါ်မှာ ဘယ်လိုမှ ငြိမ်နေလို့မရတော့ဘဲ ဝုန်းခနဲ ထလိုက်မိ၏၊ တစ်ဖက်ခန်းက လူလာပြီ။

အချိန်က အချိန်မတော်၊ ရောက်ပြန်တော့လည်း ပတ်ဝန်း ကျင်ကို ထည့်မတွက်။ တစ်ကိုယ်တည်း ထင်တိုင်းကြဲနေသည်၊

ဘယ်လိုမှ သည်းမခံနိုင်တော့သည့်အဆုံးမှာ ဘာမှမစဉ်း စားနိုင်တော့ဘဲ တံခါးကို ဝုန်းခနဲ ဆွဲဖွင့်ပြီး ရွှေ ခြေလှမ်းတွေက ထိုလူ့အခန်းရှေ့ သွားရပ်လိုက်ပြီး ပိတ်ထားသောတံခါးကို တဝုန်း





ဝုန်း ထုလိုက်သည်။

"ဒုန်း…ဒုန်း…ဒုန်း"

"ဟ…ဘာလဲ၊ ဘာကိစ္စ တံခါးကို ဒီလောက်ထုနေရ တာလဲ"

လူခေါ်ဘဲလ်သံရော၊ အခန်းတံခါးထုသံရော သီချင်းသံ နှင့်အပြိုင် ဝုန်းဒိုင်းကြဲတာကို ဆက်မခံနိုင်၍ သီချင်းသံကို တိုးပြီး အခန်းတံခါးကို ဖျတ်ခနဲ ဆွဲဖွင့်လိုက်၏။

"ဟော့…ဘာကိစ္စ ဒီလောက်"

"ဟင်…မင်း"

"ဟင်…ရှင်"

"ဩော် ဘယ်သူများလဲလို့ ရှင်ကိုး"

မီး၏အလင်းရောင်အောက်မှာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း တိုက်ဆိုင်စွာ ဖန်တီးလာသော ကံကြမ္မာ ကို အံ့ဩရသူက ရွှေနှင့်ဒေဝါ ဖြစ်သည်။

ရေစက်ဆိုရင်တော့ ဒါ တော်ရုံရေစက် မဟုတ်နိုင်။ ရွှေနှင့် မျက်နှာချင်းဆိုင်အခန်းမှ လူဟာ ရွှေ ကြည့်မရအောင် မုန်းနေသည့် ဒေဝါဖြစ်နေလိမ့်မည်ဟု မထင်ခဲ့သလို ဒေဝါ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင်ကလည်း သူနှင့် မျက်နှာချင်းဆိုင်အခန်းမှ လူဆိုတာ သူနှင့် နှစ်ကြိမ်တိုင်တိုင် ပြဿနာဖြစ်လာသည့် မိန်းမလှလေးဟု မထင်ခဲ့။

မီးရောင်ပြာလဲ့လဲ့အောက်တွင် ညဝတ်အင်္ကျီအိအိ ပန်းန ရောင်လက်ရှည်လေးနှင့် ဆံပင်များ လွတ်လပ်စွာ ဖြန့်ကျဲလျက် အလှကြီးလှနေသော တင်းမာခက်ထန်သည့် မျက်နှာလှလှလေးကို အံ့ဩမယုံနိုင်သလို စူးစိုက်ကြည့်နေမိသည့် အဖြစ်ကို သူကိုယ် တိုင်လည်း မယုံချင်။

"သုံးခါတိတိဆိုရင်တော့ အဲဒါ မင်းတို့ ဖူးစာပါလို့ပဲ ဆိုတာ လုံးဝသေချာတယ် ဒေဝါ"

ကသစ်အသံက ဒေဝါနား ကပ်ပြောလိုက်သလား ထင်ရ သည့်အတွက် ဒေဝါ့ကိုယ်ကြီး တွန့်ခနဲဖြစ်သွား၏။

"ဒီမှာ...ညဥ့်နက်သန်းခေါင် ဒီလောက် သီချင်းကျယ်ရ အောင် ပတ်ဝန်းကျင်မှာ ရှင့်လိုလူတွေနေတယ်ဆိုတာရော သတိရ ရဲ့လားဟင်"

မိန်းမလှလေး ရန်တွေ့သံကို ဒေဝါ ကြားပေမယ့် မကြား သလို သူ့မျက်စိရှေ့က မိန်းမလှလေးကို စိုက်ကြည့်နေမိသူက





ဒေဝါ။

"ရှင်...ကျွန်မပြောတာ ကြားရဲ့လား"

"မင်းဘာပြောတာလဲ"

"ရှင်ဟာ လူရိုင်း၊ အလိုက်မသိတဲ့လူလို့ ပြောတာ၊ ကဲ နားလည်ပြီလား"

"မင်း ကျုပ်ကို ပြဿနာမရှာနဲ့နော် အမိ"

"ဘာရှင့်"

ဒေဝါ့အပြောကြောင့် ရွှေးလက်နှစ်ဖက် ခါးကျဉ်းကျဉ်း လေးပေါ် ထောက်မိသွားသည်။ ထို့နောက် သူ့ကို ခပ်စူးစူးကြည့် လိုက်၏။

"ရှင်ကများ လူကို ပြဿနာမရှာနဲ့လေး ဘာလေးနဲ့၊ တကယ်ပြဿနာရှာနေတာက ကျွန်မ မဟုတ်ဘူး၊ ရှင်...ရှင် သိရဲ့လား၊ ရှင့်သီချင်းသံ အကျယ်ကြီးဖွင့်ထားလို့ ကျွန်မ အိပ်လို့ မရတော့ဘူး"

"အဲဒီတော့ ကျုပ်က ဘာလုပ်ရမှာလဲ၊ မင်း အိပ်ပျော် အောင် လာချော့သိပ်ရမှာလား"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်စကားပြောတာ မမိုက်ရိုင်းနဲ့နော်၊ လူကို ဘာထင်နေလဲ"

ဒေဝါထံမှ မထင်မှတ်သည့် တုံ့ပြန်စကားကြောင့် ဇွေ့ဇွေ့ခုန် ဒေါသဖြစ်သွားသည့် မိန်းမလှလေးကို ကြည့်ပြီး စိတ်ထဲ ကကျိတ်ပြီး ကျေနပ်ပျော်ရွှင်သွားမိသူ ဒေဝါ ဖြစ်သည်။ တကယ်တော့ ဒေဝါ့စိတ်ထဲက ဒီလိုစကားမျိုး ပြောရန် မရည်ရွယ်ခဲ့ပေမယ့် တစ်ဖက်က မိန်းမလှလေးက သူ့နဲ့ နှစ်ကြိမ်တိတိ ပြဿနာဖြစ်ရဲ့ မက သုံးကြိမ်တိတိဆိုတော့ ဒေဝါ့စိတ်ထဲ တစ်မျိုးဖြစ်လာကာ အခုလို မထိတရိ စကား တမင်ပြောဖြစ်သွားခြင်းဖြစ်သည်။

"မင်းက ကျုပ်ကိုသာ ပြောနေတယ်၊ မင်းကိုယ်တိုင်ရော မနက်က လူမရှိတဲ့အခန်းထဲ သီချင်းအကျယ်ကြီး ဖွင့်ထားခဲ့တာကရော"

"အိုး…အဲဒါက ရှင့်လိုလူကို ကိုယ်ချင်းစာတတ်အောင် တမင်ပညာပေးတာ သိလား"

"ဒါဆို မင်းကလည်း ငါနဲ့အတူတူပဲပေါ့"

"ဘာရှင့်"

မီးရောင် ပြာလဲ့လဲ့အောက်မှာ ကပိုကရို အလှကြီးလှနေ





သော မိန်းမလှလေးကို အမှတ်မထင် စူးစိုက်ကြည့်ရင်း မထိတရိ ပြောလိုက်သူ ဒေဝါ။

အင်း…လှတာတော့ အတော်လှသည်။ ဘာတစ်ခုမှ မပြင်မဆင်ဘဲ ဒီလောက်လှနေရင် ပြင်လိုက်ဆင်လိုက်ရင် ဘယ်လောက်များ လှမည်မသိ။ မိန်းမတစ်ယောက်နဲ့ ပတ်သက်ပြီး ဘယ်တုန်းကမှ မတွေးဖူးသော အတွေးအဖြစ် ဒေဝါ့ဘဝမှာ ပထမဆုံး တွေးမိခြင်းဖြစ်သည်။

ရွှေးကတော့ သူ့မမျက်နှာကို စူးစူးရဲရဲ စိုက်ကြည့်နေသည့် ဒေဝါ့မျက်ဝန်းတွေကို မုန်းမုန်းနှင့် တုံ့ပြန်ကြည့်ရင်း ဒီလိုလူနှင့် ရှေ့ဆက်စကားပြောလို့ အကျိုးမထူးမှန်း သိလိုက်၏။

"ဒီမှာ…ရှင် နောက်ကို သီချင်းဖွင့်ရင် တိုးတိုးဖွင့်ပါ၊ ဒါပဲ"

တစ်ဖက်အခန်းတံခါး ဝုန်းခနဲ ပိတ်သွားမှ သူ့အခန်းတံခါးကို ဒေဝါ ပိတ်လိုက်၏။ အဖြူရောင် မီးနီးငွေ့များကြားမှ လှပသော မျက်နှာလေးကို မြင်ယောင်နေမိသည်။ ဒေဝါကပဲ မိန်းမတွေကို သတိမထားမိခဲ့၍လားမသိ။ ပထမဆုံးအကြိမ် မိန်းကလေးတစ်ယောက်ရဲ့ မျက်နှာကို နီးကပ်စွာ ပထမဆုံး တွေ့လိုက်ရခြင်းက



www.burmeseclassic.com

www.burmeseclassic.com



ပဲ သူ့စိတ်ထဲမှာ ထူးခြားဆန်းပြားနေသလိုလို ဘာလိုလို။

အဘွား မိန်းမပေးစားမှာကို မလိုချင်၍ စိတ်ညစ်စိတ်ရှုပ်နေကာမှ ဒီအမျိုးသမီးနဲ့ တိုက်တိုက်ဆိုင်ဆိုင် ပြန်ဆုံတွေ့နေရသည်။ သည်တစ်ကြိမ်ကတော့ နောင်မှာ အမြဲဆုံရမည့်အဖြစ်။

ငှက်နှင့်ကသစ်သာ ဒီအကြောင်းသိရင် ဒေဝါတို့အဖြစ်ကို ဘယ်လောက်အံ့ဩကြမလဲ။ ပြီးတော့ သူ့ကိုရော ဘယ်လောက်ကျီစယ်နောက်ပြောင်လိုက်ကြမလဲ။

အဖြစ်ကတော့ တကယ့်ကို မလွယ်။ ဘာကြောင့်မှန်းမသိဘဲ ဒေဝါ သက်ပြင်းချနေမိသလို···

ရွှေးမှာလည်း အိပ်ရာပေါ်ရောက်သည့်တိုင် ချက်ချင်းအိပ်မပျော်နိုင်။ တစ်ဖက်ခန်းက လူအကြောင်း တွေးနေပြီး ဒေါသတွေ အလိပ်လိုက်ထွက်နေ၏။

ဟွန်း···လူကိုများ အိပ်မပျော်ရင် လိုက်ချော့သိပ်ပေးရမလား ဘာလားနဲ့။

ပြီးတော့ ရွှေးကို သူနဲ့တူတဲ့သူအဖြစ် ပြောဖြစ်အောင်ပြောလိုက်သေးသည်။

ဟား···အခုမှ တကယ့်ကို ပြဿနာပါလား။ ဒေဝါဆို





သည့်လူနဲ့မှ ကြုံဖန်ပြီး တိုက်တစ်ခုထဲမှာ အခန်းချင်းမျက်နှာချင်းဆိုင် ဖြစ်နေ၏။

ဆန်းကြယ်တဲ့ တိုက်ဆိုင်မှုဖြစ်၏။ နောင်ဆို သည်လူနဲ့အမြဲဆုံတွေ့နေရမည့်အဖြစ်ကိုလည်း ရွှေးစိတ်ထဲက အလိုမရှိ။ ဒီမျက်နှာကိုလည်း ထပ်မမြင်ချင်။

အခန်းပြောင်းဖို့ကလည်း မဖြစ်နိုင်။ ခြောက်လစာငွေအပြတ်ပေးပြီးသား ဖြစ်နေ၏။ ပြီးတော့ ဒီနေရာလေးက သွားလာရတာ လွယ်ကူရုံမက အတော်လေး အေးချမ်းတိတ်ဆိတ်ကာပြီးသန့်ဆန်၏။

ဒီနေရာမှာ ဒေဝါဆိုသည့်လူသာ မရှိလျှင် ဘယ်လောက်ကောင်းမလဲ။ မေညိုသာ ဒီအကြောင်းသိလျှင် ရွှေးကို ဘာပြောမည်မသိ။

စိတ်ညစ်လိုက်တာနော်။

အခုမှ ဘာဆက်လုပ်ရမှန်းကို မသိတော့ဘူး။

ရွှေး စိတ်ညစ်နေချိန်မှာ တစ်ဖက်ခန်းက ဘာသံမှမကြားမျှ နည်းနည်းတော့ ထူးဆန်းသလို ထင်မိ၏။ လူပုံစံက ဂျစ်ကန်ကန်။ စကားပြောတော့ သူ့ကိုယ်သူ ယောကျ်ားဆိုပြီး အသာစီးနဲ့။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ သူ့အကြည့်တွေက တစ်မျိုး။ မည်းနက်တောက်ပြောင်သော မျက်လုံးတွေမှာ တစ်စုံတစ်ရာ ဆွဲအားပါနေသလိုလို။ စူးရှသည့် အကြည့်တွေက တစ်ဖက်သားရင်ကို ထွင်းဖောက်သွားသည့် အတိုင်း။ သေချာတာက ထိုအကြည့်တွေအောက်မှာ ရွှေး ကြာရှည် မနေလိုခြင်းဖြစ်သည်။

သက်ပြင်းတချချနှင့်ပင် ညဦးနက်မှပဲ ရွှေး အိပ်ပျော်သွားသည်။ မေညို အစောကြီးရောက်လာပြီး နိုးမှ နိုးသည်။

"ဘယ်လိုလဲ ရွှေးရဲ့၊ အိပ်ပုပ်ကြီးလှချည်လား၊ ညက တော်တော်နဲ့ မအိပ်ဘူးထင်တယ် ဟုတ်လား"

"ဟုတ်တယ်"

"ညက ရွှေးနဲ့ဟိုဘက်ခန်းကလူ ပြဿနာဖြစ်လို့"

"ဟယ်····ရွှေးနဲ့ ဟိုဘက်ခန်းကလူ တွေ့ပြီးပြီ ဟုတ်လား၊ သူက ဘယ်လိုလူလဲဟင်"

"အင်း"

မေညို့အမေးကို ရွှေး ခေါင်းညိတ်ပြလိုက်ပြီး မေညို ဝယ်လာသည့် သျှမ်းခေါက်ဆွဲနှင့် တို့ဟူးကြော်သုပ်ကို ပြင်ဆင်ပြီး ကော်ဖီဆက်ဖျော်လိုက်သည်။





"ကဲ···စား၊ စားရင်းနဲ့ ရှင်မေးတာဖြေမယ်"

"အစားက ဘယ်အချိန်စားစားပါဟယ်၊ တစ်ဖက်ခန်းက လူအကြောင်းသာ မေညို့ကိုပြောစမ်းပါ၊ လူကြီးလား၊ လူငယ်လား၊ ရွှေးနဲ့ စကားပြောရတာရော အဆင်ပြေရဲ့လား"

"လူကြီးမဟုတ်ဘူး၊ လူငယ်၊ စကားပြောရတာ အဆင် မပြေဘူး"

"ဟယ်···ရွှေးလို မိန်းမလှလေးနဲ့တောင် အဆင်မပြေဘူး ဆိုတော့ သူက ဘယ်လိုလူမို့လဲ"

"ဒေဝါဆိုတဲ့လူမို့လို့ပေါ့"

"ဘယ်လို···ဒေဝါ ဟုတ်လား ရွှေး"

"ဟုတ်တယ်၊ အဲဒီလူပဲ"

"ရွှေးရယ်···မေညိုတော့ အံ့သြလွန်းလို့ ဘာပြောရမှန်း တောင် မသိတော့ဘူး၊ ရှင်တို့နှစ်ယောက် တကယ်ဖူးစာ"

"မေညိုနော်···ဒီစကားကို ဒီမှာပဲရပ်၊ ဘာဖူးစာလဲ၊ ယောကျ်ားဖြစ်ပြီး စကားပြောတာကိုက တမင်အစီးအကျောကြီးနဲ့၊ ဘယ်လောက်မှန်းစရာကောင်းလဲဆိုတာ မေညိုသိရဲ့လား၊ ဖြစ်နိုင်ရင် ဒီလိုလူနဲ့ကို တစ်တိုက်ထဲ အတူမနေချင်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်မလားရှင့်၊ မေညိုက ရွှေးကို ဒီလိုနေရာမျိုးရဖို့ မနည်းကြိုးစားရှာထားရတာ သိလား၊ ဒီကပြောင်းဖို့တော့ လုံးဝ မစဉ်းစားနဲ့နော် ရွှေး"

"ရွှေးလည်း အဲဒါကိုပဲ စိတ်ညစ်နေတာ၊ ရွှေးကံကိုက ဆိုးပါတယ်"

ဒေဝါကြောင့် ရွှေး စိတ်ညစ်နေချိန် တစ်ဖက်ခန်းက ဒေဝါ လည်း အိပ်ရာမှ ကြည်လင်စွာ နိုးထလာ၏။

"ဒုန်း"

"ခလွမ်း…ခလွမ်"

"ဟာ…ဘာလဲ"

တစ်ဖက်ခန်းက တစ်စုံတစ်ရာ ပစ္စည်းလွတ်ကျသံကြောင့် ဆူညံသွားသည့်အသံကို နားထောင်ရင်း ဒေဝါ အတွေးအာရုံထဲ ပထမဆုံး ရောက်လာသည်က တစ်ဖက်ခန်းက မိန်းမချောလေး၏ မျက်နှာဖြစ်၏။ လှတာကတော့ ဘာမှမပြင်မဆင်ဘဲနဲ့ကို တော်တော် လှသည်။ တစ်တိုက်ထဲမှာ အတူနေကြရမည့်သူတွေဆိုတော့ သူမ ဘယ်လိုမိန်းကလေးမျိုးလဲဆိုတာ စုံစမ်းကြည့်ရမည်။ လောလော ဆယ်တော့ ဒေဝါ့အပေါ်မှာ စတွေ့သည့်အချိန်ထဲက ဆတ်ဆတ်ထိ





ပြန်ရုန်တွေ့တာကို တွေးပြီး ပခုံးတွန့်လိုက်၏။

သိပ်တော့မလွယ်။

အိပ်ရာကထပြီး ရေချိုးခန်းဝင်လိုက်၏။ ဘွားမလာခင် မှာ လုပ်စရာတွေ အများကြီးရှိသည်။ ဘွားကို လိမ်ညာရမည့်ကိစ္စ ထင်သလောက်တော့မလွယ်။ ဘွားက ဒေဝါ့ဘွားပီပီ လူတွေ ကြောင်း၊ လောကကြီးအကြောင်း ဒေဝါထက် ပိုသိသည်။ များလည်သည်။ ဒေဝါ အလိမ်အညာကိစ္စ ဘွား ရိပ်မိသွားလို့ မဖြစ်။ ဒီနေ့ ဟိုကောင်တွေ ဒေဝါဆီလာပြီး စည်းဝါးကိုက်ဖြစ် အောင် ပြောကြဆိုကြ လေ့ကျင့်ဆွေးနွေးကြမည်။

မနက်စာစားဖို့ အပြင်ကိုသွားရန် ဒေဝါ အိပ်ခန်းတံခါးကို ဖွင့်နေစဉ်မှာပဲ…

"ကဲ…သွားရအောင် မေညို၊ သင်တန်းနောက်ကျနေမယ်၊ ဝယ်စရာတွေလည်း ရှိသေးတယ်"

တစ်ဖက်ခန်းက ကြည်လင်ချိုအေးသည့် အမျိုးသမီးအသံ နားထောင်ပြီး ဒေဝါ ပြုံးလိုက်သည်။ ဒီလိုတော့လည်း ဒေဝါ ရန်တွေ့သည့်အသံနှင့် တခြားစီပါလား။

ရွှေးတို့ သော့ခတ်နေသည်အထိ အိပ်ရာထက်မှာ ဒေဝါ



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်နေလိုက်၏။

ထိုစဉ်...

"ဟော့...ရွှေး ဟိုဘက်ခန်းက ကာလနဂါးကြီး မန်းသေ

ဘူးထင်တယ်"

"ဟုတ်မှာပေါ့၊ ညဥ့်နက်သန်းခေါင်မှ ပြန်လာပြီး ပတ်ဝ

ကျင်ကို နှိပ်စက်သေးတယ်၊ အလကားလူ"

ဒေဝါ မကောင်းကြောင်း ပြောလိုက်သည့်အသံလေး

နားထောင်ပြီး ဒေဝါ့ရင်ထဲ အောင့်သွားပေမယ့် မတတ်နိုင်။ ဒေဝါ့

လူကိုများ အလကားလူတဲ့။ ကြည့်ရတာ ရွှေးဆိုတဲ့ မိန်းကလေ

ကိုယ်တိုင် ဒေဝါကို ကြည့်မရတာ သေချာသည်။

ဒေဝါ လှေကားပေါ်မှ အဆင်းတွင် ဒေဝါထံလာသေ

ငှက်နှင့် ဆုံမိ၏။

"ဟ...ဒါကဘယ်လဲ"

"မင်းဆီလာမလို့"

"ဟာ...ဟိုမှာ အလန်းလေးတွေပါလား"

ငှက်က သူ့မျက်နှာပေါ်က မျက်မှန်ကို ဆတ်ခနဲချွတ်

အပေါ်ထပ်လှေကားရှိရာကို လှမ်းကြည့်ပြီး ပြောလာ၍ ဒေ





မကြည့်တွေက ထိုနေရာ ရောက်သွားသည်။ သူမြင်လိုက်ရသည်

က သိပ်လှသည့် ရွှေးနှင့် သူမသူငယ်ချင်း လှေကားက ဆင်းလာ

တာ တွေ့လိုက်ရ၏။

"အဝါလေးက မင်းအတွက်၊ အပြာလေးက ငါ့အတွက်"

"မင်းအသံကြီးနဲ့ စွတ်အော်မနေနဲ့ငှက်၊ တော်ကြာ

မဟုတ်ထင်ပြီး ဘဝင်မြင့်ကုန်ဦးမယ်"

"ငါကလည်း အတည်ပြောတာပဲကွ"

ငှက်ကလည်း တစ်ခွန်းမခံ။

"လာစမ်းပါ၊ ကိုယ့်အလုပ်ကိုယ်လုပ်၊ ကားပေါ်တက်"

ဒေဝါက ငှက်ကိုယ်ကြီးကို စိတ်မရှည်သလို တွန်းထိုးပြီး

ကားပေါ် တက်ခိုင်းလိုက်ပေမယ့် ငှက် အကြည့်တွေကတော့

ရွှေးတို့နှစ်ယောက်ပေါ်က မခွာ။ ဒါကိုမြင်သည့် ရွှေးက ဒေဝါ့ကား

ကို မျက်စောင်းလှမ်းထိုးသည်။ မိန်းကလေး ချောချောလှလှမြင်တိုင်း

ဖြစ်တတ်သည့် ယောကျ်ားအများစုရဲ့ ရောဂါက ဒါပဲမို့ ယောကျ်ား

တို ဘယ်ယောကျ်ားကိုမှ ကြည့်မရ။ ဒါက ရွှေးဘက်က ဖြစ်ပေမယ့်

ငှက်ကတော့ ရွှေးမျက်စောင်းကိုပဲ သဘောကျလျက် သွားက

မစေ့။



www.burmeseclassic.com

www.burmeseclassic.com



"ပဒိတ်ကောင် ဒေဝါ၊ မင်း အဝါလေးက မျက်စောင်းထိုးတယ်ကွ အဟီး"

"ဘာ မင်းအဝါလေးလဲ၊ မင်းမျက်နှာထားကို ပြင်ပြီး ခပ်တည်တည်နေစမ်းပါ၊ လေယာဉ်ပေါ်မှာ ငါနဲ့ ပြဿနာဖြစ်လာတာ သူပဲကွ"

"ဖူးစာဆိုတာ ဒါပဲကွ"

"သွားစမ်းပါ၊ ဘာဖူးစာလဲ"

"မင်း မယုံဘူးလား"

"အေး"

သူတို့ကားကို တစ်ဖက်က ရွေးတို့ကားက ဝေါခနဲ ကျော်ဖြတ်သွား၍ စကားလမ်းကြောင်းက ပြတ်သွား၏။

"ဒေဝါ…လိုက်ကွာ၊ သူတို့ဘယ်သွားလဲ သိရအောင်"

"သိတော့ မင်းက ဘာလုပ်မလို့လဲ၊ သူတို့နေတာ ငါ့အခန်းရှေ့မှာ အပိုတွေလုပ်မနေနဲ့"

"ကျွိ"

ဒေဝါက သူသဘောအတိုင်း သူ့ကားကို ရွေးတို့ကားနှင့် ဆန့်ကျင်ဘက်သို့ ဦးတည်လိုက်သဖြင့် ငှက် ဘာမှမတတ်နိုင်တော့။





"လှတာကတော့ တော်တော့်ကိုလှတယ် ဒေဝါ၊ ငါတွေ့ဖူးသမျှ မိန်းကလေးထဲမှာ မင်း အဝါလေးက အလှဆုံးပဲ"

"သူ့နာမည်က ဘယ်သူတဲ့လဲ"

"သိချင်ရင် မင်းဘာသာ သွားမေး"

ဒေဝါ့စကားကြောင့် ငှက်က အော်ရယ်သည်။ ဒေဝါဆိုတာ ဒီလိုလူစားထဲကမို့ အကြောင်းမသိသူတွေက အပေါင်းရအသင်းရခက်သူအဖြစ် သတ်မှတ်ကြသည်မှာ ဘာမှမဆန်း။ မိန်းမတွေကို ကြည့်မရဖြစ်နေတာကိုက ဒေဝါ့ရောဂါဟု ဆိုရမလောက်။

"မင်း စိတ်မဝင်စားရင် သူ့ကို ငါလိုက်မယ်ကွာ၊ ဘယ်လိုလဲ"

"မင်းသဘောပဲ"

"အိုခေ"

"အင်း…ပြောသာပြောရတယ်၊ ငါလည်း ဘယ်မိန်းကလေးကိုမှ ဟုတ်တိပတ်တိ စိတ်ဝင်စားခဲ့တာမဟုတ်ဘူးကွ၊ မင်းအဝါလေးပုံစံက သိပ်တော့မလွယ်ဘူးကွ၊ ဇာတ်လမ်းကို ဘယ်လိုရေးရင် ကောင်းမလဲမသိဘူး"

"အဲဒါတွေ နောက်မှစဉ်းစား ငှက်၊ အခု ငါ့ကိုစ္စကို



www.burmeseclassic.com

www.burmeseclassic.com



အရင်စဉ်းစားဦး၊ ဘွားက ဒီလကုန်ရင် လာမယ်လို့ ပြောနေတယ်"

"လာစမ်းပါစေကွာ၊ မင်းဘွား လုံး၊ စိတ်ချမ်းသာစေရမယ်၊ စိတ်ချ"

◆ ◆ ◆



## အခန်း (၅)

"ဝူး"

"ကျွီး"

"ဟောတော့…ကား ဘာဖြစ်သွားလဲမသိဘူး ချွေးရေ၊ ကန်နိုးလို့မရတော့ဘူး"

"ဟယ်…ဟုတ်လား၊ ချွေးတို့ ဘယ်လိုလုပ်ကြမလဲ ဟင်"

ရုတ်တရက် ထိုးရပ်သွားသော ကားကြောင့် မေညှိုနှင့် ချွေးတို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ဘာလုပ်ရမှန်း မသိ ဖြစ်သွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်မှာ ကားသာမောင်းတတ်ပြီး ကားမပြင်တတ်။ ဖြစ်ချင်တော့ ကားပျက်သည့်နေရာက လူပြတ်သည့်နေရာဖြစ်နေ၏။ အခုမှ ခက်ပြီ။ ကားစက်ဖုံးကိုဖွင့်ပြီး ဟိုဟိုဒီဒီ လျှောက်ကြည့်ပေမယ့်လည်း အကြောင်းကမထူး။

"ဘယ်လိုလုပ်ကြမလဲ မေညို"

"လာတဲ့ကားကို တားပြီး အကူအညီတောင်းကြတာပေါ့ဟယ်၊ ဒါမှမဟုတ်လည်း အနီးအနားမှာ ကားဝပ်ရှော့ရှိရင် ကားငှားပြီး သွားခေါ်ကြမယ်"

သူငယ်ချင်းနှစ်ယောက် လာသမျှကားကို တားဖို့ ကြိုးစားပေမယ့် ခရီးသည်အပြည့်ပါသော ကားက မရပ်။

ကိုယ်ပိုင်ကားနှစ်စီးက အရှိန်ဖြင့် မောင်းသွားသည်မှာ ပြန်ကိုလှည့်မကြည့်။ သူငယ်ချင်းနှစ်ယောက် စိတ်ညစ်နေတုန်း နောက်ထပ်ကားတစ်စီး တွေ့လိုက်ရ၍ ရွှေတို့ ဝမ်းသာသွား၏။

"မေညို...ဟိုမှာ ကားတစ်စီးလာနေတယ်၊ ဒီကားကိုတော့ ရအောင်တားမှဖြစ်မယ်၊ လာ...လာ"

"ဟိုး...ဟိုး ရပ်ပါဦး"

လမ်းပေါ်အထိ ပြေးတက်သွားပြီး နှစ်ယောက်သား





ဖြိုင်တူ လက်လေးများမြှောက်ကာ လာနေသည့်ကားကို တားလိုက်၏။ ကားက အရှိန်လျှော့ပြီး ရွှေတို့နား ရပ်သွားသည်နှင့် ကားနားကို အပြေးရောက်သွားကာ...

"ဒီမှာရှင့်...မေညိုတို့ကား ဘာဖြစ်မှန်းမသိလို့"

"ဟင်...ဒေဝါ"

မေညို့မှာ ကားပေါ်၌ ပါလာသူတွေကို သေချာကြည့်မှ ဒေဝါတို့ဖြစ်နေ၍ အံ့သြသွားကာ ရွှေမျက်နှာလေးကို လှမ်းကြည့်လိုက်မိသလို ဒေဝါအကြည့်တွေကလည်း ရွှေမျက်နှာလှလှလေးထံ ဆူးရှသွား ရောက်လာသလို စိတ်ထဲကလည်း ကြံဖန်တိုက်ဆိုင်လာသော ဆန်းကြယ်သည့် ကံတရားကို အံ့သြနေမိသည်။ ထို့အတူ ရွှေကိုယ်တိုင်မှာလည်း ဒေဝါမှန်းသိတာနှင့် မျက်နှာလေးကို တစ်ဖက်သို့ ဆတ်ခနဲ လွှဲလိုက်သည်။ ဒါကိုမြင်လိုက်ရသူက ဒေဝါ။

ဒါက ဘာသဘောလဲ။ သူ့ကားကို ဖွတ်အတင်းတားတုန်းကလည်း သူတို့။ ဟော...အခုလို ဒေဝါကို တွေ့ပြန်တော့လည်း မခေါ်ချင်သလို။ မပြောချင်သလိုလို။ တစ်ဖက်ကို မျက်နှာလွှဲသွားပုံက အသည်းယားစရာ။ ငှက်ကတော့ ရွှေတို့ကိုတွေ့ထဲက ပြုံးနေသည့် မျက်နှာကြီးက ဝမ်းသာစိတ်ကို မဖုံးမဖိနိုင် ပုံစံကြီးနှင့်



www.burmeseclassic.com

www.burmeseclassic.com



မေညိုနှင့် ရွှေးမျက်နှာကို တစ်ချက်လှမ်းကြည့်ပြီး…

"ကားပျက်နေတာဆိုရင် ကျွန်တော်တို့ ကြည့်ပေးမယ်လေ၊ ကျွန်တော့်နာမည် ငှက်"

"ရှင်"

"ငှက်လို့ ပြောတာလေ၊ ဘာလဲ ကြားရတာ ထူးဆန်းနေလို့လား"

ငှက်ကပြောပြီး သူ့စကားသူ သဘောကျစွာ ရယ်နေပေမယ့် ဒေဝါမျက်နှာက ငှက်နှင့် ဆန့်ကျင်ဘက်။ မျက်နှာထားတည်တည်နှင့် ရွှေးရှိရာ တစ်ချက်လှမ်းကြည့်ပြီး ကားပေါ်က ဆင်းလိုက်၏။

"ကားက ဘာဖြစ်တာလဲ"

"ဘာဖြစ်မှန်းမသိဘူးရှင့်"

ချိုသာယဉ်ကျေးသော မေညိုကို ငှက်က သဘောကျသွားသည်။

"သူတို့ကားကို ငါ ကြည့်ပေးလိုက်ဦးမယ် ဒေဝါ"

"နေဦး ငှက်၊ မင်းက အားနွဲ့တဲ့ မိန်းမသားဆိုပြီး ကူညီချင်နေတာက အရေးမကြီးဘူး၊ တော်ကြာ မင်းကို အလကား





ကောင်၊ မိန်းကလေးလှလှမြင်တိုင်း ကူညီချင်တဲ့သူလို့ ထင်နေဦးမယ်"

ဒေဝါ့စကားကြောင့် ရွှေးအကြည့်တွေက ဒေဝါထံ ဆတ်ခနဲရောက်လာ၏။

ကြည့်စမ်း…ဒါ ရွှေးကို စောင်းပြောလိုက်တာပဲ။ မနက်က ရွှေးပြောခဲ့တဲ့စကားကို သူကြားသွားတာပဲဖြစ်မည်။ မေညိုမှာလည်း အံ့အားသင့်ကာ ရွှေးကိုတစ်လှည့်၊ ဒေဝါကိုတစ်လှည့်ကြည့်ပြီး ဘယ်လိုလဲဆိုသည့် ပုံစံနှင့် လှမ်းကြည့်၏။ ဒေဝါက သူပြောချင်တာပြောပြီးပြီမို့ မျက်နှာထားခပ်တည်တည်နှင့် ရွှေးကို ခပ်စူးစူးကြည့်လာ၍ ရွှေးရင်ထဲ ဖျင်းခနဲဖြစ်သွား၏။

"ရှင်…ဘာစကားပြောတာလဲ"

ဒေဝါက သူ့မျက်နှာကို စေ့စေ့ကြည့်ကာ မေးလာသည့် ရွှေးမျက်နှာလေးကို ခပ်တည်တည် ပြန်စိုက်ကြည့်ရင်း အေးစက်စက် ပြန်ဖြေလိုက်သည်။

"ကြားတဲ့အတိုင်းပဲ"

"မေညို သူတို့ဆီက ဘာအကူအညီမှ တောင်းမနေနဲ့"

"ကျုပ်တို့ကလည်း အမိတို့ကို ကူညီပါရစေလို့ မပြောမိ



www.burmeseclassic.com

www.burmeseclassic.com



ပါဘူး''

''ရှင်…ရှင်''

''တော်ပါတော့ ရွှေးရယ်၊ ဒီမှာ ရှင်တို့ သွားနိုင်ပြီ''

ဒေဝါနှင့်ရွှေးတို့ အခြေအတင်ပြောနေတာကို ကြည့်ပြီး မေညိုက ရွှေးဘက်မှ ဝင်ပြောခြင်းဖြစ်သည်။

''လာ…ငှက် သွားမယ်''

ဒေဝါက ရွှေးတို့ကားနားမှာ ရောက်နေသည့် ငှက်ကို လှမ်းခေါ်ပေမယ့် ငှက်က မလာ။

''ခဏလေး ဒေဝါ၊ ဒီမှာပြီးတော့မှာပါ''

''ဘာကွ''

ငှက်စကားကြောင့် ဒေဝါ ဒေါသဖြစ်သွား၏။ အကူအညီ တောင်းတဲ့သူတွေကတောင် မလိုပါဘူးလို့ ပြောနေတာကို ဒီကောင် မကြားတော့ဘူးလား မသိ။ ပျက်နေသည့် ကားကို ငုံ့ပြီးပြင်နေပုံက ထရိုက်ချင်စရာ။

''ဟိတ်ကောင် ငှက်၊ မင်းမလာရင် ငါသွားတော့မှာ နော်''

''သွားပါတော့ရှင်၊ မေညိုတို့ကား ထားခဲ့ပါ၊ ဟိုမှာ





ရှင့်ကိုခေါ်နေပြီ''

မေညိုက ဒေဝါကို လှမ်းကြည့်ပြီး ငှက်ကို သူမကားနား က သွားဖို့ တိုက်တွန်းနေသလို ရွှေးမှာလည်း ယောကျ်ားကြီးဖြစ် ပြီး ဤမျှ ကဲကဲဆတ်နေသော ဒေဝါကို ကြည့်မရအောင် ဒေါသ လေးများ ဖြစ်လာရခြင်းကြောင့် ကားပြင်ပေးနေသော လူကိုပင် အားနာမနေနိုင်တော့ဘဲ…

''ရှင့်ကို သွားတော့လို့ မေညိုပြောနေတယ် မဟုတ် လား''

''ပြီးတော့မှာပါဗျာ၊ ခဏလေး''

''ဘာခဏလေးလဲ၊ မလိုချင်ဘူး၊ ရွှေးတို့ကားကို ရှင်ပြင် မပေးနဲ့''

''ပြင်ပါရစေဗျာ''

''အို…ရှင် ဘယ်လိုလူလဲ''

ငှက်အပြောကြောင့် မေညို လှစ်ခနဲ ပြုံးမိသွား၏။ ဒါကို ငှက်က မြင်သွားကာ စချင်လာ၏။

''ဘယ်လိုလဲ ညို၊ ကိုယ့်ကို ကားပြင်ခွင့်ပေးမယ်မဟုတ် လား''



www.burmeseclassic.com

www.burmeseclassic.com



"အံမယ်"

စကားပြောပုံကိုက ညီနဲ့ကိုတဲ့။

ဟွန်း။ မေညို ရှက်ရှက်နှင့် မျက်စောင်းထိုးလိုက်တော့ ငှက်က လူအလစ်မှာ မေညို့ကို မျက်လုံးတစ်ဖက် မှိတ်ပြသည့်အတွက် မေညို့ပါးလေးတွေ ရဲခနဲဖြစ်သွား၏။

"မင်းနေခဲ့တော့ ငှက်၊ ငါသွားပြီ"

"ဂူး"

"ဟာ…ဟိတ်ကောင် ဒေဝါ နေဦးလေ၊ ငါလည်း မင်း အတူ လိုက်မှာပေါ့ကွ"

"မေညို ကားကို စက်နှိုးလိုက်တော့ ရပြီ"

ငှက်က ဒေဝါကားထွက်သွားရာနောက်ကို ပြေးလိုက်သွာ ရင်း မေညိုတို့ဘက်ကို လှည့်အော်သွားခြင်းဖြစ်သည်။

ဒေဝါမှာ ငှက်ကို သူ့ကားပေါ်တင်လာရသော်လည် ကားဘက်မှန်မှတစ်ဆင့် ပျက်နေသည့် ကားနှင့်အတူ ကျန်ရစ် သော ရွှေးပုံစံလေးကို ကြည့်ဖြစ်အောင် ကြည့်လိုက်မိသည်။ စိတ် က ရွှေးကို မခံချင်၍ တစ်ခွန်းမခံပြောနေမိပေမယ့် စိတ်ထဲကတော့ ကားပျက်ပြီး ကျန်ရစ်ခဲ့သော ရွှေးအတွက် စိတ်ပူသလိုလို ဘာ

ဗိုး:ဗိုး:၈၇၆ပ



လိုနှင့် တစ်မျိုးကြီး ဖြစ်ကျန်ရစ်သည့်အဖြစ်ကို ကိုယ့်ဘာသာလည်း နားမလည်။ ငှက်ဘက်ကို တစ်ချက် လှည့်ကြည့်လိုက်တော့ ငှက်က မှန်းတစ်လုံးနှင့် အလုပ်ရှုပ်လျက်။ စောစောကကိစ္စမှာ သူနှင့်ဘာမှ မဆိုင်သည့်ပုံစံနှင့်ဆိုတော့ ကားတကယ်ပြင်ပေးခဲ့ရဲ့လားဆိုသည့် အမေးစကားကို ဒေဝါ့ရင်ထဲမှာပဲ မျိုသိပ်ထားလိုက်သည့်အချိန် ထွက်သွားသည့် ဒေဝါတို့ကားကို ကြည့်ပြီး ကိုယ်စီ သက်ပြင်း ချလိုက်မိကြသည်။

"ဘယ်လိုလုပ်ကြမလဲ ရွှေး"

"ဘာတတ်နိုင်မှာလဲ မေညို၊ ရွှေးတို့ကိုက ကံဆိုးပြီး သူတို့ကားကိုမှ တားလိုက်မိတာကို၊ ပြောသမျှခံရတာပေါ့"

"အေးဟယ်…ဒေဝါဆိုတဲ့လူကို အဲဒီလောက် အပေါင်းရ သင်းရ ခက်မယ်လို့ မထင်မိဘူး၊ အခု မေညိုကိုယ်တိုင်ကြုံမှပဲ လူ့ပွစာဆိုတဲ့စကားက သူ့လိုလူကို ပြောတာပဲဖြစ်မှာလို့ တွေးမိတဲ့ အထိပဲ"

မေညို့ထံမှ မှတ်ချက်ချသံကို ရွှေး ဘာမှပြောမနေတော့ဘဲ တိတ်ဆိတ်ကာ ငြိမ်နေလိုက်သည်။ ရွှေးနဲ့ဒေဝါကတော့ ဘယ်ဘဝ က ရေစက်မှန်းမသိ ကြုံဖန်တွေ့ဆုံကြပြီး တွေ့သည့်အချိန် တွေ့သည့်

ဗိုး:ဗိုး:၈၇၆ပ

www.burmeseclassic.com

www.burmeseclassic.com



နေရာမှာ ရန်ဖြစ်စကားများနေရတတ်သည်။

"မေညိုတို့ကိုကလည်း ညံ့တာပါ ရွှေးရယ်၊ ကားသာ စီးပြီး ကားမပြင်တတ်တာကိုက သူများပြောစရာဖြစ်နေတာ"

မေညိုက ပြောပြောဆိုဆို ကားစက်ကို ဖွင့်လိုက်သည့် ခဏ…

"ရူး…ရူး"

"ဟယ်…ကားက ကောင်းသွားပြီရွှေးရေ၊ လာ သွားက မယ်"

ကားကောင်းသွား၍ သူငယ်ချင်းနှစ်ယောက်စလုံး ပျေ သွားသည်။

"ငှက်ဆိုတဲ့လူကို ကျေးဇူးတင်ရမယ် ရွှေးရေ၊ သူ့ကြော သာပေါ့ ရွှေးလူ ဒေဝါနဲ့သာဆိုရင်…"

"ဘာ…ရွှေးလူလဲ၊ မေညိုနော်"

ရွှေးက ဆတ်ဆတ်ထိမခံ ဝင်ပြောတော့ မေညို ပြုံးလို ၏။

"ဆောရီးပါရှင်…ဒေဝါဆိုတဲ့လူကို ပြောတာပါ၊ ခစ်…ခစ်"





"ဪ…မေညိုက ရယ်နိုင်သေးတယ်ပေါ့လေ၊ ဟုတ်လား"

"ဒါကတော့ဟယ်"

"ဒါကတော့ လုပ်မနေနဲ့၊ ငှက်ဆိုတဲ့လူသာ ဝင်မကူရင် ဘယ်လိုလုပ်မလဲ"

"ရွှေးကိုမြင်လို့ သူတို့ချင်း စည်းဝါးကိုက်ပြီး တစ်ဖက် လှည့်နဲ့ ဒေဝါက ကူညီနိုင်းတာလည်း ဖြစ်နိုင်တာပဲ ရွှေးရဲ့"

"စိတ်ကူးယဉ်မနေစမ်းပါနဲ့ မေညိုရယ်၊ သူ့လိုလူလား ဒီလိုလုပ်မှာ"

ရွှေးကို တမင်ရန်စကားပြောပြီး ဒေါသမဖြစ်ဖြစ်အောင် လုပ်သော ဒေဝါ့မျက်နှာကို မြင်ယောင်ကာ ရွှေး နှုတ်ခမ်းလေး တင်းတင်းစေ့သွားသည်။

ဒီလူကို ရွှေး ဘယ်တော့မှ ခွင့်မလွှတ်။

"ဒေါသတွေလျှော့ပါ ရွှေးရယ်၊ မေညိုလည်း ဒီလိုပဲ ကိုဖန်ပြီး စိတ်ချမ်းသာစရာလေးတွေ တွေးရတာပေါ့"

"မေညိုပဲ တွေးနေ"

"အေးပါ၊ ကဲ ရှေ့မှာရောက်ပြီ၊ ကားပေါ်ကဆင်းကြစို့"



www.burmeseclassic.com

www.burmeseclassic.com



ရွှေး ငှားထားသည့် တိုက်ခန်းရှေ့ ရောက်ပြီမို့ ရွှေး ဘာမှ ဆက်မပြောနိုင်တော့။

ရယ်ရယ်မောမောနှင့် ရှေ့က ဦးဆောင်သွားနေသည့် မေညိုနောက်ကသာ လိုက်ခဲ့ရင်း ရွှေးအခန်းရှေ့ အရောက်မှာ ပိတ်ထားသည့် ဒေဝါ့အခန်းကိုကြည့်ကာ မျက်စောင်းနာနာထိုးပစ် သည်။

◆ ◆ ◆

## အခန်း (၆)

ဟား…အခုမှ ပြဿနာပါလား။ မွှန်ထူပြီး လှိမ့်ဝင်လာသည့် ညှော်နံ့က ရိုးရိုးညှော်နံ့မဟုတ်။ ငရုပ်သီးကို အိုးကင်းပူတိုက်ထားသလား ထင်ရအောင် တူးခြစ်မွှန်ထူနေသည့်အတွက် ကိုယ့်အခန်းထဲ ကိုယ်နေလို့ပင် မရတော့။

"ဟပ်…ချိုး"

နှာချေသံနှင့်အတူ သွားကပါ တဆစ်ဆစ်ကိုက်လာတော့ ဒေဝါ ဘယ်လိုမှ ငြိမ်နေလို့မရတော့။ ဒီလောက် အလိုက်ကန်းဆိုး မသိ ညှော်ကြော်နေသူ ရွှေးအခန်းရှေ့ရပ်ကာ အခန်းတံခါးကို တဝုန်းဝုန်း ထုလိုက်၏။ သိပ်မကြာလိုက် ဖျတ်ခနဲ အခန်းတံခါးပွင့်လာ





www.burmeseclassic.com

www.burmeseclassic.com



ပြီး ရွှေးမျက်နှာလှလှလေး ပေါ်လာ၏။ ဒေဝါကိုမြင်တော့ မျက်မှောင်ထားက တင်းသွားသည်။

“ဘာကိစ္စလဲ”

“ခင်ဗျားညှော်နံ့ကြောင့် ဒီမှာသေတော့မယ်ကွ၊ နားလည်လား”

“ဒါဆိုလည်း သေလိုက်”

“ဘာကွ”

“ဒီမှာ ဒါ ကျွန်မအခန်း၊ ကိုယ့်အခန်းထဲမှာ ကိုယ်ကြိုက်သလိုလုပ်မယ်၊ ဒါပဲ”

“ဒုန်း”

“ဟာ”

“ဟိတ်···နေဦး၊ မင်းတံခါးကို အခုပြန်ဖွင့်စမ်း”

အခန်းအပြင်က ရွှေးတံခါးကို တဒုန်းဒုန်းထပ်ထုပေမယ့် ရွှေးအခန်းတံခါးက ထပ်ပွင့်မလာတော့။ ဒေဝါ ဒေါသဖြစ်ဖြစ်နှင့် ဘာလုပ်လို့ လုပ်ရမှန်းမသိတော့။ ဒေဝါပြောတာ မှန်ပေမယ့် ဒေဝါ စိတ်ထဲမှာ ဒါ သူ့ကို တမင်လုပ်နေတာဟု ထင်နေသည်။ ညှော်နံ့ကြောင့် ဒေဝါ အောက်ထပ် ပြေးဆင်းခဲ့ရ၏။





ဒေဝါ ပြေးဆင်းသွားတာကို သူ မမြင်အောင် လိုက်ကြည့်ရင်း ရွှေး ကျေနပ်စွာ ပြုံးလိုက်၏။

မှတ်ထား။ ဟိုတစ်နေ့က သူ့ကို မကျေနပ်ခဲ့သမျှ ခုလို ပညာပေး လက်စားချေခွင့်ရတာကို ကျေနပ်သွား၏။ ရွှေးပဲကွယ် ဒီလိုလုပ်လို့ ဘယ်ရမလဲ။

ရွှေးစိတ်ထဲက တိတ်တိတ်လေး ရွှေတ်နေစဉ်မှာ အောက်ထပ်သို့ ပြေးဆင်းသွားသော ဒေဝါထံ ငှက်ရောက်လာ၏။

“မင်းတို့လာတာ အတော်ပဲကွာ၊ မနေ့ညကတည်းက သွားကိုက်နေတာ၊ အခု ဟိုဘက်ခန်းက ညှော်တိုက်လွှတ်လိုက်လို့ ပိုဆိုးသွားပြီ၊ ငါ့ကို ဆေးခန်းလိုက်ပို့ကြစမ်းကွာ”

မေးရိုးတစ်ဖက်ကို လက်နှင့်အုပ်ပြီး ညည်းနေသည့် ဒေဝါကိုကြည့်ပြီး ငှက်က အဓိပ္ပာယ်ပါပါပြုံးရင်း ရွှေးနေသည့်အထပ်ကို ခပ်ပြုံးပြုံး လှမ်းကြည့်သည်။

“ရွှေးက မင်းကို အချစ်စမ်းလိုက်တာကွ ဒေဝါ၊ မင်း သူ့ကိုပြန်ချစ်ဖို့ စဉ်းစားထား”

“ဘာကိစ္စ ငါက သူ့လိုမိန်းမကို ပြန်ချစ်ရမှာလဲကွ၊ မှန်းစရာကောင်းတဲ့မိန်းမကို မင်းတို့ပဲချစ်ကြ”



www.burmeseclassic.com

www.burmeseclassic.com



"တော်…တော်တော်စိတ်ပုပ်တဲ့ မိန်းမ"

"ကဲ…ကဲ နောက်မှ ဒေါသဖြစ် ဒေဝါ၊ ခု ကားပေါ်တက်၊ ဆေးခန်းသွားမယ်"

"အား…ကျွတ်…ကျွတ်"

ဒေဝါမှာ တညည်းညည်း တညူညူဖြင့် ကသစ်ကားပေါ်တက်လိုက်၏။ စိတ်ထဲကတော့ လှသလောက် စွာသော ရွှေကိုနည်းနည်းမှ မကျေနပ်။ သူတို့ကားပေါ်အတက်မှာ မေညို့ကားလေးရောက်လာ၏။

"ကိုငှက်တို့ပါလား၊ ဘယ်သွားမလို့လဲ"

"ဒေဝါ သွားကိုက်လို့ ဆေးခန်းသွားပြမလို့ မေညို"

"ဩော်"

ငှက်က ဒေဝါကို မေးဆတ်ပြရင်း မေညို့နား လျှောက်သွားကာ…

"မေညို့သူငယ်ချင်းက တော်တော်ဆိုးတာပဲဗျာ၊ ဒေဝါသွားကိုက်နေတာကို ညှော်တိုက်လွှတ်လိုက်တယ်"

"အို…မဖြစ်နိုင်တာရှင်၊ မတော်တဆ ဖြစ်သွားတာနေမှာပါ၊ မေညို့သူငယ်ချင်းက ဒီလောက်မဆိုးပါဘူး"





သူငယ်ချင်းကို လာထိတော့ မေညိုကလည်း မခံ။ ပြန်လည်ကာကွယ်ပြောဆိုတော့ ဒေဝါမှာ ပိုဒေါသဖြစ်ရသည်။

"မင်း ဘာမှအပိုတွေပြောမနေနဲ့ ငှက်၊ မိန်းမညာဏ်ဆိုတာ အဲဒါကိုပြောတာ၊ ဟိုတစ်နေ့ကကိစ္စကို မကျေနပ်လို့ တမင် ငါ့ကို ဒုက္ခရောက်အောင် လုပ်တာ ရှင်းနေတာပဲ"

"အဲဒီလို ဇွတ်မပြောပါနဲ့ ဒေဝါ၊ ရှင်သွားကိုက်တာ ရွှေက ဘယ်လိုသိမှာလဲ၊ မေညို့သူငယ်ချင်းက အဲဒီလောက် အောက်တန်းမကျဘူးရှင့်"

"မင်းသူငယ်ချင်းက အောက်တန်းမကျဘူးဆိုတော့ ငါက အောက်တန်းကျတယ်ပေါ့ ဟုတ်လား"

"အဲဒါ မေညို မပြောဘူးနော် ဒေဝါ၊ ရှင့်ဘာသာပြောတာ"

"ကဲ…တော်ကြပါတော့ကွာ၊ ငှက် လာကွာ ဒေဝါကို ဆေးခန်းသွားပြကြမယ်"

"မေညို ကိုယ်သွားပြီနော်"

"ဟုတ်ကဲ့"

ကသစ်က ဦးဆောင်ပြီး ခေါ်သွား၍ မေညိုနှင့် စကား



www.burmeseclassic.com

www.burmeseclassic.com



ဆက်မပြောဖြစ်တော့သော်လည်း ဒေဝါမှာ ရွှေ လုပ်ပုံကို မကျေနပ်။ သွားကိုက်လို့ သွားပြောတာကိုပဲ မျက်နှာထားတင်းတင်းနှင့် ဒေဝါကို လဲသေနိုင်းလိုက်သေးသည်။ ဒါကြောင့်လည်း မိန်းမဆိုဘယ်မိန်းမကိုမှ ဒေဝါ ကြည့်မရ။

သူတို့ကိုယ်သူတို့ ချောတိုင်းလှတိုင်း ဘယ်လိုလူနှင့်မှ တူသည်၊ တန်သည်မထင်ဘဲ ဘဝင်မြင့်နေသည်ဟု ထင်သည်။

ချောတိုင်း၊ လှတိုင်းဆိုသည့်နေရာမှာ ဒေဝါ မျက်ခုံးတွန့်သွားကာ သူ့အတွေးသူ မကျေမနပ်ဖြစ်သွားသည်။ ဒီလောက်သူ့ကို ဒုက္ခပေးနေသည့် မိန်းမကို ဒေဝါကိုယ်တိုင် ချောကြောင်းလှကြောင်း ဝန်ခံနေသလိုကြီး ဖြစ်နေတာကို မကျေနပ်။

ဒါပေမဲ့ ရွှေ မျက်နှာလှလှလေး ဘာတစ်ခုမှ မပြင်ဆင်ဘဲ ဒီအတိုင်း လှချင်တိုင်း လှနေတာကို အနီးကပ်မြင်လိုက်ရတိုင်း ဒေဝါ့စိတ်ထဲ တစ်မျိုးဖြစ်ဖြစ်သွားရတာကိုလည်း ဝန်မခံလို့မဖြစ်။ သူ့ကိုယ်သူ ဘာဖြစ်လို့ ဖြစ်မှန်းမသိပေမယ့် ရွှေကို စိတ်ဆိုးဒေါသဖြစ်တိုင်း ရွှေအကြောင်းချည်း တွေးနေမိသည်။

သွားဆရာဝန်က ဒေဝါကို ဆေးမထိုးချင်၍ သောက်ဆေးပေးလိုက်သည်။





"ဒီဆေးသောက်ကြည့်၊ မသက်သာဘူး ပိုဆိုးလာရင် သွားနှုတ်သင့်နှုတ်ရမယ်"

"ဟာ…အဲဒါတော့ မလုပ်ပါနဲ့ဗျာ၊ သွားတော့ မနှုတ်ပါရစေနဲ့"

"သဘောပြောတာပါကွ၊ မင်းကလည်း မလိုအပ်ရင် ဘာမှမလုပ်ပါဘူး"

ဆရာဝန်က ရယ်ရယ်မောမော ပြောလိုက်မှ ဒေဝါ သက်ပြင်းချလိုက်သည်။

"ဘယ်လိုလဲ ဒေဝါ၊ မင်း အိမ်ပြောင်းတော့မလား"

ကာသစ်အမေးကြောင့် ဒေဝါ့မျက်လုံးထဲ ရွှေမျက်နှာလေး ဖျတ်ခနဲ ပြေးဝင်လာ၏။

"ဘာကိစ္စ ငါကပြောင်းရမှာလဲ၊ ပြောင်းချင်ပြောင်း သူပဲ ပြောင်းရမှာ"

ဒေဝါ့စကားအဆုံးမှာ ကာသစ်နှင့် ငှက်က တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ပြုံးလိုက်သည်။

"ရွှေက တော်တော်လှတယ်နော် ဒေဝါ"

"အဲဒါ ငါက ဘာလုပ်ရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ကို မင်းအသွားအတွက် အကူအညီတောင်းနေမယ့် အစား ရွှေးကိုပဲ"

"တော်ကွာ...မင်းစကား ဒီမှာပဲရပ်"

"ဘာဖြစ်လို့လဲကွ၊ ငါက အကောင်းပြောတာကို၊ မင်းတို့ အကြောင်း ငှက် ပြောပြလို့ ငါ အားလုံးသိပြီးပြီ၊ ရွှေးက မင်းနဲ့တူ တယ်ကွ"

"ဘာမှမတူဘူး"

နှုတ်ဖျားက ဝန်မခံချင်၍ ငြင်းဖြစ်အောင် ငြင်းလိုက်သော် လည်း စိတ်ထဲမှာတော့ ရွှေးက သူနှင့်တူတာကိုပဲ ဝန်ခံချင်သလို လို ဘာလိုလို။

"ဘာပဲဖြစ်ဖြစ် ငါနဲ့ငှက်ကတော့ မင်းကို ရွှေးနဲ့သဘော တူတယ်၊ တို့ပြောချင်တာ ဒါပဲ"

ကသစ်က သူပြောချင်တာပြောပြီး စကားကို တစ်ခါထဲ အဆုံးသတ်ပစ်လိုက်၍ ဒေဝါ ဘာပြန်ပြောရမှန်းမသိ ဖြစ်နေစဉ်မှာ ပင် ကားက ဒေဝါတို့တိုက်ရှေ့မှာ ရပ်သွားသည်။

တစ်ပြိုင်နက်ထဲမှာပင် ဒေဝါတို့ကားနားက လှပသော အနီရာင်ပြိုင်ကားတစ်စီး ရပ်တန့်လာပြီး ကားပေါ်မှ ခပ်ဖြောင့်ဖြောင့်





လူတစ်ယောက် ဆင်းလာကာ ဒေဝါတို့ရှေ့က လှေကားပေါ် ခပ်တည်တည် တက်သွားတာ မြင်လိုက်ရသည်။

"ဘယ်သူလဲကွ ဒေဝါ"

"ငါလည်းမသိဘူး"

ငှက်အမေးကို ဒေဝါ ခေါင်းခါလိုက်သည်။ တကယ် လည်း ထိုလူကိုမသိ။ သူငယ်ချင်းသုံးယောက် လှေကားအတိုင်း တက်သွားသည့်လူကို ကြည့်နေစဉ် ရွှေးမှာလည်း သူမအခန်းမှ လူခေါ်ဘဲလ်သံ မြည်လာ၍ မှန်ပေါက်လေးမှ လှမ်းအကြည့်..

"ဟယ်တော့"

"မေညိုရေ...လုပ်ပါဦး၊ အပြင်မှာ အပြင်မှာ"

"အပြင်မှာ ဘာဖြစ်လို့လဲ ရွှေးရဲ့"

"ဟိုလူ...ဒယ်နီ ရောက်နေတယ်၊ သူမေးရင် ရွှေးဒီမှာ မနေဘူးလို့ ပြောလိုက်နော် မေညို"

ရွှေးပြောရင်း အခန်းထဲ ပြေးဝင်သွားသဖြင့် မေညိုမှာ ရွှေးကိုယ်စား တံခါးဖွင့်ပေးရင်း...

"ဘာကိစ္စရှိလို့ပါလဲရှင်"

"ကျွန်တော့်နာမည် ဒယ်နီပါ၊ ရွှေးနဲ့တွေ့ဖို့လာတာပါ



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျာ''

''ဒါဆို လိပ်စာမှားနေပြီ၊ ဒီအခန်းမှာ ရွှေဆိုတာ မရှိဘူး ရှင့်''

''ဗျာ''

''ဒီအခန်းက ကျွန်မ ငှားနေတာ''

မေညို့အပြောကြောင့် ဒယ်နီ မျက်ခုံးနှစ်ဖက် တွန့်သွားသည်။ ထို့နောက် အခန်းထဲသို့ မျက်လုံးတစ်ချက် ဝေ့ကြည့်ရင်း

''ဆောရီးဗျာ..သူ့မာမီ ပြောတာကတော့ ဒီလိပ်စာပဲ၊ အခန်းနံပါတ်မှားတာလား မသိဘူး၊ ဒါနဲ့ ဟိုဘက်ခန်းမှာ ဘယ်သူ နေတာလဲ''

''ရှင်ပြောတဲ့ မိန်းကလေးတော့ မဟုတ်ဘူး၊ ယောကျာ်း လေးတစ်ယောက်ပဲ၊ သူ အခုမရှိဘူးရှင့်''

''ကျေးဇူးပဲဗျာ၊ ကျွန်တော် သွားလိုက်ပါဦးမယ်''

''ဟုတ်ကဲ့''

ဒယ်နီ ထွက်သွားမှ မေညို တံခါးပိတ်ရင်း သက်ပြင်းချ လိုက်၏။

''တော်ပါသေးရဲ့၊ လွယ်လွယ်နဲ့ယုံလို့''





''ကဲ...ဒေါ်ရွှေ၊ ထွက်ခဲ့ပါတော့၊ ရှင့်လူပြန်သွားပါပြီ''

သည်တော့မှ အခန်းထဲမှ ရွှေ ထွက်လာ၏။

''တော်ပါသေးရဲ့၊ မေညို ရှိနေလို့''

''အန်တီသိရင် မလွယ်ဘူးနော် ရွှေ''

''ဘာကိစ္စ မတွေ့ဘဲ ရှောင်နေရတာလဲဟယ်၊ ယူ့လူက မဆိုးပါဘူး၊ ချောသားပဲ''

''သူ့ကို ဆိုးတယ်လို့လည်း ရွှေ မပြောပါဘူး မေညို ရယ်၊ ရွှေ အတွေ့မခံတာက နောက်လာတွေ့နေမှာ စိုးလို့''

''အန်တီမေးရင် ဘယ်လိုဖြေမလဲ ရွှေ''

''ဒီလိုပဲ ပြောရမှာပေါ့၊ မာမီဆူလည်း မတတ်နိုင်ဘူး''

''အင်း...ရှင်ကတော့ လုပ်ပြီ''

ရွှေအကြောင်း သိတာမို့ မေညို ဘာမှဆက်မပြော။ ညနေ ရောက်မှ မေညို ပြန်သွား၏။ ရွှေတစ်ယောက်တည်း အတွေး ပေါင်းစုံနှင့် အိပ်ပျော်သွား၏။

''အို...မီးပျက်နေပြီ၊ ဒုက္ခပဲ''

ရွှေ တရေးနိုးလာချိန်မှာ တစ်ခန်းလုံး မည်းမှောင်နေ၏။ ...အနားမှာ အသင့်ရှိနေသည့် ဓာတ်မီးကို လက်နှင့်စမ်းနေချိန်မှာ



www.burmeseclassic.com

www.burmeseclassic.com



အခန်းအပြင်မှ တဂျစ်ဂျစ် ကြားနေရသည့် အသံကြောင့် လန့်သွားသည်။ သူခိုးများလားဆိုသည့် အတွေးနှင့် အသံလာရာကို သေချာနားစွင့်လိုက်တော့ အသံက နောက်ဖေးလှေကားဘက်က အသံဖြစ်နေ၍ ခြေသံခပ်ဖွဖွနင်းပြီး မှောင်မှောင်မည်းမည်းထဲ အသာကပ်သွားတော့ ပိုသေချာသွားသည်။ တစ်စုံတစ်ခုကို တိုက်ဖြတ်နေသံ။ လက်ထဲက ဓာတ်မီးကို မဖွင့်ရဲဘဲ ကိုယ့်အိမ်ရှေ့ခန်းကို ပြန်လာရင်း နာရီကို လှမ်းယူကြည့်လိုက်၏။ အချိန်က ညနှစ်နာရီခွဲ။ ရွှေဘာလုပ်ရမှန်းမသိ။ ချွေးပျံလာသည်။ တံခါးကိုဖွင့်ပြီး သူခိုးကိုဖမ်းရမှာလား။ ဒါမှမဟုတ် တစ်ရပ်ကွက်လုံးကြားအောင် အော်ပြီးအကူအညီတောင်းရမှာလားဆိုတာ ကိုယ့်ဘာသာလည်း မဝေခွဲတတ်။

ဒီအတိုင်း ကြာနေလို့ကလည်း မဖြစ်။ ဟိုဘက်ခန်းကလူကို စိတ်ထဲက ဖျတ်ခနဲ သတိရလိုက်ပြီးမှ ညနေကပြဿနာကို ပြန်တွေးကာ စိတ်ညစ်သွားသည်။

"ဝုန်း…ဒုန်း"

"ဟော"

နောက်ဘက်က တစ်စုံတစ်ခု ပြုတ်ကျသံကြောင့် ရွှေ





ကိုယ်လေး ဆတ်ခနဲ တုန်သွားသည်။ သူခိုးအိမ်ထဲ ရောက်လာမှဖြင့်။ အတွေးနှင့် ရွှေ အခန်းကို အသံမကြားအောင်ဖွင့်ပြီး တစ်ဖက်ခန်းက ဒေဝါအခန်းတံခါးကို တဒုန်းဒုန်းထုလိုက်သည်။

"ဒီမှာရှင့်…ဒီမှာ"

"ဒုန်း…ဒုန်း"

"ဟော့…ဘယ်သူလဲ"

"ဒုန်း"

အခန်းတံခါး ထုရိုက်သံကြောင့် အခန်းထဲမှ အိပ်မှုန်စုံမွှားသံဖြင့် ဒေဝါ အော်ရင်း တံခါးဖွင့်လာ၏။

"ဟင်…ခင်ဗျား"

ရွှေကိုတွေ့တော့ ဒေဝါ မျက်နှာတည်ခနဲဖြစ်သွားသည်။ အချိန်မတော် ညကြီး ဒီမိန်းကလေး ဘာပြဿနာလာရှာတာလဲဆိုသည့် အတွေးနှင့် ရွှေမျက်နှာလေးကို ကြည့်ပြီး…

"ညကြီးသန်းခေါင် ခင်ဗျား ဘာလာလုပ်တာလဲဗျ"

"ဟို…ဟို ကျွန်မအခန်းကို သူခိုးဝင်နေလို့ပါရှင့်"

"ဘာဗျ၊ ဘာပြောတယ်"

"သူခိုးရှင့်၊ သူခိုး၊ အရှေ့ပေါ်လှေကားက တက်လာပြီး



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မအခန်းကို ဖောက်နေတာ''

''ဟာ''

ကြောက်စိတ်ကြောင့် မျက်နှာဖြူဖျော့ဖျော့ဖြစ်နေသော ရွှေ ပုံစံလေးက အခုလိုကြတော့လည်း သနားစရာ။

''ရှင့်အခန်းက မီးလင်းနေသားပဲနော်၊ ကျွန်မအခန်းက မီးမလာဘူးရှင့်''

''မီးပျက်သွားအောင် သူခိုးလုပ်တာလားမသိဘူး၊ ကျွန်မ အခန်းကို တစ်ချက်လောက် လိုက်ကြည့်ပေးပါဦးရှင်''

ကိုယ့်ရန်သူမှန်းပင် သတိမရနိုင်အောင် မှောင်မည်းနေ သော အခန်းနှင့် သူခိုးရန်ကို ကြောက်ကာ သူမအခန်းကို လိုက်ကြည့်ပေးဖို့ရန် အကူအညီ တောင်းနေမိသူက ရွှေ။

''မဖြစ်ဘူးဗျ''

ဒေဝါထံမှ ငြင်းဆန်စကားကြောင့် ရွှေ မျက်နှာပျက်သွား၏။

''နေ့လည်က ဖြစ်ခဲ့တဲ့ကိစ္စကို ရွှေ တောင်းပန်ပါတယ်၊ အဲဒါကို ရှင် မကျေနပ်လို့မဟုတ်လား၊ ဒါက တကယ့်ကို မတော် တဆဖြစ်တာပါ''





ဒေါသတွေ၊ မာန်တွေ ဘေးချိတ်ပြီး ဒေဝါကို တောင်းပန် စကားဆိုနေသည့်အဖြစ်ကို မေညှိုသာသိလျှင် ရွှေကို ဘာပြောမည် မသိ။ ဒေဝါကတော့ ရွှေအဖြစ်ကိုကြည့်ပြီး စိတ်ထဲ ကျိတ်ပြုံးလိုက် သည်။ မိန်းမဆိုတာ ဒါပဲ။ လိုရင်တစ်မျိုး မလိုရင်တစ်မျိုးဆိုတာ။

''ဒီမှာရှင့်…ရွှေပြောနေတာ ကြားရဲ့လား''

''ကြားတယ်၊ ဒါပေမဲ့ ညကြီးအချိန်မတော် မိန်းကလေး တစ်ယောက်တည်း နေတဲ့အခန်းထဲကို လိုက်ဖို့ဆိုတာ''

''ဘယ်သူမှ ရှင့်ကို ကိုက်မစားပါဘူး၊ မတတ်သာလို့ ဒီကလည်း ရှင့်ကိုခေါ်နေတာပါ''

စောစောက ကြောက်နေသော စိတ်ပင် ရွှေမှာ ပျောက် သွားပြီး ဒေဝါကို ဒေါသဖြင့် ကြည့်လိုက်မိ၏။ ယောကျ်ားကြီးဖြစ် ပြီး သူကများ ရွှေကို တင်တင်စီးစီးနဲ့။ ရွှေကိုက မှားတာပါ။ ဒီလိုလူကိုများ အကူအညီသွားတောင်းရတယ်လို့။

''တော်ပြီ…တော်ပြီ၊ ရွှေဘာသာ ဘာဖြစ်ဖြစ် ရှင်လိုက် ကြည့်ပေးစရာ မလိုတော့ဘူး''

ပြောပြီး ကျောခိုင်းလိုက်သည်။

''ဒီမှာ မင်းအခန်းကို လိုက်မကြည့်ပေးဘူးလို့ ကျုပ် မပြောရသေးဘူး၊ ပေး မင်းလက်ထဲက ဓာတ်မီး''



www.burmeseclassic.com

www.burmeseclassic.com



ပြောရင်း ရွှေးလက်ထဲက ဓာတ်မီးကို ဆွဲယူပြီး ဒေဝါက သူ့အခန်းကိုပိတ်ပြီး ရွှေးရှေ့က ဦးဆောင်ကာ ရွှေးအခန်းထဲဝင်ပြီး မီးကြိုးများကို စစ်ဆေး၏။

"ဖျူးစ်ပြတ်သွားတာဗျာ၊ ဒါက ပြင်လို့ရပါတယ်"

"နောက်က သူခိုးကိစ္စကရော"

"ကျုပ်သွားကြည့်လိုက်မယ်"

ရွှေးက ဒေဝါနောက်မှ ရင်တထိတ်ထိတ်နှင့် ကပ်လိုက်သွားပြီး သူ နောက်ဖေးတံခါးကို ဆွဲဖွင့်လိုက်တာနှင့် ဒေဝါနောက်မှာ ဝင်ပုန်းပြီးသား ဖြစ်နေ၏။

"ဘာမှလဲ မရှိပါလား"

ရွှေး ကြည့်လိုက်တော့ တကယ်ပင် ဘာမှမရှိသလို ဘယ်သူ့ကိုမှ မတွေ့ရပါ။

"ခုနတုန်းကတော့ ရှိတယ်ရှင့်"

ဒေဝါက ရွှေးမျက်နှာလေးကို ငုံ့အကြည့် ရွှေးကလည်း ဒေဝါကို မော့အကြည့် နှစ်ယောက် နီးကပ်လွန်းသော အနေအထား တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိလျက်သား ဖြစ်သွား၏။ ဘယ်သူမှ အကြည့်ကိုမလွှဲမိဘဲ ရှိနေရာမှ ရွှေးမျက်နှာလေး နီလာပြီး အကြည့်ကို ဖျတ်ခနဲ လွှဲလိုက်သည်။





ဒီတော့မှ ဒေဝါလည်း သူ့အကြည့်လွန်သွားသည့်အဖြစ်ကို သတိရသွားသလို ရင်ထဲမှာလည်း တစ်မျိုးဖြစ်သွား၏။

"ကျုပ်တို့အသံကြားလို့ သူခိုးလည်း ပြေးရောပေါ့၊ ခင်ဗျား အခန်းမီးကို ပြင်ပေးမယ်"

"ဟုတ်ကဲ့"

ရွှေးအခန်းက မီးကို ပြန်ပြင်ပေးရင်း မီးရောင်အောက်မှ အလှကြီးလှနေသော ရွှေးမျက်နှာလှလှလေးကို မကြာခဏ ခိုးကြည့်မိလျက်သား ဖြစ်နေ၏။

"မီးလည်းလင်းပြီ၊ ကျုပ်သွားတော့မယ်"

"ကျေးဇူးတင်ပါတယ်"

"မလိုပါဘူး"

"အို"

ဂျစ်ကန်ကန်အပြောနှင့် ရွှေး၏ ကျေးဇူးတင်စကားကို လက်မခံဘဲ ထွက်သွားသည့် ဒေဝါ့ကျောပြင်ကို ကြည့်ရင်း ဒီတစ်ခါတော့ ဒေဝါကို ရွှေး ဒေါသမထွက်နိုင်တော့ဘဲ အခန်းတံခါးကို ပိတ်လိုက်၏။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

"ဟေ့···ကသစ်၊ လောကကြီးမှာ အချစ်ဆိုတာ တကယ်ရှိလားကွ"

အားလုံး ငြိမ်နေချိန်မှာ ငှက်က ထမေးလိုက်၍ အေဝ့်စိတ်ထဲ ငှက်ကို အံ့ဩသွားသလို ကသစ်ကလည်း ငှက်ထံမှ ထူးဆန်းစွာ မေးလာသည့် အချစ်စကားကြောင့် မျက်ခုံးကိုတွန့်ရင်း···

"မင်းက ဘာကြောင်တာလဲ ငှက်"

လက်ထဲက ဂစ်တာကြီးကို တစ်ချက်ဆွဲဖီချလိုက်ရင်း ကသစ်က ငှက်ကို ပြန်မေး၏။ ငှက်ထံမှ ဘာသံမှမကြားရဘဲ အတန်ကြာ ငြိမ်နေပြီးမှ···





"အချစ်ဆိုတဲ့စကားကို ဟိုတုန်းက ငါ လုံးဝမယုံခဲ့ဘူး ကသစ်"

"အခု မင်းက ယုံချင်နေလို့လား"

"အေး"

"ဟား···တယ်မိုက်ပါလား၊ ပြောစမ်းပါဦး မင်းက ဘယ်သူ့ကို ချစ်မိတာလဲ"

"ချစ်မိပြီလို့တော့ မပြောသေးပါဘူးကွာ၊ ဒါပေမဲ့ လူတစ်ယောက်ကို ခဏခဏ သတိရနေတာကို ငါ့ကိုယ်ငါ နားမလည်နိုင်ဘူးဖြစ်နေလို့ကွ"

ငှက်စကားကို နားထောင်ပြီး ကသစ်က ရယ်သည်။ ပြီးတော့ ခေါင်းကို ခါယမ်းလိုက်သည်။

"မင်းတော့ ကြောင်နေပြီ ငှက်"

"ငါကြောင်တာ မဟုတ်ဘူး ကသစ်၊ အချစ်ဆိုတဲ့ အဓိပ္ပာယ်ကို ငါတကယ်သိချင်လို့ မေးတာ"

"အချစ်···ဟုတ်လား"

"အံ့ဩစရာပဲကွ၊ အချစ်ဆိုတဲ့ စကားလုံးကို ဒါ ပထမဦးဆုံးအကြိမ် ငါတို့အဖွဲ့ထဲမှာ ကြားရတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ကသစ်အပြောကြောင့် ငှက်မျက်နှာ အနည်းငယ် နီသွားသည်။ ကသစ်ပြောရလောက်အောင် သူတို့အဖွဲ့က တကယ်ပဲ အချစ်နှင့် ကင်းကွာခဲ့ကြသူတွေ။ ဒီလိုလူတွေထဲမို့ အချစ်အကြောင်း မေးလာတော့ ကသစ်ရယ်တာ မဆန်း။

"ဒီစကားကြားရတာ မင်းစိတ်ထဲမှာ ရယ်စရာ ဖြစ်ချင် ဖြစ်နေပေမယ့် ငါ အတည်ပြောနေတာကွ"

"ဟေ"

ငှက်က အတည်ပေါက်ပြောလာတော့ ကသစ် တကယ်ပဲ အံ့ဩသွားလျက် ဒေဝါကို ဘယ်လိုလဲဟု မေးဆတ်ပြ၏။ ဒေဝါ ပခုံးတစ်ချက်တွန့်လိုက်သည်။

"အချစ်ဆိုတာ ဘယ်လိုလဲ၊ လောကကြီးမှာ အချစ်ဆို တာ ရှိသလား ကသစ်"

"မင်းမေးခွန်းက အဆင့်မြင့်လွန်းတယ်ကွ၊ ဒီမေးခွန်းကို ဒေဝါ့ကို မမေးဘဲ ဘာကြောင့် ငါ့လာမေးတာလဲ ငှက်"

ကသစ် မျက်နှာရှုံ့လျက်ပြောတော့ ငှက်က ခေါင်းခါ၏။

"ဒေဝါကို ဘာလို့မေးရမလဲကွ၊ ဒီကောင်က ကျောက်ရုပ် ပဲ၊ အချစ်အကြောင်းမေးလည်း အပိုပဲနေမှာ၊ လက်တွေ့ပဲကြည့်ပါ





လား ဒီလောက်လှတဲ့ ရွှေနှဲ့တောင် ရန်ဖြစ်နေတာ၊ ဒီကောင့်မှာ နှလုံးသားမရှိဘူးကွ"

"အဲဒါနဲ့ ဘာဆိုင်လဲကွ"

ကသစ်က ငှက်စကားကို နားမလည်သလို မေးသည်။ ဒေဝါမှာလည်း ငှက် ဘယ်လိုဖြေရှင်းမလဲဆိုတာ စိတ်ဝင်စားသွား၏။

"သိပ်ဆိုင်တာပေါ့၊ ဒေဝါမှာသာ အချစ်ဆိုတာရှိရင် ရွှေလို လှပတဲ့ မိန်းကလေးကို စိတ်ဝင်စားမှာပေါ့ကွ"

ဩော်···ဒါနဲ့ပဲ သူ့မှာ အချစ်မရှိဘူးလို့ ငှက်က ထင်ထားသည်ကိုး။ ဒေဝါ ဘာမှမပြောဘဲ ငြိမ်နေတော့ ကသစ်က ဒေဝါကို လှမ်းကြည့်သည်။

"ငှက်ပြောတာ ဟုတ်လား ဒေဝါ"

"သူပြောသလိုပဲ ထားလိုက်ပါကွာ၊ ငါက ကျောက်ရုပ် အသည်းနှလုံးဆိုတာ"

ငှက်က ဒေဝါ အဖြေစကားကို နားထောင်ပြီး ကသစ်ကို 'ငါမပြောဘူးလား'ဆိုသည့် သဘောဖြင့် ကသစ်ကို ကြည့်၏။ ကသစ်က ငှက်ဘက် ပြန်လှည့်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး…မင်း ခဏခဏ သတိရနေမိတာက ဘယ်သူလဲ"

သည်တော့ ငှက်မျက်နှာ အနည်းငယ်နီလျက် ပြုံးလိုက်သည်။

"ရွှေးသူငယ်ချင်း မေညို"

"မေညို့ကို"

"အေး"

"မေညို့မျက်နှာလေးကို မြင်ချင်တယ်၊ တွေ့ချင်တယ်၊ သူ့အသံလေး ကြားချင်တယ်၊ အစုံပဲကွာ၊ အဲဒါ အချစ်လား"

"ငါသိချင်တာ ဒါပဲ"

ငှက်က သူခံစားသမျှကို ရိုးသားစွာ ဝန်ခံသည့်အခါမှာတော့ ကသစ်ကိုယ်တိုင် ဘာမှမပြောနိုင်ဘဲ ဖြစ်သွား၏။ ဒေဝါကိုယ်တိုင်လည်း ဒီရက်ပိုင်းတွေမှာ ရွှေးကို ထူးခြားစွာ သတိရနေတတ်၍ ငှက်နှင့် အဖြစ်ချင်းတူနေသော ကိုယ့်အဖြစ်နှင့်ကိုယ် စိတ်မလုံဘဲ ဖြစ်သွား၏။

မီးပြင်တဲ့ညက ရွှေးမသိအောင် ရွှေးအလှကို ခိုးကြည့်နေတုန်း ဒေဝါ့အကြည့်ကို သတိထားမိသည့် ရွှေးမျက်နှာလေး နီရဲ၍





အရှက်သည်းသွားတာကို ဒေဝါ ဒီနေ့အထိ မမေ့။ ဒါ ဘာကြောင့်လဲဟု ဒေဝါ မစဉ်းစားမိ။

အခုကြမှ ငှက်ပြောမှ ဒါဟာ 'အချစ်'လားဟု စဉ်းစားမိရင်း ဆတ်ခနဲ ခေါင်းခါလိုက်၏။ မဖြစ်နိုင်။ အချစ်ဆိုတာကို ဒေဝါ ဘယ်တုန်းကမှ စိတ်ဝင်စားခဲ့တာမှ မဟုတ်ဘဲ။

"အင်း…ဒီလို သတိရနေတယ်ဆိုတာ အချစ်တော့အချစ်ပဲကွ၊ ဒါပေမဲ့ မင်းအဖြစ်က အချစ်ရဲ့အစပဲ ရှိသေးတယ်၊ ဒီတော့ ရောဂါနုတုန်း ကုလိုက်ရင် ပျောက်သွားနိုင်တယ် ငှက်"

ကသစ်ပေးသော အကြံကြောင့် ငှက်မျက်နှာ ရှုံ့မဲ့သွားသည်။

"အချစ်ပါဆိုမှကွာ၊ ပျောက်အောင် ကုလို့ရတယ်ရှိသေးလား"

"ဟာ…ရှိတာပေါ့၊ အခု မင်း မေညို့ကို မကြာခဏ သတိရနေတယ်ဆိုတာ၊ ဒါကို မေ့ပစ်လိုက်ရင် သူ့အလိုလို ပျောက်သွားမှာပေါ့ကွ"

"မမေ့နိုင်ဘူးဟ၊ မမေ့နိုင်ဘူးကွ၊ မေ့ဖို့ ကြိုးစားမှ ပိုတောင်သတိရလာသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



ငှက်အဖြေကြောင့် ဒေဝါ ကြိတ်ပြုံးလိုက်သည်။ သူလည်း ရွှေးကို မေ့နိုင်အောင် ကြိုးစားတာပဲ။ ဒါပေမဲ့ မေ့ဖို့ကြိုးစားလေ ပိုလို့သတိရလာလေ။ ဘယ်လောက်ခက်လဲ။

"ဒါဆို မင်းရောဂါ အတော်ရင့်နေပြီ ငှက်၊ ဒီတော့ မေညိုကို ဖွင့်ပြောလိုက်၊ ကဲ…ဒီနေ့တော့ ငါတို့အုပ်စုထဲမှာ မင်းက အချစ်အကြောင်း စပြောလို့ တို့ကို ဟိုတယ်မှာ အဝလိုက်ကျွေးတော့ ဒေဝါ ထောက်ခံတယ်မဟုတ်လား"

"သိပ်ထောက်ခံတာပေါ့"

"ကဲ…ဒါဆို အိုကေ၊ သွားကြမယ်"

ငှက်က ကိုယ့်အပြစ်နှင့်ကိုယ်မို့ ဆိုပေမယ့် မျက်နှာက ခပ်ပြုံးပြုံး။ အချစ်ကြောင့် ဒဏ်ခတ်ခံရတာကိုပဲ ကျေနပ်နေသလိုလို။ ပျော်နေသလိုလို။

"မင်းတို့ကို အခု ငါကျွေးတယ်၊ ငါ မေညို့ဆီ သွားဖို့ ခေါ်ရင်လည်း မင်းတို့ မငြင်းရဘူး မှတ်"

ငှက် ပြန်၍ အကျပ်ကိုင်၏။ ကသစ်ကတော့ ခပ်သွက်သွက်ပင်…

"အိုကေ…မငြင်းဘူးကွာ"





ဒေဝါက ဘာမှမပြောဘဲ အသာငြိမ်နေသည်။ မေညို့ဆီ သွားတာက အကြောင်းမဟုတ်။ မေညို့ဘေး၌ အမြဲရှိနေသော ရွှေးနဲ့ သူ ဘယ်လိုမျက်နှာချင်းဆိုင်မလဲ။

"ဟယ်…ဟိုမှာ ဒေဝါတို့ပါလား၊ သူတို့ ဘယ်သူ့ကို လာစောင့်နေလဲ မသိဘူးနော် ရွှေး"

ကွန်ပျူတာသင်တန်းမှ ဆင်းလာတော့ မမျှော်လင့်ဘဲ ဒေဝါတို့အုပ်စုကို တွေ့လိုက်ရ၍ မေညို အံ့သြစွာ ရွှေးဘက်ကို လှည့်ပြောခြင်းဖြစ်သည်။ အရင်က ဒေဝါတို့အဖွဲ့ ဒီလိုနေရာမှာ တစ်ခါမှ မတွေ့ဘူး၍ အံ့သြနေမိ၏။

"တော်တော်ထူးဆန်းတာပဲ မေညို၊ သူတို့ ဒီသင်တန်းက တစ်ယောက်ယောက်ကို လာစောင့်နေတာထင်တယ်"

"မေညို့စိတ်ထင် ဒေဝါ လာစောင့်နေတာ ရွှေးကိုနေမှာ"

"သွားစမ်းပါ၊ ပေါက်ကရတွေ"

"ခစ်…ခစ်"

မေညိုက ရွှေးကို စရင်း တခစ်ခစ်ရယ်သည်။

"ညိုက စတာပါ ရွှေးရဲ့၊ သေချာတာကတော့ ဒီသင်တန်းထဲမှာ သူတို့အဖွဲ့ကို ဆွဲဆောင်နိုင်တဲ့ မိန်းကလေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တော့ ရှိနေပြီ''

''တိတ်တိတ်နေ မေညို၊ သူတို့ ရွှေးတို့ကို ကြည့်နေတယ်၊ ဘာပြဿနာရှာမလို့လဲ မသိဘူး''

ပြဿနာဆိုသည့် စကားကြောင့် မေညို နှုတ်ဆိတ်သွားသလို ရွှေးကလည်း သူမမျက်နှာလေးကို တင်းထားလိုက်သည်။ ရွှေးစိတ်ထဲကလည်း မီးပျက်ပြီး သူနိုးကပ်သည့်ညက ဒေဝါကို အကူအညီတောင်းခဲ့မိတာ အခုမှ နောင်တရနေ၏။ ဒေဝါဆိုသည့် လူက အစထဲက ကောင်းသည့်လူမဟုတ်။

သူ့သူငယ်ချင်းတွေကို ရွှေးအကြောင်း ဘာတွေပြောထားမှန်းမသိဟု တွေးပြီး မျက်နှာလေးကို တစ်ဖက်သို့ လှည့်ထားနိုက်မှာပဲ…

''မေညိုတို့ သင်တန်းဆင်းပြီလား''

''ဟုတ်ကဲ့၊ ကိုငှက်တို့ရော ဘယ်ကိုလာတာလဲ''

ငှက် စနှုတ်ဆက်ခြင်းဖြစ်၍ ညိုက အလိုက်သင့်ပြန်နှုတ်ဆက်သည်။

''မေညိုတို့ဆီကိုပဲဗျာ''

''ရှင်''





မေညိုမှာ ငှက် အဖြေစကားကို အံ့ဩမယုံနိုင်စွာ နားထောင်ရင်း ရွှေးကို ဖျတ်ခနဲ ကြည့်လိုက်၏။ ရွှေးကိုယ်တိုင်လည်း မထင်မှတ်သော စကားကြောင့် အံ့ဩလျက် ဒေဝါတို့အုပ်စုကို ပြန်ကြည့်သည်။

''သြော်…ဒီလိုပါ၊ မေညိုတို့နဲ့ ကျွန်တော်တို့က မိတ်ဆွေတွေဖြစ်နေကြပြီပဲ၊ အဲဒါ ဒီနေ့ ကျွန်တော့်မွေးနေ့လေ၊ ခင်မင်တဲ့ အထိမ်းအမှတ်အဖြစ် မေညိုနဲ့ရွှေးတို့ကို မနက်စာနဲ့ ဧည့်ခံချင်လို့ လာစောင့်နေတာ''

''အို''

ငှက်အပြောကို နားထောင်ပြီး ဒေဝါနှင့်ကာသစ်က ကြိတ်ပြုံးလိုက်သည်။ ငှက် မွေးနေ့က ပြီးတာကြာလှပြီ။ တမင် မေညိုနှင့် ရင်းနှီးအောင် အကြံအဖန် လုပ်နေတာကို သဘောကျ၍ပါ။

''ကျွန်တော်တို့နဲ့ လိုက်ခဲ့မယ်မဟုတ်လား မေညိုနဲ့ရွှေး''

ငှက် စကားအဆုံးမှာ ဒေဝါနှင့်ရွှေး မထင်မှတ်တဲ့ အကြည့်ချင်း ဖျတ်ခနဲ ဆုံသွား၏။ ချက်ချင်းပင် နှစ်ယောက်သား အကြည့်လွှဲသွားကြသည်။

''ဟို…ရွှေးသဘောကို အရင်မေးကြည့်ပါဦးရှင့်၊ ရွှေးက



www.burmeseclassic.com

www.burmeseclassic.com



သဘောတူရင် မေညို လိုက်ခဲ့ပါ့မယ်''

''ဟင်''

မိညို အစားပုပ်မ။ ပြဿနာကို ကိုယ့်ဘာသာ မဖြေရှင်း ဘဲ ရွှေးကို ဆွဲထည့်လာတော့ ရွှေးလည်း မတတ်နိုင်။

''ခင်လို့ဖိတ်တာပဲ မေညိုရယ်၊ ရွှေးလည်း လိုက်မှာပေါ့ ဗျာ၊ အခုချိန်ကစပြီး ကျွန်တော်တို့အားလုံး မိတ်ဆွေတွေဖြစ်သွား ကြပြီပဲ''

''ဟုတ်တယ်နော် ရွှေး''

မေညိုက လိုက်မသွားဘဲ ရွှေးကို အဖော်ခေါ်နေသေး၏။

''ဟုတ်ပါတယ် ရွှေး၊ လိုက်ခဲ့ဖို့ ကျွန်တော် ဖိတ်ခေါ်ပါရ စေ''

ငှက်ကပါ ဝင်၍တောင်းပန်နေ၏။ ဘယ်သူတွေ ဘာပြော ပြော ရွှေးက ဒေဝါနှင့် မျက်နှာချင်းမဆိုင်ချင်။

''ဝမ်းနည်းပါတယ်ရှင်၊ ကျွန်မ ခေါင်းကိုက်နေလို့ မေညို ကိုပဲ ခေါ်သွားလိုက်ပါ''

ရွှေးစကားကြောင့် ငှက်က မျက်နှာပျက်သွား၏။

ဒေဝါကတော့ သိလိုက်ပါပြီ။ ဒါ သူ့ကို တမင်ရှောင်





တယ်ဆိုတာ။ မေညိုက ချက်ချင်း ခေါင်းကိုက်သွားသော ရွှေးကို စာနာနားလည်စွာ လှမ်းကြည့်၏။

''ရွှေး ခေါင်းကိုက်နေရင် မေညိုလည်း မလိုက်တော့ပါ ဘူး၊ နောက်မှပဲ ဆုံကြတာပေါ့နော်''

''ရွှေး နေမကောင်းရင်လည်း ကျွန်တော်တို့ပါ ရွှေးကို ဆေးခန်းလိုက်ပို့ပါရစေ''

''ဟင်''

''အို''

အခုမှ တကယ့်ပြဿနာ။

ငှက်က မေညိုနဲ့ မတွေ့လိုက်မှာ စိုးရိမ်နေပုံနှင့် ရွှေးမျက်နှာ ကို အားကိုးတကြီး လှမ်းကြည့်လိုက်တာမို့ ရွှေး ရင်မောသွားသည်။ မေညိုကတော့ ရွှေးမျက်နှာလေးကိုပဲ ကြည့်နေ၏။ မေညိုကိုယ်တိုင် ငှက်အပေါ်မှာ စိတ်ဝင်စားနေတာ သိထားသော ရွှေးပဲ ဆုံးဖြတ်ရ တော့မည့် ... က်သွားသည်။ အားလုံး၏ အကြည့်တွေက ရွှေးထံမှာ။ အခုချိန် မှာ ရွှေး ဆုံးဖြတ်ချက်က အရေးကြီးဆုံးဖြစ်နေသည်။

''မေညိုကို အားမနာနဲ့နော်၊ မေညိုက ရွှေး သဘောပါ''

မေညိုက ငှက်မျက်နှာကို တမင်မကြည့်ဘဲ နေနေတာကို



www.burmeseclassic.com

www.burmeseclassic.com



က ရွေးအတွက် ပိုအနေခက်ဖို့ ဖြစ်သွားသည်။

"ဖြစ်နိုင်ရင် ကျွန်တော့်ကို ကူညီပါလား ရွေးရယ်"

ငှက်က ရင်ထဲကဝေဒနာကို အောင့်မထားနိုင်တော့သလို ရွေးနားကပ်ပြီး ခပ်တိုးတိုး တောင်းပန်သည်။ ဒေဝါတို့ကို ငှက်က ကျောခိုင်းထား၍ ငှက် နှုတ်ခမ်းလှုပ်တာရော၊ အမူအရာနှ တောင်းပန်တာရော ဒေဝါတို့က မမြင်။

"ရွေး"

မေညိုက ရွေးနာမည်ကို ခေါ်သည်။ ငှက်ကလည် ဝင်တောင်းပန်။ ရွေး မျက်ခုံးလေးတွန့်ကာ စဉ်းစားနေ၏။ အခု လိုက်သွားရအခက်၊ မလိုက်ဘဲ နေပြန်လျှင်လည်း ငှက်တောင်းသ အကူအညီကို မပေးသလို ဖြစ်မည်။

"ဒေဝါ...လာပါဦးကွ၊ ရွေးကို ကူပြောပေးပါဦး"

ငှက်စကားကြောင့် ဒေဝါအကြည့်က ရွေးထံ စူးလက် ရောက်လာ၏။ ဒီတစ်ခါတော့ သူ့အကြည့်ထဲမှာ ရန်လိုမှုမပါ

"ကိုယ့်ကြောင့် မလိုက်ချင်တာဆိုရင် ကိုယ် ဒီမှာပဲ မယ် ရွေး"

"ဘာဆိုင်လို့လဲ"





"မဆိုင်ဘူးလား"

ရွေး ရုတ်တရက် နှုတ်ဆိတ်သွားသည်။ ငှက်နှင့် ကာသစ် အကြည့်တွေက ရွေးထံမှာ စူးစမ်းစွာ ရောက်နေသလိုနှင့် မေညို ကိုယ်တိုင်ကလည်း ရွေးထံမှ အဖြေကို ဒိတ်ဝင်စားနေ၏။

"ကိုယ့်ကြောင့် မဟုတ်ဘူးဆိုရင် ရွေး မငြင်းပါနဲ့လို့ ကိုယ်တောင်းဆိုပါရစေ"

"အထင်မလွဲပါနဲ့ ရွေးရယ်၊ ကျွန်တော့်မွေးနေ့မို့ ရွေးတို့ကို ရိုးရိုးသားသား ဖိတ်တာပါ၊ ဒါကိုတော့ ရွေး ယုံပါဗျာ"

ငှက်က မျက်နှာငယ်နှင့် ဝင်ပြောလာတော့ ရွေးမှာ အများ နှင့်တစ်ယောက်ဖြစ်ကာ ဘာမှဆက်မပြောနိုင်ဖြစ်သွားသည်။

"ဒေဝါကြောင့် မဟုတ်ဘူးဆိုရင် ကျွန်တော် ဖိတ်ကြား တာကို ရွေး လက်ခံပါဗျာ၊ နော် မေညို၊ မေညို့သူငယ်ချင်းကို ကူပြောပါဦးဗျာ"

ငှက်က မေညိုကိုပါ အကူအညီတောင်းလာတော့ ရွေး နေလို့မရတော့။ ငှက် မွေးနေ့ဖိတ်တာကို လက်ခံလိုက်ရ၏။ ဆိုင် ရောက်တော့ သူတို့က စားစရာများ ကြိုတင်မှာထား၏။ မေညိုနှင့် ရွေးတို့ကို မွေးနေ့ရှင် ငှက်က ပျာနေအောင် ဂရုစိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မေညိုနဲ့ရွှေး ကြိုက်တာထပ်မှာနော်၊ အခု မှာထားတာက

ကျွန်တော်တို့အကြိုက်တွေချည်း ဖြစ်နေတာဆိုတော့"

"ထပ်မှာဖို့ မလိုပါဘူးရှင်၊ ဒီလောက် ဟင်းအများကြီး

မှာထားတာကို၊ မေညိုတို့ အကြိုက်တွေလည်း ပါပါတယ်"

"စားနော်...ရွှေး"

"ဟုတ်ကဲ့"

ရွှေး ခေါင်းညိတ်လိုက်ရင်း မျက်နှာချင်းဆိုင်တွင် ထိုင်နေ

သော ဒေဝါကို မသိမသာ အကဲခတ်လိုက်၏။ ဒေဝါကတော့

ဘယ်သူ့မှမကြည့်ဘဲ စားစရာတွေကိုသာ ခပ်တည်တည် ယူစား

နေသည်။

အံမယ်...သူကများ တည်တည်တင်းတင်းနဲ့။ ဟိုတစ်နေ့

က မီးပြင်ပေးလို့ ကျေးဇူးတင်မိတာလေးတောင် နောင်တရချင်သွား

သည်။ တကယ်ဆို ဒီပွဲက ငှက်နဲ့ မေညိုတို့ပွဲမို့ ရွှေးက အလေး

ပေးလိုက်ရတာပါ။ ပြီးတော့ သူသူငယ်ချင်းတွေ တောင်းပန်တ

အားနာတာလည်းပါသည်။

"ဟိတ်ကောင် ဒေဝါ၊ မင်းတစ်ယောက်တည်း စားမနေ

နဲ့လေ၊ ဟိုမှာ ရွှေးပန်းကန်ထဲ ဟင်းထည့်ပေးဦးမှပေါ့ကွ"





ငှက်အပြောကြောင့် ဒေဝါ ဖျတ်ခနဲ ရွှေးကို ကြည့်လိုက်

၏။ ရွှေးကလည်း အကြည့်မို့ နှစ်ယောက်သား မျက်ဝန်းချင်း

ဆုံသွားသည်။ ငှက်ကတော့ မေညို့ပန်းကန်ထဲ ဟင်းတွေ တစ်မျိုး

ပြီးတစ်မျိုး ထည့်ပေးနေ၏။

ကသစ်ကတော့ ဘယ်သူ့ကိုမှ မကြည့်မိအောင် ကြိုးစား

ရင်း အစားတွေချည်း စားနေမိ၏။ သည်ပွဲက သူနဲ့မဆိုင်။ ဆိုင်သည့်

နှစ်ယောက်သာ ကိုယ့်လူနှင့်ကိုယ် အလုပ်ရှုပ် အာရုံများနေကြ

သည်။ ဒေဝါက ရွှေးပန်းကန်ထဲကို သူ့အကြိုက် ပြည်ကြီးငါးသုပ်

ထည့်ပေးလိုက်၏။

"အို...ပင်လယ်စာ ရွှေး မစားဘူးရှင့်"

"ဒါဆို ပုစွန်တန်ပူရာကြော် စားကြည့်ပါလား"

"ဟင့်အင်း...ရွှေး ပုစွန်မစားဘူး"

ရွှေးက သူမပန်းကန်ထဲ ဒေဝါ ထည့်ပေးသမျှ ဟင်းတွေ

ကို ကုန်ဖယ်ပစ်လိုက်၍ ဒေဝါ မျက်နှာနီသွား၏။ သူ့ကို တမင်အရွဲ့

တိုက်နေသည်ဟု ထင်ပြီး ရွှေးမျက်နှာလှလှလေးကို စူးစိုက်ကြည့်နေ

ချိန်မှာ ရွှေးကတော့ ကိုယ့်အကြောင်းနှင့်ကိုယ် ပင်လယ်စာ စားမဖြစ်

၍ ငြင်းနေခြင်းဖြစ်သည်။ ရွှေးက ပင်လယ်စာနှင့်မတည့်။ ဒါကို



www.burmeseclassic.com

www.burmeseclassic.com



ဒေဝါက မသိ။

"ဒေဝါ…ရွှေးပန်းကန်ထဲ ဟင်းထည့်ပေးလိုက်ဦးလေ" ငှက်က ဘာမှမသိဘဲ ဒေဝါ့ဘက် လှည့်ပြောသည်။

"တချို့က စေတနာကို စေတနာလို့ ထင်တာမဟုတ်ဘူးကွ"

"ရှင်ဘာပြောတာလဲ"

"ကြားတဲ့အတိုင်းပဲ"

"ဟင်"

ရွှေးမျက်နှာလေး ကွက်ခနဲ ပျက်သွား၏။ ဒေဝါ့စကားကြောင့် မဟုတ်ပါ။ လူတစ်ယောက်က ရွှေးမျက်နှာလှလှလေးကို မျက်တောင်မခတ် စိုက်ကြည့်နေ၍ဖြစ်သည်။

ထိုလူက တခြားသူမဟုတ်။ ဒယ်နီဆိုသည့်လူ။ ရွှေး၏ သတို့သားလောင်း။ မတွေ့ချင်လို့ ရှောင်နေသည့်လူနှင့်မှ လာတွေ့နေ၏။ ရွှေးခေါင်းထဲ ဖျတ်ခနဲ အကြံတစ်ခုဝင်လာ၍ သူ့မမျက်စိရှေ့က ဒေဝါကို အလှဆုံးပြုံးကြည့်လိုက်၏။

"ဈော…ဒေဝါ၊ ဒီငါးကြော်လေးစားကြည့်၊ အရမ်းကောင်းတယ် သိလား"

BURMESE CLASSIC .com





ပါးစပ်ကတင် ပြောတာမဟုတ်။ လက်ကပါ ငါးကြော်ကို ကိုယ်တိုင်ထည့်ပေး၍ ဒေဝါ အံ့သြနေချိန်မှာ ကာသစ်က…

"ဟိတ်ကောင်…မင်းလည်း ပြန်ထည့်ပေးလေကွာ"

ကာသစ်က ရသည့်အခွင့်အရေးကို လက်လွှတ်မခံဘဲ ဒေဝါကို သတိပေးလိုက်၏။ သည်တော့မှ ဒေဝါ သတိဝင်လာကာ သူ့ပန်းကန်ထဲ ရောက်လာသည့် ငါးကို ကြည့်လိုက်သည်။ ဒေဝါက ငါးဆို ဘာငါးမှမကြိုက်။ အရိုးစူးမှာကို အကြောက်ဆုံးဖြစ်သည်။ ဒါကိုသိလို့များ တမင် ရွှေးက သူ့ပန်းကန်ထဲ ငါး လာထည့်ပေးတာလားလို့ တွေးနေတုန်း…

"စားနော် ဒေဝါ"

ရွှေးက ဒေဝါကို ခပ်ပြုံးပြုံးကြည့်ပြီး ပြောနေပုံက နူးနူးညံ့ညံ့။ အကြောင်းမသိရင် ဒေဝါကပဲ ရွှေးရဲ့ချစ်သူလိုလို ဘာလိုလို။ ခမြဲတည်တင်းနေသော ရွှေးမျက်နှာလေးမှာ ခုလို ရယ်ပြုံးလိုက်တော့ ပိုလှသွားကာ ပိုချစ်စရာကောင်းသွား၏။

သူ့အပေါ်မှာ ရွှေးပုံစံက ဘာဖြစ်လို့ ချက်ချင်းပြောင်းလဲသွားတာလဲဆိုတာ ဒေဝါ နားမလည်ဘဲဖြစ်နေခိုက်မှာ ဒယ်နီဆိုသည့်လူက ရွှေးတို့နား ရောက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



"ရွှေး…မဟုတ်လား၊ ဟုတ်ပါတယ်နော်"

အားလုံးအကြည့်တွေက လူချောလူဖြောင့် ဒယ်နီထံ ရောက်သွားကြသည်။

ထိုအခါမှ ရွှေး ဆတ်ခနဲ မော့ကြည့်မိလိုက်ကာ အခုမှ မြင်ဟန်ဖြင့်…

"သြော်…ဒေါက်တာပါလား"

"ဟာ…ရွှေးရယ်၊ ကိုယ့်မှာ ရွှေးကိုလိုက်ရှာလိုက်ရတာ၊ ခုမှ မမျှော်လင့်ဘဲ တွေ့တော့တယ်"

"ဟုတ်လား"

ဒေါက်တာဒယ်နီမှာ ရွှေးကို တွေ့လိုက်ရ၍ အံ့သြ ဝမ်းသာနေသလောက် ရွှေးကတော့ ဝမ်းမသာနိုင်။ ဒါပေမဲ့ မျက်နှာ ကိုတော့ အလှဆုံး ပြုံးထားပါသည်။

"ရွှေးရယ်…ရန်ကုန်ရောက်တာ ကိုယ့်ကို ဘာလို့ အကြောင်းမကြားတာလဲ၊ အန်တီ ဖုန်းဆက်မှ ကိုယ်သိရတယ်၊ ကိုယ့်မှာ ရွှေးနဲ့တွေ့ချင်တယ်၊ ကိုယ့်မှာ ပြောစရာစကားတွေ အများ ကြီးပဲ"

"ဟုတ်ကဲ့"

နိုး း နိုး း ဓ၁၆ပ



ဒေဝါက အခုမှ ရွှေး ဘာကြောင့် သူ့အပေါ် အခြေအနေ ပြောင်းသွားတာကို သဘောပေါက်လိုက်၏။ ဒေါက်တာဆိုသည့်လူ က ဘယ်သူ့ကိုမှ ဂရုမစိုက်။ ရွှေးမျက်နှာလေးကိုသာ စိုက်ကြည့်ပြီး သူပြောချင်တာတွေ ပြောနေသည်။

"ရွှေးလည်း ဒီရောက်တာနဲ့ ကိုယ့်ကိစ္စနဲ့ကိုယ် ရှုပ်နေလို့၊ သြော်…ဒါနဲ့ ဒေါက်တာ့ကို မိတ်ဆက်ပေးရဦးမယ်၊ ဒါ ရွှေးရဲ့ အချစ်ဆုံးသူငယ်ချင်း မေညိုတဲ့၊ သူက ငှက်၊ သူက ကသစ်၊ ရွှေးတို့ သူငယ်ချင်းတွေပဲ"

ရွှေးက ဒေါက်တာဒယ်နီကို အားလုံးနှင့် မိတ်ဆက် ပေးပြီးမှ သူ့မနားမှာ ရှိနေသည့် ဒေဝါဘက်ကို လှည့်လိုက်ကာ

"ဟို…သူကတော့ ရွှေးရဲ့ အဟောင်း"

"အားလုံးပဲ မှတ်ထားနော်၊ သူက ဒေါက်တာဒယ်နီ"

ရွှေး ဒါပဲပြောပြီး ဒေဝါဘက်သို့ အပြုံးလေးနှင့် မေးဆတ် ပြရင်း ရက်ပြုံးလေးနှင့် စကားဆက်မဆိုဘဲ ရပ်လိုက်တာကြောင့် ဒေါက်တာဒယ်နီ မျက်နှာကွက်ခနဲပျက်သွားသလို အားလုံး အကြည့်တွေကလည်း ဒေါက်တာဒယ်နီနှင့် ရွှေးထံ ရောက်သွား ၏။ နောက်မှ ဟန်ဆောင်အပြုံးနှင့်…

နိုး း နိုး း ဓ၁၆ပ

www.burmeseclassic.com

www.burmeseclassic.com



"ဩော်...အားလုံးကို တွေ့ရတာ ဝမ်းသာပါတယ်ဗျာ၊ ကျွန်တော် ဒေါက်တာဒယ်နီပါ"

"ဟုတ်ကဲ့၊ ကျွန်တော်တို့ကလည်း ခုလို မမျှော်လင့်ဘဲ ဒေါက်တာနဲ့ သိရတာ ဝမ်းသာပါတယ်ဗျာ"

ကသစ်က ဒေါက်တာဒယ်နီကို လက်ဆွဲနှုတ်ဆက်ရင်း အားလုံးကိုယ်စား ပြောလိုက်၏။ ထို့နောက် ဒေါက်တာဒယ်နီက အားလုံးကို နှုတ်ဆက်ပြီး ထွက်သွားသည်။ သည်တော့မှ မေညို ရွှေးကို ကြည့်လိုက်၏။

"ရွှေး...ရှင် ဘယ်လိုလုပ်လိုက်တာလဲ"

"အားလုံး ဆောရီးပါ၊ ရွှေးအနေနဲ့ တိုက်ဆိုင်တုန်း ရှုပ်နေတဲ့ကိစ္စတစ်ခုကို ရှင်းလိုက်မိတယ်၊ ဒီအတွက် ရွှေး တောင်းပန်ပါတယ်"

ရွှေးအပြောကြောင့် ဒေဝါက မျက်ခုံးထူထူတွေ တွန့်ပြီး ရွှေးမျက်နှာကို စိုက်ကြည့်ပစ်သည်။ ဒေဝါလိုလူကို သူမ အသုံးချချင်သလို ချလို့ရမလား။

"ကျုပ်ကတော့ မကျေနပ်ဘူး အမိ"

"ရှင့်ကိုလည်း ရွှေး တောင်းပန်ပါတယ်"





"ခုလိုကိစ္စမျိုးဟာ တောင်းပန်ရုံနဲ့ ပြီးတာမဟုတ်ဘူးကွ"

"အထူးသဖြင့် မိန်းမဆိုလို့ ယင်မတောင် အနားမခံတဲ့ ကျုပ်အတွက် ပိုဆိုးတယ်"

"ဟင်...ရှင်"

"ဘာလဲ...မင်းက စိတ်ဆိုးသေးလား၊ ခုဆို ဒေါက်တာ ယ်နီက မင်းနဲ့ကိုယ့်ကို ဘယ်လိုထင်သွားပြီလဲ"

"အံမယ်...ရှင်ကများ နာရသေးတယ်ပေါ့ ဟုတ်လား"

စောစောက စိတ်လျှော့ထားသော ရွှေးမှာ ဒေဝါစကား ကြောင့် မခံချင်စိတ်ကလေးများ ချက်ချင်း ရုန်းထွာမိ၏။

"ဟာ...နာရတာပေါ့ဗျာ၊ ဘယ့်နှယ်ပြောပါလိမ့်"

"ဒီတော့ ရှင်က ဘာလုပ်ချင်လဲ"

တင်စီးလွန်းသော ဒေဝါစကားကြောင့် ရွှေး ဒေါသဖြစ် လျက် မခံချင်စွာ မေးလိုက်၏။ ဒေဝါက ခဏငြိမ်ကာ စဉ်းစား ဟန်ပြုပြီးမှ...

"လုပ်ချင်တာတွေတော့ အများကြီးပဲ"

"လောလောဆယ် ကိုယ်ဖြစ်ချင်တာ ပြောရရင် င်းချစ်သူအဖြစ် ကိုယ့်ကို မင်းအသုံးချသွားသလို ကိုယ်လိုခံတဲ့



www.burmeseclassic.com

www.burmeseclassic.com



အချိန်မှာ မင်းက ကိုယ့်ချစ်သူအဖြစ် ဟန်ဆောင်ပေးဖို့ပဲ''

''ဘာရှင့်''

ဒေါသဖြစ်လွန်းတာမို့ ရွှေ နေရာမှ ဆတ်ခနဲ ထရပ်လိုက်၏။ ဒေဝါ လက်ကာပြလျက်...

''သိပ်လည်း ဒေါသမကြီးပါနဲ့လေ၊ ကိုယ်ပြောတာက ကိုယ့်မှာလည်း မင်းလို အခက်အခဲကြုံလာတဲ့အခါ မင်းက ကိုယ့်ချစ်သူအဖြစ် ဟန်ဆောင်ပေးဖို့ပါ''

''ဘယ်လိုလဲ၊ ကိုယ်ပြောတာ တရားမျှတပါတယ်နော်''

ရွှေ ဘာပြန်ပြောရမှန်းမသိဘဲ ဖြစ်သွား၏။ ကိုယ်စမိတဲ့ ဓာတ်မို့ ခုမှ ခေါင်းခါ၍ မဖြစ်နိုင်။

''ကောင်းပြီလေ...ရွှေက ရှင့်ကို အသုံးချလိုက်မိတာကိုး''

''မင်း ကတိတည်ပါစေနော်၊ မင်း အခုပြောတဲ့စကား အားလုံးကြားတယ်''

မကျေမနပ်နှင့်ပင် ဒေဝါ တောင်းဆိုမှုကို ရွှေ သဘောတူလိုက်ရသည်။

◆ ◆ ◆



BURMESE CLASSIC .com

## အခန်း (၈)

ညသည် မြူးကြွသော တေးဂီတသံများဖြင့် တစ်ခြံလုံး လွှမ်းမိုးလာ၏။ ရောင်စုံမီးများကလည်း လင်းတစ်လှည့် မှိတ်တစ်လှည့်ဖြင့် ည၏အလှကို ပို၍အားဖြည့်ထား၏။

သည်ပွဲကို ရွှေ ရောက်လာတာ မေညိုကြောင့်ဖြစ်သည်။ မေညိုက ဖွတ်ခေါ်လာ၍ ရောက်ခဲ့သည့်တိုင် ရွှေကတော့ လူရှင်းသော စားပွဲတစ်ခုမှာ တစ်ယောက်တည်း တိတ်ဆိတ်စွာ ထိုင်နေ၏။ မေညိုကတော့ ဒီရောက်တာနှင့် ၎က်နှင့် အတွဲဖြစ်သွားသည်။ အားလုံး လူငယ်တွေချည်းမို့ လွတ်လပ်စွာ ပျော်ရွှင်နေကြသည်။

ဒါပေမဲ့ ရွှေအတွက် မျက်စိရှုပ်၊ နားရှုပ်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အင်း…အစကတည်းက မေညီနှင့် မလိုက်ခဲ့လျှင် အကောင်းသားဟု တွေးနေစဉ်မှာ မမျှော်လင့်ဘဲ ဒေဝါ ရောက်လာ၏။

"ဘယ်လိုလဲ၊ ဒီလိုပျော်စရာကောင်းတဲ့ ညမှာ တစ်ယောက်တည်း ထိုင်နေတာ ပျင်းစရာမကောင်းဘူးလား"

"ဟင်…ရှင်"

ဒေဝါ လက်ထဲမှာ စားစရာများကို ဗန်းတစ်ချပ်အပြည့် သယ်ယူလာတာ တွေ့ရသည်။

"ကိုယ်ရောက်လာလို့ မင်းအတွက် စိတ်အနှောင့်အယှက် ဖြစ်သွားပြီလား ရွှေ"

"ဟုတ်တယ်ဆိုရင် ရှင် ဒီနေရာက ချက်ချင်းထွက်သွားမှာလား"

ရွှေ့အပြောကြောင့် ဒေဝါ ဟက်ခနဲ ရယ်လိုက်၏။

"ကိုယ်လာတာ လှည့်ပြန်ဖို့မဟုတ်ဘူး၊ မင်းကို အဖော်ပြုဖို့၊ ရော့…မင်းအတွက် ကိုယ် အအေးယူလာတာ၊ မပူခင်သောက်လိုက်ဦး"

ပြောရင်း ဒေဝါက အအေးခွက်ကို ရွှေ့သို့တိုးပေးလိုက်၏။





၏။

ရွှေ ခေါင်းခါယမ်းလိုက်သည်။

"ရွှေ မသောက်တော့ဘူး"

"ဘာဖြစ်လို့လဲ၊ ကိုယ်ယူလာပေးလို့ မသောက်တာလား"

"ဟုတ်တယ်"

ရွှေ တမင် အရွဲ့တိုက်ပြောလိုက်တော့ ဒေဝါက ရွှေ မျက်နှာလေးကို စိုက်ကြည့်သည်။ တကယ်တော့ ရွှေပြောသလို သူယူလာ၍မဟုတ်ပါ။ ရွှေကိုယ်တိုင် ဘာတစ်ခုမှ ထပ်ပြီး မစားချင်တော့၍ ဖြစ်သည်။

"ကိုယ်က ဇွတ်တိုက်ချင်နေတယ်ဆိုရင်ရော"

"ဘယ်လိုလဲရှင့်၊ ရွှေ မသောက်ချင်ပါဘူးဆိုတာ ဇွတ်တိုက်စရာလား"

ရွှေ စိတ်ရှုပ်ထွေးသည့် အမူအရာနှင့်ဆိုတော့ ဒေဝါက ခပ်သဲ့သဲ့ပြုံးသည်။

"ဒီစကားက ကိုယ့်ကိုပဲ မင်းပြောတာပါ၊ မင်းချစ်သူနဲ့ဆိုရင် ဒီလိုစကားပြောမှာ မဟုတ်ဘူး၊ ကိုယ်ပြောတာ ဟုတ်တယ်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား''

''ရှင်...ရွှေးနှားလာပြီး ပြဿနာမရှာနဲ့နော်၊ မူးနေရင် တခြားကိုသွားပါ''

''မင်းထင်သလို ကိုယ်က အမူးသမားမဟုတ်ဘူးကွ၊ မယုံရင် နမ်းကြည့်''

''ရှင် စကားပြောတာ မမိုက်ရိုင်းနဲ့နော်''

''သဘောပြောတာပါဗျာ''

''ဘာသဘောလဲ၊ အဲဒီမေးခွန်းကို ရှင့်ရည်းစား သွားမေး ရမှာရှင့်''

''ကိုယ့်ရည်းစား ဟုတ်လား၊ နေစမ်းပါဦး ကိုယ့်ရည်းစား က မင်းမဟုတ်ဘူးလား''

''ဟင်...ရှင်...ရှင် အခု ရွှေးနှားက ထွက်သွား''

ရွှေး ပါးပြင်နှစ်ဖက် ဖြန်းခနဲ ပူနွေးသွားကာ ရွှေးမျက်စိ ရှေ့ကလူကို ဒေါသဖြင့် ကြည့်လိုက်၏။ ရွှေးကို တုံ့ပြန်ကြည့်နေ သည့် ဒေဝါ အကြည့်တွေက ခပ်လဲ့လဲ့။

''ဘယ်ကိုသွားရမှာလဲ၊ မင်းပဲ ဟိုတစ်နေ့က ကိုယ့်ကို မင်းချစ်သူအဖြစ် ဟိုလူနဲ့ မိတ်ဆက်ပေးတာမဟုတ်လား''





''အို...အဲဒါက ပြီးခဲ့ပြီရှင့်၊ ရှင် ဘာမှအခွင့်အရေးယူ ရောမလိုဘူး''

ဒီလူနဲ့ ပတ်သက်မိတာကိုက ရွှေး အမှား။ အခုမှ ရွှေး နောင်တတွေ တသီကြီးရနေ၏။ ထို့စဉ် သူက ရွှေးနှားကို ရုတ်တ ရက် ရောက်လာပြီး ရွှေးပခုံးနှစ်ဖက်ကို တင်းကြပ်စွာ ဆုပ်ကိုင် လိုက်၏။

''သိပ်ချစ်တာပဲ ရွှေးရယ်''

''ဟင်...ရှင်...ရှင်၊ လူကို ဘာစော်ကားတာလဲ''

''ရှူး...တိုးတိုးပြောစမ်းပါ၊ ဟိုမှာ အမျိုးသမီး တစ်ယောက် ကိုယ်တို့ကိုကြည့်နေတယ်''

''ဟင်''

တကယ်ပဲ တခြားစားပွဲမှ အမျိုးသမီးတစ်ယောက်က ရွှေး တို့ကို အကဲခတ်သော မျက်ဝန်းများနှင့် ကြည့်နေ၏။ နေပါဦး ဒီအမျိုးသမီး ကြည့်တာနဲ့ ရွှေးတို့ကိစ္စ ဘာဆိုင်လဲ။ ထိုအတွေးဖြင့် ရွှေး ဒေဝါကို ဆတ်ခနဲ ကြည့်လိုက်သည်။

''သူကြည့်တာနဲ့ ရွှေးတို့နဲ့ ဘာဆိုင်လို့လဲ၊ ရှင်နော် ရွှေးကို လွှတ်စမ်း''



www.burmeseclassic.com

www.burmeseclassic.com



"ဖယ်ဆို"

"ဟော့...ငြိမ်ငြိမ်လေးနေလေ၊ အဲဒါ ကိုယ်နဲ့ လူကြီးချင်း သဘောတူထားတဲ့ အမျိုးသမီးကွ"

"ဟင်"

"သူ့အမြင်မှာ မင်းဟာ ကိုယ့်ချစ်သူဖြစ်နေဖို့ ဒီနည်းပဲ ရှိတယ်၊ မင်းမျက်နှာကို ပြုံးထားပါ"

အခြေအနေကို အခုမှ ရွှေး သဘောပေါက်သွား၏။ ထို့ကြောင့် ထိုအမျိုးသမီးကို နောက်တစ်ခေါက် သေချာပြန်ကြည့် သည်။ အင်း ဝတ်ထားတာကတော့ စိန်တွေညွတ်နေ၏။ ရုပ်လေး က ချောတာထက် ချစ်စရာကောင်းသည်။ သူမကရော ရွှေးနှင့် ဒေဝါကို တွေတွေလေး စူးစိုက်ကြည့်နေပုံက သနားစရာ။

"နေပါဦး...ရှင်က ဘာလို့ သူ့ကိုလက်မခံတာလဲ"

ဒေဝါ စူးခနဲ ရွှေးကို စိုက်ကြည့်လိုက်ပြီး နှုတ်ခမ်းအစ တွန့်သည်ဆိုရုံ ပြုံးလိုက်သည်။

"မင်းလိုပေါ့"

ဒီတစ်ခါ ရွှေး နှုတ်ပိတ်သွား၏။ ထိုအမျိုးသမီးက ရွှေ တို့ကို တစ်ချက် စူးစူးကြည့်ပြီး မျက်နှာလွှဲသွား၏။





"ကဲ...လွှတ်ပါ၊ ဟိုက မကြည့်တော့ပါဘူး"

ရွှေး ပြောရင်း ဒေဝါလက်ထဲမှ အသာရုန်းလိုက်၏။ ဘာကြောင့်မှန်းမသိ နွေးထွေးကျယ်ပြန့်သော ဒေဝါ့ရင်ခွင်ထဲမှာ ရွှေး အသက်ရှူကြပ်လျက် အနေခက်နေသမျှ အခုမှ လွှတ်လပ် ပေါ့ပါးသွား၏။ ဟန်ဆောင်ကာ နေပေမယ့် ရွှေးဆိုတာ ကယ်သူစိမ်းယောကျ်ားနှင့်မှ နီးကပ်စွာ နေဖူးတာမဟုတ်။ ဒီလို အခြေအနေဆိုတာ ရွှေး အိပ်မက်ထဲမှာပင် မရှိ။

ဒေဝါက ရွှေးကို သူ့ကိုယ်လုံးကြီးဖြင့် အပေါ်မှ ငုံ့မိုးစိုက် ကြည့်ရင်း...

"မင်းတော်တော်လှတာပဲ"

"ဘာရှင့်၊ လူကို ဘာမှတ်လို့ ရိသဲ့သဲ့ပြောနေတာလဲ"

"ကိုယ် တကယ်ပြောနေတာကွ၊ တွေ့ဖူးသမျှ မိန်းကလေး တွေထဲမှာ အလှဆုံးပဲ၊ ဒါပေမဲ့ မင်းမှာ ချစ်တတ်တဲ့ အသည်းနှလုံး မရှိတာ ခက်တယ်"

"အပိုတွေ ပြောမနေပါနဲ့၊ ဖယ်ပါ"

ရွှေး ဒေဝါရင်ခွင်ထဲမှ ဆတ်ခနဲ ရုန်းထွက်လိုက်၏။ ထို့နောက် ဒေဝါ့မျက်နှာကို နှုတ်ခမ်းတင်းတင်းစေ့ကာ ကြည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ရှင်ဟာ တော်တော်အခွင့်အရေးယူတဲ့ လူပါလား"

"ကိုယ့်ကို အခွင့်အရေးယူတယ် ပြောရအောင် ကိုယ် ဘာလုပ်မိလို့လဲ"

"ဩော်...ရှင် ရွှေးကိုဖက်ထားတာ အခွင့်အရေးယူတာ မဟုတ်လို့ ဘာလဲ"

"ဒါ...သဏ္ဍာန်လုပ် သရုပ်တူအောင် လုပ်တာဗျ၊ မကျေနပ်ရင် မင်းလည်းပြန်လုပ်ပေါ့"

"ဩော်...တော်ပြီ၊ တော်ပြီ၊ ရှင်နဲ့ စကားမပြောတာပဲ ကောင်းတယ်"

ဒေဝါကို မျက်စောင်းထိုးရင်း ရွှေး နေရာမှ ဆတ်ခနဲ ထရပ်လိုက်တော့ ဒေဝါမျက်နှာမှာ အပြုံးတစ်စ လှစ်ခနဲပေါ်လာ၏။ ထိုအပြုံးက ချစ်စနိုးအပြုံး။ ရွှေး ရပ်လိုက်တော့ ဒေဝါပါ လိုက်ရပ်လိုက်သည်။

"မင်း ကကောင်းပါတယ်၊ ဘာလို့လဲဆိုတော့ ကိုယ့်ရင်ခွင်ထဲ ရောက်တဲ့ မိန်းကလေးဆိုလို့ မင်းက ပထမဆုံးပဲ"

"ဟင်...ရှင်...ရှင် ကဲဟယ်"





ရွှေး ဒေါသကို မထိန်းနိုင်ခင်မှာပင် ဒေဝါပါးကို လှမ်းရိုက်လိုက်၏။ သို့သော် ရွှေး လက်ဝါး ဒေဝါ့ပါးပြင်ပေါ် မရောက်လိုက်။ လမ်းခုလတ်မှာပဲ ဒေဝါက ရွှေးလက်ကလေးကို သူ့လက်များဖြင့် တင်းကြပ်စွာ ဆုပ်ကိုင်ထားမြဲလိုက်၍ဖြစ်သည်။

"မင်းကို စော်ကားတာမဟုတ်ဘူး ရွှေး၊ အမှန်တရားကို ကိုယ်ပြောတာ"

"ဘာ အမှန်တရားလဲဟင်၊ ရှင့်လိုလူမျိုးနဲ့ ပတ်သက်မိတာကို ရွှေး သိပ်နောင်တရတယ်သိလား"

"ကိုယ်ကတော့ မင်းနဲ့ပတ်သက်ပြီး နောင်တမရမိဘူး"

"ရှင်...ရွှေးလက်ကို လွှတ်"

"ဆောရီး"

ဒေဝါက ရွှေးလက်လေးကို လွှတ်ပြီး တောင်းပန်လိုက်ပေမယ့် ရွှေးက လှည့်မကြည့်။ ဒေဝါနားက ကျော်ခိုင်းထွက်သွား၍ ဒေဝါလည်း ရွှေးနောက်ကို လိုက်ခဲ့သည်။

"ရှင် ဘာကိစ္စ ရွှေးနောက်ကို လိုက်လာရတာလဲ"

"ကိုယ့်ကို ရွှေး အထင်လွဲသွားမှာ စိုးရိမ်လို့ပါ၊ တကယ် ဆို ကိုယ်နဲ့ရွှေးက တစ်ယောက်လိုအပ်တဲ့ အကူအညီကို တခြား



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်က''

''ဒီမှာ အခုချိန်ကစပြီး ရှင့်ဆီက ဘာတစ်ခုမှ ရွှေး အကူအညီမယူဘူး၊ ရှင်လည်း နောက်ကို ရွှေးနဲ့လာပတ်သက်ဖို့ မကြိုးစားပါနဲ့၊ ဒါပဲ''

''မဟုတ်ဘူးလေ ရွှေး၊ ရွှေးမှာ ချစ်သူမှမရှိဘဲ''

''အဲဒါ ရှင့်အလုပ်မဟုတ်ဘူး''

''ကိုယ့်မှာလည်း ချစ်သူမရှိဘူး''

''အဲဒါ ရွှေးကဘာလုပ်ရမှာလဲ''

''သြော်···ဘဝတူချင်းမို့ ပြောတာပါဗျာ၊ အချစ်ဆိုတာကို ကိုယ်တော့မယုံဘူး၊ ငှက်ကတော့ မေညို့ကို ချစ်တယ်ပြောတာပဲ၊ အံ့တော့အံ့သြစရာပဲ''

ဟင်း···သူ့မှာ အသည်းနှလုံးမရှိတိုင်း သူများတွေလည်း မချစ်တတ်ဘူးလို့ ထင်နေသလားမသိ။

ယောကျ်ားတစ်ယောက်နဲ့ မိန်းကလေးတစ်ယောက် ချစ်ကြတာ ဘာအံ့သြစရာရှိလဲ။ အရွယ်ရောက်ပြီး လွတ်လပ်တဲ့လူငယ်တွေပဲ။ ဘာမှ မဆန်းကြယ်။ ဒါကိုပဲ သူက အံ့သြစရာတဲ့။ သူ့ကြံမှ အထူးအဆန်းတွေ ကြားနေရသည်။





''ရွှေးရော ဘယ်လိုထင်လဲ''

''ရွှေးက ဘာကိုထင်ရမှာလဲ''

''အချစ်ကိုလေ''

''ဒီမှာ အရွယ်ရောက်တဲ့လူတိုင်း ချစ်တတ်၊ ခံစားတတ်ကြတာချည်းပဲရှင့်''

''ဒါဆို ရွှေးကရော''

''ဘာ''

ရုတ်တရက် အငိုက်မိသွားသော ရွှေးမျက်နှာလေး ယန်းရင့်ရောင် ဖြစ်သွားကာ ဘာပြောရမှန်းမသိ ဖြစ်သွားသည်။ ထို့ကြောင့် ရွှေးနောက်ကိုလိုက်ပြီး ရွှေး မကြိုက်သည့်စကားတွေ ပြောနေသည့် ဒေဝါ့မျက်နှာကို မော့ကြည့်လိုက်ကာ···

''ရွှေးအတွက် အချစ်ဆိုတာ အပိုအလုပ်တစ်ခုရှင့်''

''ကြိုက်ပြီဗျာ''

''ရှင် ဘာပြောတာလဲ''

အနှောင့်အသွားမလွတ် ဒေဝါစကားကြောင့် ရွှေးမျက်နှာလေး နီရဲသွားသည်။

''ကိုယ်ပြောတာ မင်းနဲ့ကိုယ် အယူအဆချင်းတူတာကို



www.burmeseclassic.com

www.burmeseclassic.com



ပြောတာ''

''ဟွန်း''

ဒေဝါ အပြောကြောင့် ရွှေး နှုတ်ခမ်းလေး မဲ့သွားသည်။

''ဒီမှာ ရှင် စကားတတ်တိုင်း လျှောက်ပြောမနေနဲ့၊ ကိုယ့်အပြစ်ကို ဝန်မခံရဲတဲ့ ယောကျ်ားလောက် မုန်းစရာကောင်းတဲ့လူ ကမ္ဘာမှာမရှိဘူး သိလား''

''သိပါကယ်ဗျာ၊ ရွှေးဆိုတဲ့ မိန်းကလေးက ဘယ်ယောကျ်ားကိုမှ အထင်မကြီးဘူး၊ စိတ်မဝင်စားဘူးဆိုတာ''

''ရှင့်လိုပေါ့''

''မင်းက ဘယ်လိုယောကျ်ားမျိုးမှ စိတ်ဝင်စားမှာလဲ''

''သူများကိုသာ မေးနေတယ်၊ ရှင်ဆိုရင်ရော''

''ကိုယ့်အချစ်ကို လိုချင်တဲ့သူတွေက အများကြီး''

''ရွှေးလို မိန်းကလေးမျိုးကတော့ ရှင် ဒူးထောက်တောင်းပန်နေရင်တောင် တစ်ချက်လှည့်ကြည့်မှာ မဟုတ်ဘူးဆိုတာပဲ''

''ဟင်···မင်း''

ဒေဝါ ဘာမှပြန်မပြောနိုင်ခင် ရွှေးက သူ့ကို အနိုင်နှင့်ပိုင်ပြီး ကျောခိုင်းသွားသဖြင့် မခံချိမခံသာမျက်နှာနှင့် အောင့်သက်သက် တစ်ယောက်တည်း ကျန်ခဲ့သည်။ ရွှေးကတော့ မိန်းမတွေကို အထင်အမြင်သေးသည့် အမူအရာနှင့် ဒေဝါကို အနိုင်နှင့် ပိုင်းခဲ့သည်။





ယောကျ်ားတွေများ သူတို့အလှည့်ကြတော့ သိတတ်လိုက်တာ။

မိန်းမတွေကို မကောင်းကြံတဲ့ ယောကျ်ား၊ အထင်သေးစော်ကားသူ။ ရှင်တို့လို ယောကျ်ားတွေကို ရွှေးတို့လို မိန်းမတွေကလည်း အထင်မကြီးဘူးဆိုတာ လက်တွေ့သိပြီမဟုတ်လား။ နောက်မှ ဒေဝါ တောက်ခေါက်သံပြင်းပြင်းကို ကြားလိုက်တော့ ရွှေး ပြုံးလိုက်သည်။

ရွှေးစကားက ဒေဝါကို တည့်တည့်ထိသွားတာ သေချာသည်။

''ဆောရီးပဲ ဒေဝါရေ''

ရှင့်လိုလူစားမျိုးကို ဒီထက်မက သင်ခန်းစာပေးသင့်တာ ရှင်သိလား။ ဒါမှ နောက်ဆို မိန်းမတွေကို အထင်သေးစော်ကားပြီး မကြိုးစားရဲတော့မှာ။



www.burmeseclassic.com

www.burmeseclassic.com



ငှက်နှင့်မေညို ချစ်သူများဖြစ်ပြီးနောက် များသောအားဖြင့် ရွှေးတစ်ယောက်တည်းလို ဖြစ်နေတတ်သည်။ မေညိုက ငှက်နှင့် လျှောက်လည်နေသောကြောင့် ဖြစ်သည်။

'ရွှေးတစ်ယောက်တည်း ပျင်းရင် မေညိုနဲ့လိုက်ခဲ့ပါလား' ဟု မေညိုခေါ်ပေမယ့် ရွှေး မလိုက်ပါ။

"ကျေးဇူးတင်ပါတယ် မေညိုရယ်၊ ဆေးရိုးသည် မလုပ်ပါရစေနဲ့"

"ငှက်က နားလည်မှုရှိပါတယ် ရွှေးရဲ့၊ သူတို့သူငယ်ချင်းတွေက သေချာပေါင်းကြည့်တော့ သဘောကောင်းပါတယ်"

"အထူးသဖြင့် ဒေဝါပေါ့၊ သူက ပိုတောင်သဘောကောင်းသေးတယ်"

"အပိုတွေပြောမနေပါနဲ့ မေညိုရယ်၊ ဒေဝါ ဘယ်လိုလူစားမျိုးလဲဆိုတာ မေညိုလည်း သိရက်နဲ့"

"အဲဒါကတော့ဟယ် အရင်က တစ်ယောက်ရဲ့ တစ်ယောက်က သိမှမသိကြပဲကိုး ရွှေးရဲ့"

"ဒေဝါအကြောင်း ပြောမှာဆိုရင် ဒီစကားကို ဒီမှာပဲရပ်တော့ မေညို"





"ရွှေးနဲ့ ခက်လိုက်တာဟယ်၊ ဒေဝါလည်း အတူတူပဲ"

"ဘာတူတာလဲ"

"ရွှေးက ဘယ်ယောကျ်ားမှ ကြည့်မရသလို ဒေဝါကလည်း ဘယ်မိန်းမမှ ကြည့်မရတာကို ပြောတာ"

"ရွှေးတို့နှစ်ယောက်ကတော့ တကယ်ပဲ ကြားဖူးတယ်မဟုတ်လား၊ အသွင်တူမှ အိမ်သူဖြစ်တယ်ဆိုတာ"

"မေညိုနော် မဆိုင်တာတွေ လျှောက်ပြောမနေနဲ့"

"မေညိုက စေတနာနဲ့"

"ဘာစေတနာလဲ၊ သူ့လိုလူမျိုး ဝေးဝေးကရှောင်တာကောင်းတယ်သိလား"

"သိပါပြီတဲ့ရှင်၊ သိပါပြီတဲ့"

ရွှေး မျက်နှာထားတည်တည်နှင့် ပြောလိုက်တော့ မေညို ပြုံး၏။

"အေးပေါ့လေ၊ ခုတော့ ပြောထားဦးပေါ့"

ရွှေးနှင့်မေညို စကားပြောနေချိန်မှာ တစ်ဖက်မှလည်း ငှက်နှင့် ဒေဝါကလည်း အချီအချ စကားပြောနေကြပါသည်။ သူတို့ပြောနေတာက ရွှေးအကြောင်း။



www.burmeseclassic.com

www.burmeseclassic.com



"မင်းကလည်းကွာ ရွှေး ဒီလောက်လှတာ နည်းနည်းမှ စိတ်မဝင်စားဘူးလား"

"လှတာမြင်တိုင်း စိတ်ဝင်စားရင် ငါ အစောကြီးထဲက မိန်းမရနေပြီ ငှက်"

"ဟုတ်တယ်ဟေ့၊ ဒေဝါပြောတာ မှန်တယ်"

ကသစ် ဝင်ထောက်ခံတာကြောင့် ငှက်မျက်နှာ မဲ့သွား၏။

"ဒါပေမဲ့ ရွှေးက တခြားအမျိုးသမီးတွေနဲ့ မတူဘူးကွ မင်းနဲ့တော်တော်တူတာ"

"ဘာတူတာလဲ"

"မင်းက ရွှေးကို ဂရုမစိုက်ဘူး၊ ရွှေးကလည်း မင်းလို လူကို ရှိတယ်လို့တောင် မထင်တာမျိုး"

"ဘာကွ"

"ငါက သဘောပြောတာ"

"မင်း ပြဿနာမရှာနဲ့နော် ငှက်၊ ဒေဝါအကြောင်း မင်းလည်းသိရက်နဲ့"

ကသစ်ပြောတာ အမှန်မို့ ငှက်က ပြုံး၏။ ဒေဝါနှင့် ရွှေးသာ အဆင်ပြေရင် ငှက်က မေညိုထံ သွားရာမှာ အဖော်ရ





မည်။ အခုတော့ ဒေဝါက ဒေါသကြီးဖို့ပဲ သိသည်။ ရွှေး အလှ အပကို မခံစားတတ်သေး။

"ကသစ်...မင်းဟာလေ၊ ကိုယ်တိုင်လည်း မစွံဘဲ သူများစွံတာကို မနာလိုဖြစ်နေတာကိုးကွ"

"အောင်မယ်...ငါက ဘာလို့မစွံရမှာလဲ၊ မိန်းမတွေများ ပျင်းလွန်းလို့၊ လက်ဖျောက်တစ်ချက်တီးပဲရှိဟယ်"

"မင်းပဲအပြောကောင်း"

ကသစ် မခံချင်ဟန်နှင့် ပြောတော့ ငှက်က ပြုံးသည်။

"ဘာလဲ၊ ငါပြောတာ မယုံဘူးလား၊ ရည်းစားထားချင် ရင် အလွယ်လေးကွ"

"ဒါဆို မင်း ရွှေးကို ရအောင်လိုက်ပြ"

"ဟ...ဒါကတော့"

ကသစ်က စကားတစ်ပိုင်းတစ်စနှင့် ဒေဝါကို ဆတ်ခနဲ လှမ်းကြည့်၏။

"ဘယ်လိုလဲ ဒေဝါ၊ မင်း သဘောတူလား"

"ဟ...ငါနဲ့ဘာဆိုင်လို့လဲ၊ မင်းတို့ဘာသာ လိုက်ချင် လိုက်၊ ကြိုက်ချင်ကြိုက် သဘောပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဒေဝါမျက်နှာက ခပ်တင်းတင်း။ ဒီကိစ္စကို စိတ်မဝင်စားဟန်နှင့်ဆိုတော့ ကသစ်က လှစ်ခနဲပြုံးသည်။ ထို့နောက် လေတစ်ချက်ချွန်လိုက်ရင်း…

"အိုကေ…ဒါဆို ဒီနေ့ကစပြီး ရွှေးကို ငါ ရအောင်လိုက်ပြမယ်၊ ငါလိုက်လို့ရရင် မင်းဘာပေးမှာလဲ ငှက်"

ကသစ်အပြောကြောင့် ဒေဝါစိတ်ထဲ တင်းခနဲဖြစ်သွားတာ ဘာကြောင့်မှန်းတော့ မသိ။

"ရွှေးကိုရရင် မင်းလိုချင်တာ ပေးမယ်ကွာ"

"သေချာတယ်နော်၊ ပြီးမှ ဘွာမခတ်ကြေး၊ ဒေဝါ ငှက် ပြောတာ မင်းကြားတယ်နော်၊ အခုကစပြီး စိန်လိုက်"

"စိန်တယ်"

ငှက်နှင့်ကသစ် တစ်ယောက်ကိုတစ်ယောက် စိန်ခေါ်လိုက်သံက ဒေဝါနားထဲ ကန့်လန့်ကြီး ဝင်လာ၏။ မိန်းကလေးတစ်ယောက်ကို ချစ်လို့မဟုတ်ဘဲ အလောင်းကစားသဘော အနိုင်အရှုံး စိန်ခေါ်တာကိုတော့ ဒေဝါစိတ်ထဲ သဘောမကျ။ ပြီးတော့ တခြားမိန်းကလေးကို စိန်ခေါ်တာမဟုတ်။ ရွှေးလို မာနမင်းသမီးကို မဆိုတော့ ဒေဝါရင်ထဲ ဖျင်းခနဲဖြစ်သွား၏။ တကယ်တော့ ရွှေးမှာ





ဘာအပြစ်မှမရှိ။

ကသစ်တို့လုပ်ပုံနှင့် ယောကျ်ားတွေကို ပိုမုန်း၊ ပိုအထင်သေးတော့မည်။

"မင်းတို့က ရွှေးမာနကို ချိုးချင်တာလား ငှက်"

"ဘာဆိုင်လို့လဲကွ"

"ဒါဆို မင်းတို့ ဒီလိုလောင်းကစား မလုပ်သင့်ဘူးကွ၊ ရွှေးကို တကယ်ကြိုက်မှလိုက်"

"ဟ…ဘာဆိုင်လို့လဲ၊ ဒါက ငါတို့ကိစ္စပဲ၊ သူ့ဘာသာ ဘာဖြစ်ဖြစ် မင်းနဲ့ဆိုင်လား"

ငှက်က ဝင်နှက်တော့ ဒေဝါကလည်း မခံ။

"ဆိုင်တာမဆိုင်တာ ငါမပြောဘူး၊ သူနဲ့ငါက အခန်းချင်းကပ်ရက်ကွ၊ မင်းတို့က အပျော်အပျက် လုပ်သွားရင် ငါတို့ကို ဘာကောင်တွေလို့ ထင်မလဲ"

"သူ့ဘာသာ ဘာထင်ထင်ကွာ"

ငှက်က ဖွတ်တိုးပြောသည်။

ကသစ်က ဒေဝါနှင့်ငှက်ကို ဘယ်လိုလဲဟူသော သဘောဖြင့် ကြည့်၏။ ငှက် ပခုံးတစ်ချက် တွန့်လိုက်ပြီး…



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ ကသစ်၊ ဒေဝါကတော့ သူ့သဘောထားကို ပြောနေပြီ"

"ဒါဆိုလည်း ငါ့သူငယ်ချင်း ဒေဝါ ငါ့ကြောင့် မျက်နှာ မပျက်စေရဘူးလို့ ကတိပေးတယ်ကွာ"

"အိုကေ…ဒီလိုပဲဖြစ်ရမှာပေါ့"

"စိန်ပြီနော်"

"စိန်ပဲ"

"ကဲ…ဒါဆို အခုပဲ ဇာတ်လမ်းစလိုက်ကြရအောင်"

"မင်းက ဘယ်လိုစမှာလဲ"

"မေညို ရွှေအခန်းမှာ မဟုတ်လား"

"အေးလေ"

"ငါ အပြင်သွားဦးမယ်၊ မင်းတို့ နေချင်နေခဲ့ကြ"

ပြောပြောဆိုဆို ဒေဝါက ကားသော့ကို ထဆွဲ၍ ငှက်နှင့် ကသစ် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ပြိုင်တူပခုံး တွန့်လိုက်မိ၏။

"မင်းသွားမှတော့ ငါတို့လည်း လိုက်ရုံရှိတာပေါ့"

"လာကွာ…ငှက်၊ သွားကြမယ်"





သူငယ်ချင်း သုံးယောက်သား အခန်းအပြင်ကို အထွက်

"ဟာ…ရွှေ၊ မေညိုရော"

"ပြန်သွားပြီရှင့်"

"ဟာ…ကျွန်တော်လည်း မသိလိုက်ရပါလားဗျာ၊ ဘယ်လိုဖြစ်တာလဲ"

"အဲဒါတော့ ရွှေလည်းမသိဘူးရှင့်၊ သူ့အိမ်က ဖုန်းဆက်လို့ ချက်ချင်းပြန်သွားတာ"

"ရွှေကို ခွင့်ပြုပါဦး"

ရွှေက သူတို့ကိုမကြည့်ဘဲ နှုတ်ဆက်ပြီး ဆင်းသွား၍ သူတို့လည်း ရွှေနောက်က လိုက်ခဲ့ကြသည်။

"ရွှေတစ်ယောက်တည်း ဘယ်ကိုသွားမလို့လဲ"

ကသစ်က ဒေဝါရှေ့မှာ ရွှေကို ဝင်ရောခြင်းဖြစ်သည်။ ငှက်ကတော့ မေညို ပြန်သွားပြီဆိုထဲက ဘာကိုမှ စိတ်မဝင်စား။

"ဆေးခန်းသွားမလို့ပါ၊ သွားမယ်နော်"

ရွှေ ထွက်သွားသည်။

"ငါ မေညိုနောက် လိုက်သွားဦးမယ် ဒေဝါ၊ မင်းတို့ပဲ သွားစရာရှိတာ သွားကြတော့"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆို ငှက်က ထွက်သွား၍ ကသစ်နဲ့ ဒေဝါ ကျန်ခဲ့သည်။ ဒေဝါကိုယ်တိုင်လည်း တကယ်တမ်း ဘယ်ကိုမှ သွားစရာရှိတာမဟုတ်။ ရွှေးအကြောင်း သူ့ရှေ့မှာ ပြောနေတာ မကြားချင်၍ တမင်အကြောင်းရှာပြီး ထွက်လာခြင်းဖြစ်၍ ဘယ်ကို သွားရမှန်းမသိ။

"ရွှေးက အနီးကပ်ကြည့်မှ ဘာမှမပြင်ဆင်ဘဲနဲ့ တကယ် လှတာကွ ဒေဝါ"

"ငါ ရွှေးကို တစ်ခါမှ သေချာမကြည့်ဖူးဘူး၊ အခု သေချာကြည့်ဖြစ်တာ၊ ရွှေးက တကယ်လှတယ်ကွာ"

ကသစ်အသံက လှိုက်လှိုက်လှဲလှဲ။

အခုမှ ရွှေးအလှကို ခံစားလိုက်ရသည့်ပုံနှင့် ရွှေး သွား နောက် လိုက်ငေးနေတာ ကြည့်ပြီး ဒေဝါ မျက်နှာပိုတင်းသွားက ကားစက် ဆောင့်နှိုးပစ်လိုက်၏။

"ငါသွားတော့မယ်၊ မင်းမလိုက်ချင်နေခဲ့"

"ဟ…ဒါကဘာလဲ၊ မင်းသွားမှတော့ ငါက လိုက်မှ ပေါ့ကွ"

ကသစ် ဒေဝါကားပေါ်ရောက်တာနှင့် ကားက အရှိန်



ဖြင့် ပြေးထွက်သွား၏။ ကသစ်က တင်းမာမှုန်ကုတ်နေသော မျက်နှာကို ကြည့်ပြီး ဒေဝါ မမြင်အောင် တစ်ဖက်ကိုလှည့်ကာ ကျိတ်ပြုံးလိုက်သည်။

အနုကျွဲခတ်ဆိုတာ ဒါမျိုးပဲနေမှာဟု စိတ်ထဲက ပြောလိုက် သည်။ ငှက်နဲ့ကသစ်က ဒေဝါ ရင်ဘတ်ကြီးထဲကို လှမ်းမြင်နေပေ မယ့် ဒေဝါက သူ့ကိုယ်သူ ဘာဖြစ်လို့ဖြစ်မှန်းပင်မသိ။ ဒေဝါရှေ့မှာ သူတို့က ရွှေးအကြောင်း တမင်ပြောပြီး ဒေဝါမခံချင်အောင် စနေ တာကို ဒေဝါက အဟုတ်ထင်နေ၏။ ဒေါသဖြစ်နေသည်။

"ဟာ…ရွှေး…ရွှေး၊ နတ်သမီးလေး ရွှေး၊ ငါသာ ရွှေး အချစ်ကိုရရင်"

"ကျွိုး"

"အမလေးဗျာ"

ကသစ် စကားမဆုံးလိုက်။ ဒေဝါက ကားဘရိတ်ကို အားဖိနင်းလိုက်၍ ကားဒတ်ဘုတ်ရှိနှင့် ကသစ်ခေါင်း ဖိုက်ဆက် မတတ်ဖြစ်သွား၏။

"ဘယ်လိုဖြစ်တာလဲ ဒေဝါရယ်၊ ကားကို ဖြည်းဖြည်း မောင်းမှပေါ့ကွ၊ ရွှေးအချစ်ကို မရဘဲ ငါ မသေချင်သေးဘူးကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူက မင်းကို သေခိုင်းနေလို့လဲကွ၊ ရှေ့မှာ လူတစ်ယောက် ဖြတ်သွားတာ မမြင်ဘူးလား"

ဒေဝါလေသံက မာဆတ်ဆတ်။

"ငါတော့ ရွှေးကို ချစ်မိပြီ ဒေဝါ၊ မင်းသဘောက ဘယ်လိုလဲ"

"သေလိုက်"

"ငါ့ကိုလား"

"အေး"

"အဟာတ်...ဟား...ဟား"

ဒေဝါ စကားအဆုံးမှာ ကသစ်က ရယ်စရာ ပြက်လုံး တစ်ခုကို ကြားရသလို အားပါးတရ အော်ရယ်သည်။ ဒေဝါ ဘာဖြစ်နေလဲဆိုတာ ကသစ် သိနေသည်။ နားလည်နေသည်။ ထို့ကြောင့် ဒေဝါ့မျက်နှာကို ခပ်ပြုံးပြုံးကြည့်ရင်း...

"ငါကတော့ ရွှေးမှရွှေး ဖြစ်သွားပြီ ဒေဝါ၊ မင်းသေခိုင်း လည်း မရတော့ဘူး"

"ငါ့ရင်ခုန်သံတိုင်းက ရွှေး...ရွှေးလို့ချည်း အော်နေတာ မင်းကြားလား"





"ရှူးပါ့ကွာ"

"မင်း ယုံပြီလား၊ အချစ်က လူကို ရူးစေနိုင်တယ်ဆိုတာ လေ"

ဒေဝါထံမှ ဘာသံမှ ထွက်မလာ၍ ကသစ် ပြုံးလိုက်၏။ ဒေဝါကို မခံချင်အောင် ပြောနေပေမယ့် ရွှေးကို ကသစ်ရင် မခုန်သလို ရင်လည်းမတုန်ပါ။ ရွှေးအလှကိုတော့ တကယ်အသိ အမှတ်ပြုပါသည်။ ရွှေးနှင့်ဒေဝါဆိုလျှင်တော့ လနှင့်နေ မြနှင့်ရွှေ လို လိုက်ဖက်တာကိုလည်း ဝန်ခံသည်။

မိုးချုပ်မှ သူငယ်ချင်းနှစ်ယောက် လမ်းခွဲကြသည်။ ဒေဝါ ကတော့ ကသစ်နှင့်သာ လမ်းခွဲလာသည်။ ကသစ်ပြောသည့် စကားတွေကို နားထဲကမထွက်သလို ယုံလည်းမယုံ။

"ငါတကယ်ပြောတာ ဒေဝါ၊ ရွှေးကို ချစ်သွားပြီ"

ဒေဝါ ကြည့်လိုက်တော့ ပြုံးနေသည့် ကသစ်မျက်နှာမှာ ဘာခံစားချက်မှ ရှာမတွေ့။ ဒေဝါက ရွှေးကို တကယ်ချစ်မှလိုက် ဟု ပြောထား၍ ဒေဝါ ကျေနပ်အောင် တမင်လုပ်ကြံပြောနေမှန်း ဒေဝါ သိသည်။ သူငယ်ချင်းတွေဆိုတော့လည်း ပြောရခက်သည်။ ဒေဝါ သဘောအရဆိုလျှင် ဤလောင်းကစားမျိုး မလုပ်စေချင်။



www.burmeseclassic.com

www.burmeseclassic.com



ရွှေသိရင် မိုးမီးလောင်မှာ သေချာသည်။ ဒီကိစ္စမလုပ်နဲ့လို့ ပြောရအောင်လည်း ရွှေနဲ့သူ ဘာမှမဆိုင်။

လှပသော ရွှေမျက်နှာလေးက ဒေဝါအာရုံမှာ ဖျတ်ခနဲ ပေါ်လာသည်။ ဒီကိစ္စ ဘယ်လိုလုပ်ရမှာပါလိမ့်။

"ဟ…ငါတကယ်ပြောတာကွ၊ ရွှေမှာ ယောကျ်ား တစ်ယောက်အတွက် စွဲမက်လောက်စရာ ကောင်းတဲ့ အလှအပတွေ အားလုံး စုဝေးနေတာ"

ပြဿနာစပြီဟု ဒေဝါ တွေးလိုက်သည်။ ကသစ်ပြောပုံက စိတ်ပါလက်ပါ။

ဒေဝါမျက်လုံးထဲ ရွှေ၏ ကောက်ကြောင်းအလှများကို ဖျတ်ခနဲ မြင်ယောင်ကာ ခေါင်းခါယမ်းလိုက်၏။ ဒါကို ကသစ် တစ်မျိုးထင်သွားသည်။

"ဘာလဲ ဒေဝါ၊ မင်းက ငါပြောတာ မဟုတ်ဘူးလို့ ငြင်းတာလား၊ မင်းနဲ့ငါ ဘယ်သူမှန်သလဲဆိုတာ ငှက်ကို ဆုံးဖြတ်ခိုင်းလိုက်"

"ဘယ်လိုလဲ ငှက်၊ ငါနဲ့ဒေဝါ ဘယ်သူမှန်လဲ"

ဟင်း…ခက်နေပါလား။ ကသစ်က ကိုယ်လိုရာဆွဲတွေး





ကာ ပြောနေခြင်းဖြစ်၏။ ငှက်က ကသစ်ပြောတာကို အဟုတ်ထင်ကာ ဝင်ထောက်ခံသည်။

"ကသစ်ပြောတာ မှန်တယ်ကွ ဒေဝါ၊ မင်းက ရွှေကို ကြည့်လို့မရတိုင်း ရွှေ မလှဘူးလို့ မင်းအထင်နဲ့ တစ်ဖက်သတ် မပြောနဲ့"

"ရွှေကို သေချာကြည့်လိုက်၊ ပြီးမှ ပြော၊ ရွှေမျက်နှာလေးကိုပဲကြည့်၊ ဝင်းနေရှောမွတ်နေတာပဲ၊ ကျိန်ပြောရလောက်အောင်ကို မျက်နှာမှာ အစက်အပြောက်ဆိုလို့ မှဲ့ခြောက်လေးတောင် ရှိမနေဘူး၊ မျက်လုံးလေးတွေကလည်း ရွှန်းလဲ့တောက်ပပြီး နှုတ်ခမ်းထူထူလေးက ရဲစိုနေတာ၊ နှင်းဆီဖူးလေးအတိုင်းပဲ၊ နောက်ပြီး ခါးလေး"

"ဟိတ်ကောင် ငှက်၊ တော်တော့၊ ရွှေအလှက မင်းစာဖွဲ့ဖို့မဟုတ်ဘူး၊ ငါ စာဖွဲ့ရမှာကွ၊ တော်းရ"

ရုတ်တရက် ကသစ်က ထယောက်လိုက်တာကြောင့် ငှက်မှာ ပြောလက်စစကား ရပ်သွား၏။ ဒေဝါမှာတော့ ရွှေ၏ အလှအပများကို ဒီလောက် သေချာစေ့စပ်အောင် ကြည့်ခဲ့သော ငှက်ကိုရော ကသစ်ကိုပါ လက်သီးနှင့်သာ ဆွဲထိုးချင်နေမိ၏။

"တော်ကွာ…သူ့အကြောင်း ငါ့ရှေ့မှာ လာမပြောနဲ့"



www.burmeseclassic.com

www.burmeseclassic.com



''မင်းဘာဖြစ်တာလဲ ဒေဝါ''

''ဘာဖြစ်ရမှာလဲကွ၊ ရွှေးကို မလှဘူးလို့ ငါ့ပါးစပ်က ထုတ်ဖော်ပြီး ငြင်းနေလို့ မင်းက ဒါတွေပြောနေတာလား၊ ရွှေ လှတယ်၊ ဒါပေမယ့် ငါသာဆိုရင် သူဘယ်လောက်လှလှ မိန်းမ တစ်ယောက်ကိုတော့ ဘယ်တော့မှ ဒူးမထောက်ဘူး''

''ဒါကတော့ မင်းအယူအဆလွဲနေပြီ ဒေဝါ၊ မိန်းကလေး တစ်ယောက်ကို ချစ်တာဟာ ငါတို့ယောကျ်ားတွေအနေနဲ့ ဒူးထောက် တာမဟုတ်ဘူး၊ သူ့အပေါ်မှာ ကိုယ်ဘယ်လောက် ချစ်တယ်၊ ကြင်နာမြတ်နိုးတယ်ဆိုတာ သက်သေပြတာ''

ကသစ်က ချက်ကျလက်ကျ ဝင်ပြော၏။

''မင်းမဆိုးဘူး ကသစ်၊ မင်း အိုင်ဒီယာတွေ မှန်လာပြီ''

ငှက်က ကသစ်ကို ထောက်ခံသည်။

''ငါကတော့ အချစ်ဆိုတာကို ရှေ့တန်းတင်ပြီး မိန်းမတွေ ကို ဘယ်တော့မှ အလျှော့မပေးဘူး၊ မှတ်ထား''

''မင်းတကယ်ချစ်တဲ့သူနဲ့ မတွေ့သေးလို့ပါ ဒေဝါ''

''မင်းရဲ့ အဲဒီမာန်မာနတွေကို ဘယ်လိုမိန်းကလေးမျိုးက ချေဖျက်နိုင်မလဲဆိုတာ ငါ စောင့်ကြည့်လိုက်ပါ့မယ်''





''ဟုတ်တယ်၊ ဒေဝါ့အသည်း ဘယ်လောက်မာတယ် ဆိုတာကိုလည်း စောင့်ကြည့်မယ်''

ကသစ်နှင့်ငှက်က အတိုင်အဖောက်ညီနေသမျှ ဒေဝါက တော့ ခပ်တည်တည်ပင်။

''စောင့်ကြ...စောင့်ကြ၊ မင်းတို့သေလို့ အရိုးဖြစ်သွားတဲ့ အထိ ငါ အလျှော့ပေးရမယ့် မိန်းမမျိုး တွေ့သွားရမှာမဟုတ်ဘူး''

''ဒေဝါ...ဒေဝါ စကားကို ကုန်အောင်မပြောရဘူးကွ၊ တစ်နေ့ မင်း ငါတို့ကို အရှုံးပေးရလိမ့်မယ်နော်''

ငှက် သတိပေးသည်။ ဒေဝါကလည်း အလျှော့မပေး။

''ဟေ့...မင်းတို့ မြဲမြဲမှတ်ထား၊ ဒေဝါရဲ့ဘဝမှာ ဘယ်တော့မှ အရှုံးမရှိစေရဘူး''

သို့သော် ထိုစကား မှန်သလား၊ မှားသလားဆိုတာ ထိုခဏ က ဒေဝါကိုယ်တိုင်လည်း မသိခဲ့။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

"အို…အမေ့"

"ဟာ"

ပြေးတက်လာသူနှင့် ပြေးဆင်းလာသူနှစ်ယောက် အရှိန် ပြင်းစွာ ဝင်တိုက်မိကြခြင်းဖြစ်သည်။

ချက်ပြုတ်ပြီးမှ သင်တန်းသို့သွားရန် လှေကားမှ အလော တကြီး ပြေးဆင်းလာသော ရွှေးနှင့် ကားစက်ဆီများဖြင့် တစ်ကိုယ် လုံး ပေကျံနေသော ဒေဝါတို့ အပေါ်ပြေးတက်ခဲ့ရာ အဆင်းနှင့် အတက် မထင်မှတ်ဘဲ ဝင်တိုက်မိခြင်းဖြစ်သည်။

နှစ်ယောက်သား အရှိန်ပြင်းပြင်းနှင့် ဝင်တိုက်မိတာမို့ ရွှေး





ကိုယ်လေးမှာ ဒေဝါရင်ခွင်ထဲ အလိုအလျောက် ရောက်သွားသလို ဒေဝါမှာလည်း ရွှေးကိုယ် အိအိမွှေးမွှေးလေးကို စက်ဆီပေကျံသော လက်များနှင့် ယောင်ယောင်ကန်းကန်း တင်းကြပ်စွာ ပွေ့ဖက်မိ လျက် ဖြစ်သွား၏။

ထိုအခိုက်အတန့်လေးမှာ နှစ်ယောက်သား မှင်သက်မိသွား၏။ ရွှေးက ရုန်းပေမယ့် သူက မလွှတ်။ သူ့ရင်ခွင်ထဲ ရောက်နေသော ပျော့ပျောင်းနူးညံ့သော ရွှေးကိုယ်လေးကို ခပ်တင်းတင်း ပွေ့ဖက်ထား၍ ရွှေးမှာ မျက်နှာလေး ရဲခနဲဖြစ်သွား၏။

"ရှင်…ဒါဘာလုပ်တာလဲ၊ လွှတ်လေ"

"ကဲဟယ်"

"ဟာ…ဟေ့"

ရွှေးမှာ ရှက်ခြင်း၊ ဒေါသဖြစ်ခြင်းတို့ဖြင့် မျက်နှာလှလှ လေး နီရဲလျက် ဒေဝါ့ရင်ခွင်ထဲမှ ဆောင့်ကာ သူ့ရင်ဘတ်ကို တအားဆောင့်တွန်းကာ ရုန်းထွက်လိုက်တာမို့ ဒေဝါ့ကိုယ်ကြီးမှာ နောက်သို့ လန်ကျတော့မလို ဖြစ်သွား၍ ကိုယ်ကို ကမန်းကတန်း ထိန်းလိုက်ရင်း…

"မင်း ဘယ်လိုလုပ်လိုက်တာလဲကွဟင်၊ လှေကားပေါ်



www.burmeseclassic.com

www.burmeseclassic.com



က လိမ့်ကျသွားရင် အသက်ပျောက်သွားနိုင်တယ်ကွ သိလား''

''အဲဒီတော့ ဘာဖြစ်လဲ၊ ဟွန်း···အခွင့်အရေးရတာ လူကို''

''ဒါ···မတော်တဆ ဖြစ်တာကွ''

''ဘာမတော်တဆလဲ၊ လူကို ရှင့်အားကြီးနဲ့ ဖွတ်ဖက်ထား တာ မတော်တဆလား၊ အဲဒါကြောင့် ယောကျ်ားဆို ဘယ် ယောကျ်ားမှ အထင်မကြီးတာ''

''မင်း ကိုယ့်ကို မစော်ကားနဲ့နော်''

''ဘယ်သူက အရင်စစော်ကားတာလဲ''

''မင်းနော်''

''ဘာလဲ···လူကို ထိရဲထိကြည့်၊ ဒီတစ်ခါတော့ ငြိမ်ခံ နေမှာမဟုတ်ဘူး''

ဒေဝါမှာ ဒေါသဖြစ်သွားတာမို့ ရွှေးကို အံကြိတ်ပြီး စိုက်ကြည့်လိုက်ပေမယ့် သူ၏အကြည့်ကို ရွှေးက နည်းနည်းမှ ဂရုမစိုက်။

''မင်းက တော်တော်သတ္တိရှိ···ယ်ပေါ··· ဟုတ်လား''





''ဟုတ်တယ်၊ သတ္တိရှိတယ်၊ အဲဒီတော့ ဘာဖြစ်လဲ''

''ဒါဖြစ်တယ်ကွာ''

''ဟင်···ရှင်···ရှင်''

ရွှေးတစ်ကိုယ်လုံး ဒေဝါ့ရင်ခွင်ထဲ နစ်သွား၏။ ထို့နောက် မှာတော့၊ လှိုက်လှဲပြင်းပြသော ချစ်အနမ်းတွေက လှပသော ရွှေး မျက်နှာလေးထက် သိပ်သည်းစွာ ခပ်ကြမ်းကြမ်း ကျရောက်လာ၏။

''ရှင်နော်···ရှင်၊ လွှတ်စမ်း''

''အိုး''

ရွှေး ဖွတ်အတင်း ရုန်းကန်ထုရိုက်သည်။ မျက်နှာလေးကို ဘယ်ညာခါယမ်းပေမယ့် မရ။ စက်ဆီတို့ဖြင့် ပေကျံနေသော ဒေဝါ့ ရင်ခွင်ထဲမှာ လူတစ်ကိုယ်လုံး လှုပ်မရအောင် တင်းကျပ်သွားသလို ရွှေး နှုတ်ခမ်းအစုံမှာလည်း စကားဆိုခွင့်မရဘဲ အချိန်အကြာကြီး တိတ်ဆိတ်ငြိမ်သက်သွားသည်။

''ကဲဟယ်''

''ဖြန်း''

အသားချင်း ထိခတ်သံ ခပ်ပြင်းပြင်း ထွက်ပေါ်လာသလို



www.burmeseclassic.com

www.burmeseclassic.com



ရွှေးလက်ချက်ဖြင့် ဒေဝါ့ပါးတစ်ဖက် နီရဲထူပူသွားသည်။

"အဟင့်...ဟင့်...ဟင့်"

ဒေဝါ ဘာမှပြန်မပြောနိုင်ခင်မှာပဲ ရွှေးက ငိုရှိုက်က သူနားက ပြေးထွက်သွားတာကို ကြည့်ပြီး ဒေဝါထံမှ သက်ပြင်း သံ ကျယ်လောင်စွာ ထွက်ပေါ်လာ၏။ တစ်မနက်လုံး ကားပြင်နေ လို့ ဗိုက်ဆာလို့ အပေါ်ပြေးတက်လာတာ။ ရုတ်တရက် ရွှေးနှ ဝင်တိုက်မိခြင်းဖြစ်သည်။ အစထဲက စကားပြော အဆင်မပြေ သူချင်းမို့ ပြဿနာဖြစ်ကြသည်။ နှစ်ယောက်စလုံး ဆတ်ဆတ် မခံကြသူတွေဆိုတော့ တစ်ယောက်ကိုတစ်ယောက် မခံချင်အော ပြောရင်း မဖြစ်သင့်တာတွေပါ ဖြစ်ကုန်သည်။

ဒေဝါကိုယ်တိုင်လည်း ရွှေးအပေါ် အခုလို ပြုမူဆက်ဆံ မိတာကို ကိုယ့်ဘာသာ အံ့သြနေသည်။ တကယ်ဆို သူတို့ နှစ်ယောက်ကြားမှာ ဒီလိုအဖြစ်မျိုး မဖြစ်သင့်။ ရွှေးဆိုသည့် မိန်းကလေးကိုကလည်း နေရာတကာ စွာလွန်းသည်။ ဘယ်ယောက်ျားကိုမှ အထင်မကြီးတတ်သော သူမအကျင့်အတိုင် ဒေဝါလိုလူကိုပင် အထင်အမြင်သေးသည့် အပြောအဆို အမူအရ တွေနှင့် ဆက်ဆံတုံ့ပြန်လာတော့ မဟုတ်မခံ လက်တုံ့ပြန်ရမှ





ကျေနပ်သည့် ဒေဝါကလည်း စိတ်ပေါက်ပေါက်နှင့် တမင်အရွဲ့ တိုက်ဖို့ ဖြစ်သွားသည်။

သူ့ကြောင့် အခုတော့ ရွှေး ငိုရပြီ။ ဖြစ်ပြီးသမျှတွေ လွန်ကုန်ပြီဆိုတော့ တောင်းပန်စကားဆိုလို့လည်း ဘာမှအကျိုး မထူး။ ရွှေး ရိုက်သွားသည့် ပါးပြင်ကို လက်နှင့် အသာဝင်ကိုင် ရင်း ချိုမြိန်နွေးထွေးသော ရွှေးနှုတ်ခမ်းလေးကို ပြန်သတိရသွားကာ သူ့ရင်ထဲ သိမ့်ခနဲဖြစ်သွားသည်။

"မငိုပါနဲ့ ရွှေးရယ်၊ ဘာဖြစ်လာတာလဲဆိုတာ မေညို့ ကိုလည်း ပြောပြဦးမှပေါ့"

မေညိုက ရွှေး ဝမ်းပန်းတနည်း ငိုရှိုက်နေတာကိုကြည့်ပြီး ဘာလုပ်လို့ လုပ်ရမှန်းမသိ။ ရွှေးတို့အိမ်ရှေ့ ကားကို ရပ်လိုက်တာ နှင့် ငိုရှိုက်ပြေးထွက်လာသော ရွှေးကို တွေ့ရခြင်းဖြစ်သည်။

ရွှေးက မေညို့ကားကိုပင် မမြင်။ မေညိုမှာ ရွှေးကိုခေါ် ပြီး သူမကားလေးနှင့် ထွက်လာရင်း လူရှင်းသည့် နေရာအရောက် မှာ တသိမ့်သိမ့် ရှိုက်ငိုနေသော ရွှေးကို အခုလို ချော့မော့မေးနေရ ခြင်းဖြစ်သည်။

"ဒုက္ခပါပဲ ရွှေးရယ်၊ မေညိုမေးတာ မဖြေဘဲ ဒီလိုချည်း



www.burmeseclassic.com

www.burmeseclassic.com



ငိုနေရင် မေညိုပါ ရွှေနဲ့အတူ ရောငိုမိတော့မယ်သိလား''

မေညိုကိုယ်တိုင် ငိုသံလေးနှင့်ပြောမှ ရွှေ ငိုတာကို ရပ်ပြီး မေညို့ကို ကြည့်သည်။

''ရွှေ အစော်ကားခံလိုက်ရတာ မေညိုရဲ့''

''ဟင်''

ရွှေကပြောရင်း တစ်ချက်ရှိုက်တော့ မေညို့မျက်လုံးလေးတွေ ဝိုင်းခနဲဖြစ်သွား၏။

''ရွှေ အစော်ကားခံလိုက်ရတယ် ဟုတ်လား၊ ရွှေကို ရွှေကို ဘယ်လိုလူက နေ့ခင်းကြောင်တောင် လာစော်ကားသွားတာလဲဟင်''

''ဘယ်သူရှိရမှာလဲ ဟိုလူယုတ်မာ ဒေဝါပေါ့ မေညိုရယ်''

''ဟယ်''

မေညိုက သူမနှုတ်ခမ်းလေးကို လက်ဖဝါးဖြင့် အလန့်တကြားပိတ်ပြီး ရွှေကို ထိတ်လန့်စွာ ကြည့်သည်။ ဒေဝါလိုလူက ရွှေကို နေ့ခင်းကြောင်တောင် ယုတ်မာသွားသည်ဆိုတော့။

''မေညို နားလည်အောင် ပြောစမ်းပါဦး ရွှေရယ်၊ လိုအပ်





ရင် ရဲ့စခန်းတွေ ဘာတွေများ တိုင်ရဦးမှာလား၊ တော်ကြာ မှခင်း သတင်းထဲ ပါလာမှဖြင့်ဟယ် သူကြည့်တော့ ရုပ်တည်ကြီးနဲ့''

''ဘာတွေလျှောက်ပြောနေတာလဲ မေညိုရယ်၊ ရွှေအဖြစ်က အဲဒီလောက် မဆိုးသေးပါဘူး''

''သိဘူးလေ၊ ရွှေက အယုတ်မာခံလိုက်ရတယ်ဆိုတော့''

''ရွှေကို တမင်ဉာဏ်ဆင်ပြီး လူကို ဖွတ်ဖက်နမ်းသွားတာကို ပြောတာ သိလား''

''တကယ်''

''ဒါ ညာပြောရမယ့် ကိစ္စလား မေညိုရဲ့''

ဒေါသဖြင့် ရွှေက အော်တော့ မေညိုမှ ရယ်ချင်လျက်နှင့် မရယ်ရဲ။ စိတ်ထဲမှာတော့ ဒီလိုကြတော့လည်း ဒေဝါဆိုတဲ့လူက လက်သွက်လှချည်လားလို့ တွေးဖြစ်အောင် တွေးမိသွားတာကို ရွှေ မသိလိုက်ပါ။

''ရွှေတို့ဖြစ်တာကို မေညိုကို ပြောပါဦးဟယ်၊ ဘယ်လိုတွေ ဖြစ်ကြတာတုန်း''

မေညို့အမေးကို ရွှေက အစအဆုံး ရှင်းပြတော့ မေညို



www.burmeseclassic.com

www.burmeseclassic.com



က ခေါင်းတညိတ်ညိတ်။ မတည့်အတူနေ နှစ်ယောက်တွေ့မှတော့ ဒီလိုဖြစ်ကြတာ သိပ်တော့မဆန်း။

ဆန်းတာက ဒေဝါက ရွှေးမျက်နှာလှလှလေးကို စိတ်ရှိလက်ရှိ ချစ်အနမ်းတွေ ပေးသွားခြင်းဖြစ်သည်။ ငှက်နှင့် မေညိုတောင် ချစ်သူရည်းစားတွေဆိုပေမယ့် ထိုအခွင့်အရေးမျိုး မေညိုက မပေး။ လက်ကလေးကိုင်၊ ပါးလေးနမ်းတာလောက်ပဲ ခွင့်ပြုသည်။ အခုကော့ ဒေဝါလို လူစိမ်းတစ်ယောက်က ရွှေးလို ချစ်သူရည်းစားမထားဖူးသည့် အပျိုစင်လေးကို ချစ်အနမ်းတွေ အားပါးတရ ပေးသွားပုံက ချစ်သူရည်းစားထက်ပင် ဆိုးနေလိုက်သေးသည်။

"သင်းကို ရွှေး လုံးဝမကျေနပ်ဘူး မေညိုရယ်၊ ရွှေးခံရသလို သူ့ကို တစ်ခုခုလက်တုံ့ပြန် ကလဲ့စားချေရမှ ရွှေးကျေနပ်မယ်သိလား"

ရွှေးက ဒေဝါကို နည်းနည်းမှ မကျေနပ်။ ဒါကို အပြစ်ပြော၍မဖြစ်။ ဒေဝါ လုပ်ပုံကလည်း လွန်သည်။ ရွှေး စိတ်ဆိုးဒေါသဖြစ်မည်ဆိုလည်း ဖြစ်ချင်စရာပါ။

"ရန်ကို ရန်ခြင်းမတုန့်နှင်းနဲ့တဲ့၊ ကိုယ်က မိန်းကလေး၊ နစ်နာစရာရှိရင် ကိုယ်ပဲ နစ်နာမှာပေါ့ ရွှေးရဲ့"





"အို ··အခု သူလုပ်သွားတာနဲ့တင် ရွှေးဘဝ ဘယ်လောက်နစ်နာသွားပြီလဲ၊ ရွှေးတော့ ဒေဝါဆိုတဲ့လူကို လုံးဝ မကျေနပ်ဘူး မေညို"

"ရွှေးကို အနိုင်ကျင့်ဗိုလ်ကျတဲ့လူ၊ သူ့ကို ရွှေး သိပ်မုန်းတယ်သိလား"

"မုန်းတယ်"

ရွှေးက ပြောလည်းပြော ငိုလည်းငို။ ဒေဝါ လုပ်သွားပုံက အတော်မခံချိမခံသာဖြစ်လျက် စိတ်ဆိုးဒေါသဖြစ်နေသည်။ ဒါကို မေညိုလည်း သိပါသည်။ သိပေမယ့် ရွှေးကိုပဲ ဖျောင်းဖျနှစ်သိမ့်ဖို့ ကြိုးစားရမည်။ ဒါ့အပြင် မရှိ။

"မငိုပါနဲ့တော့ ရွှေးရယ်၊ အခုလိုဖြစ်ကြတာ ဒေဝါ့အများချည်း ပြောလို့မရဘူး၊ ရွှေးကိုယ်တိုင်ကလည်း သူ့မခံချင်အောင် သူ့မာနကို သွားဆွတာကိုး"

"အို···ဘာပဲဖြစ်ဖြစ် သူ့ဘက်က ဒီလိုလုပ်စရာလား၊ ဒါ ရွှေးကို တမင်ယုတ်မာတာမဟုတ်လို့ ဘာလဲ"

"ရွှေး ထင်သလိုကြီးတော့လည်း ဟုတ်မယ်မထင်ပါဘူး ဟယ်၊ ဒေဝါအကြောင်း ရွှေးလည်း သိသားနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါပြီဗျာ"

"မေညိုတို့သွားပြီနော် ကာသစ်"

"အိုကေ"

မေညိုက ရွှေး သဘောအတိုင်း ကာသစ်ကို နှုတ်ဆက်ပြီး လမ်းခွဲခဲ့သည်။ ကာသစ်ကတော့ လှပသော ရွှေးမျက်နှာလေးကို ကြည့်ပြီး အတွေးပေါင်းစုံဖြင့် ကျန်ခဲ့သည်။ အစတုန်းကတော့ ရွှေးအချစ်ကို ရယူပိုင်ဆိုင်ဖို့ သူ့မှာ စိတ်ကူးမရှိ။ ဒါကလည်း ဒေဝါက ရွှေးကို ကျိတ်ပြီးစိတ်ဝင်စားနေမှန်းသိ၍ ဖြစ်သည်။ ဖြစ်နိုင်လျှင် ဒေဝါနှင့် ရွှေးတို့ကို အဆင်ပြေစေချင်သည်။ ငှက်၏ဆန္ဒက ထိုအတိုင်းဖြစ်သည်။ ဒါပေမဲ့ ဒေဝါက မရ။ ရွှေးနဲ့အပြိုင်မာနတွေ ဖွင့်ပြီးပြနေတော့ ငှက်နဲ့တိုင်ပင်ပြီး ဒေဝါ့ရင်ထဲက အုံ့ပုန်းအချစ်ကို ရင်ဖွင့်သွားအောင် ကျိတ်စီစဉ်ရင်း ဒေဝါရှေ့မှာ ရွှေးအချစ်ကို အနိုင်လိုက်နိုင်၊ မလိုက်နိုင် လောင်းကစားလုပ်ပြခဲ့သည်။

သူတို့ထင်သည့်အတိုင်း ဒေဝါ့မျက်နှာကြီး မှုန်ကုတ်တင်းမာသွားတာမြင်တော့ ငှက်နှင့်သူ ကျိတ်ရယ်မိကြသည်။ ဒီလိုပဲဖြစ်ရမည်။ ဒေဝါက အခုချိန်ထိ သူ့ကိုယ်သူ ဘာဖြစ်လို့ဖြစ်မှန်းမသိ။ ကာသစ်တို့ကတော့ ဒေဝါ ရွှေးကို ချစ်နေပြီဆိုတာ ဖွင့်မပြောဘဲ





ဒေဝါ့အပြုအမူတွေကို ကြည့်ပြီး နားလည်နေသည်။ သဘောပေါက်နေသည်။

ဒေဝါရှေ့မှာ ရွှေးအကြောင်း ပြောဆိုတိုင်ပင်ကြတိုင်း ဒေဝါ့မျက်နှာ ကွက်ခနဲ ပျက်ပျက်သွားသလို ရွှေးအကြောင်း ဆက်နားမထောင်လိုဟန်ဖြင့် သူတို့နားက အကြောင်းပြချက် တစ်မျိုးမျိုးပြကာ နေရာက ရှောင်ထွက်သွားတတ်တာ သူတို့သိသည်။

သိ၍လည်း ဒေဝါကွယ်ရာမှာ ငှက်နှင့်အတူ ကျိတ်ပြုံးဖြစ်ကြသည်။ ဒေဝါ ဖြစ်နေတာကို သဘောကျ၍ပါ။ အခုတော့ ကာသစ်ကိုယ်တိုင် ဒေဝါဖြစ်သလို ဖြစ်ရတော့မည်ထင်သည်။ ကိုယ့်ကိုယ်ကိုလည်း ဒီလိုဖြစ်လာလိမ့်မည်လို့ ထင်မထားခဲ့။ အချစ်ဆိုတာ ထင်မှတ်မထားချိန်မှာ ဒီလိုလည်း ဖြစ်တတ်ပါလားဟု တွေးကာ ကာသစ် ပြုံးလိုက်သည်။

မှန်တာ ပြောရလျှင် ရွှေးကို သူချစ်မိပြီ။ အချစ်ဆိုတာ နှလုံးသားခံစားချက်တစ်ခုဖြစ်၍ ဟိုလူ့ကို မချစ်ရ။ ဒီလူ့ကို မချစ်ရဟု ပိတ်ပင်တားဆီးချင်၍မရ။ ကိုယ့်ကိုယ်ကို မသိလိုက်ခင်မှာ အချစ်က သူ့အလိုလို နှလုံးသားထဲ အရင်ကြိုရောက်နေတာမျိုး ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သိလို့ခက်နေတာပေါ့ မေညိုရဲ့၊ ပြောတော့ဖြင့် မိန်းမတွေကို အထင်အမြင်သေးသလိုလို ဘာလိုလိုနဲ့၊ ပြီးတော့မှ ယောကျ်ားကြီးဖြစ်ပြီး အားနွဲ့တဲ့မိန်းမသားကို အနိုင်ကျင့်စော်ကားတာ ဘယ်လောက်မိုက်ရိုင်းလဲ"

မေညို ဘယ်လိုမှ တရားချ၍မရအောင် ရွှေးပုံစံလေးက ဒေဝါအပေါ်မှာ ခါးခါးသီးသီး။ ရွှေးကို ချော့မော့ပြီး ဆိုင်တစ်ဆိုင်မှာ ဝင်ထိုင်ကြသည်။ ဖြစ်ချင်တော့ တိုက်ဆိုင်စွာ ဒေဝါ့သူငယ်ချင်း ကသစ်နှင့် တည့်တည့်လာတိုးနေ၏။

ကသစ်က ရွှေးနှင့် မေညိုကို နှုတ်ဆက်သည်။

မေညိုက ကော်ဖီဗန်းကို ကိုင်လျက် ရှေ့မှထွက်ခဲ့၏။ ကသစ်က ရွှေးနှင့် မေညိုဝိုင်းမှာပဲ အတူလာထိုင်သည်။

"တစ်ယောက်တည်းလား ကသစ်၊ သူငယ်ချင်းတွေ မပါဘူးလား"

"မပါဘူးဗျ၊ ဒီကပြန်မှပဲ ဒေဝါဆီသွားမလို့ စိတ်ကူးထားတာ၊ ရွှေးတို့ကို တွေ့လိုက်ရတော့ ပျော်သွားတာပဲ"

ကသစ်ကို မေညိုက စကားဦးဆောင်ပြောနေပေမယ့် ကသစ်က မေညိုထက် ရွှေးကိုပဲကြည့်ပြီး စကားပြောချင်နေတာ





မေညိုက အလိုက်တသိ ပြုံးပြီး ငြိမ်နေလိုက်သည်။ သူငယ်ချင်းသုံးယောက်စလုံး လူချောတွေချည်းဆိုပေမယ့် ထိုသုံးယောက်ထဲမှာ အချောဆုံးက ဒေဝါဖြစ်တာကို ဝန်မခံလို့မဖြစ်။

"ရွှေးကိုကြည့်ရတာ နေမကောင်းသလိုပဲဗျာ၊ ကျန်းမာရေးတော့ ဂရုစိုက်ဦး"

"ရွှေး နေကောင်းပါတယ်"

ကသစ်စကားကို ရွှေးက အလိုက်သင့် ပြန်ပြောလိုက်သည်။ ကသစ်က ဒေဝါလိုမဟုတ်။ ခင်ဖို့ကောင်းမှန်း ရွှေးသိသည်။ အခုချိန်ထိ ချစ်သူရည်းစား မရှိသည့်ထဲမှာ ကသစ်လည်း ပါသည်။ ကော်ဖီကို သောက်နေပေမယ့် ကသစ် အကြည့်တွေက ရွှေးမျက်နှာလှလှလေးထံ မကြာခဏ ရောက်ရောက်သွား၏။ ရွှေးပုံလေးက ချစ်စရာကောင်းသည်။

ဒေဝါသာ ရွှေးကို သဘောမကျဘူးဆိုရင် ကသစ်ရဲ့ ချစ်သူအဖြစ် ရွှေးကိုပဲ ရွေးလိုက်ချင်သည်။ ရွှေးသာ သဘောတူမည်ဆိုလျှင်ပေါ့။

"ကဲ…ရွှေးတို့လည်း သွားကြစို့ မေညို၊ ကသစ် ရွှေးတို့ကို ခွင့်ပြုပါဦးနော်"



www.burmeseclassic.com

ကသစ်အဖြစ်ကလည်း ထိုအတိုင်းဖြစ်သည်။ အစတုန်းက ရွှေးကိုချစ်ဖို့ ရည်ရွယ်တာမဟုတ်။ ချစ်မိသွားလိမ့်မည်လို့လည်း မထင်။ အခုတော့ သူ့ကိုယ်သူ မသိလိုက်ခင်မှာပဲ ကသစ်နှလုံးသားက ရွှေးကို ချစ်မိသွားသည်။ သူဘာမှမတတ်နိုင်ခဲ့။ ဒါပေမဲ့ သူ့အချစ်ကို ရွှေးကို ဖွင့်မပြောဖြစ်အောင် မျိုသိပ်လျှို့ဝှက်ထားဖို့တော့ ကသစ် ဆုံးဖြတ်လိုက်သည်။ ဒါကလည်း ဒေဝါဆိုသည့် အချစ်ဆုံးသူငယ်ချင်းကြောင့် ဖြစ်သည်။

သူ့အရင် ဒေဝါက ရွှေးကို ချစ်နေခဲ့သည့်လူ။ ဒါကို သိရက်နှင့် ဒေဝါ့အချစ်၊ ဒေဝါ့နှလုံးသားကို မလုယူသင့်။ ဒါကို ကသစ် နားလည်သည်။ အချစ်ကြောင့် အချစ်ဆုံးသူငယ်ချင်းတွေ စိတ်ဝမ်းကွဲပြီး အမုန်းဆုံးရန်သူတွေ ဖြစ်သွားမှာကို သူမလိုလား။ ဖြစ်လည်းမဖြစ်ချင်။

အခုထဲက ဒေဝါကို သူအရှုံးပေးဖို့ ဆုံးဖြတ်ထားသည်။ ကသစ် ဒေဝါဆီ ရောက်သွားတော့ ဒေဝါ့ပုံစံက တစ်မျိုးဖြစ်နေ၏။

သက်ပြင်းတချချနှင့် ဟိုဟာလုပ်ရမလို ဒီဟာလုပ်ရမလိုနှင့် မငြိမ်မသက်ဖြစ်နေ၏။

"မင်းပုံစံက ဘာဖြစ်နေတာလဲ ဒေဝါ၊ မင်းကြည့်ရတာ





တစ်ခုခု ဖြစ်နေသလိုပဲ"

"ငါဘာဖြစ်လို့လဲ၊ ဘာမှမဖြစ်ဘူး"

ဒေဝါက မျက်နှာထားတည်တည်နှင့် ကသစ်အမေးကို ဖြေလိုက်ပေမယ့် စိတ်ထဲမှာတော့ သူနှင့်ရွှေးအဖြစ်ကို ပြောသင့် မပြောသင့် စဉ်းစားနေမိသည်။

နောက်ဆုံး ကသစ်မျက်နှာကို တစ်ချက်ကြည့်ပြီး မပြောတော့ဟု ဆုံးဖြတ်လိုက်၏။

"အေး...မင်းကသာ ဘာမှမဖြစ်ဘူးပြောနေတာ၊ ငါ့အမြင်မှာတော့ မင်းတစ်ခုခုဖြစ်နေတာ လုံးဝသေချာတယ်"

"ဘာလဲ၊ မင်းဘွား လာတော့မယ်တဲ့လား"

ဘွားဆိုသည့်အသံကြားမှ ဒေဝါ တွန့်ခနဲဖြစ်သွားသည်။ ညကပဲ ဘွားက ဒေဝါဆီကို ဖုန်းဆက်သည်။ သူတစ်ယောက်တည်း ဆက်သည့်ဖုန်း မဟုတ်။ ဒေဝါအတွက် ဘွားစိတ်ကြိုက်ရွေးထားသည့် သတို့သမီးလောင်းကိုပါ ဘွားက သူ့နားခေါ်ထားပြီး ဒေဝါနဲ့ ဖုန်းထဲမှာ မိတ်ဆက်ပေးကာ ဖုန်းနှင့် စကားပြောခိုင်းခြင်းဖြစ်သည်။

အသံလေးကြားရတာကတော့ သိပ်မဆိုးပါ။ ဆိုးတာက



www.burmeseclassic.com

www.burmeseclassic.com



ဒေဝါကို ကိုကိုချင်း မိုးမွန်အောင်ခေါ်ပြီး ဖုန်းအကြာကြီး ပြောခြင်း ဖြစ်သည်။ ဒီကြားထဲ ဘွားကပါ ဝင်ဝင်ပြောသေးသည်။ ဒေဝါမှာ ဖုန်းချချင်ပါလျက်နှင့် ဘွားက ဖုန်းမချနဲ့ဦးနော် မြေးလေးဆိုတာနှင့် နီရာဆိုသည့် ကလေးမ လေကြောရှည်သမျှ ဒေဝါတစ်ယောက် တည်း ကျိတ်ခံလိုက်ရသည်။ ဒေဝါကလည်း နောက်ဆုံး ဟောင်း တောင်းပန်ပန် ဖုန်းချလိုက်မှ ဖုန်းဇာတ်လမ်း ပြီးသွားသည်။

လူဇာတ်လမ်းကတော့ ထိုမျှနှင့်မပြီး။ ဘွားက မကြာခင် နီရာနှင့်အတူ ဒေဝါရှိရာ လိုက်လာမည်တဲ့။ ထိုစကားကြားတာနှင့် ဒေဝါ ရူးချင်သွားသည်။ နီရာက လူချင်းမမြင်ရသေး။ ဖုန်းထဲမှာ တင် ဒီလောက် ချွဲအီချိုပျစ်နေတာ။ အပြင်မှာ ဒေဝါနှင့် လူချင်း တွေ့လျှင် ဘာတွေဘယ်လိုဖြစ်ဦးမည်မသိ။ အတွေးနှင့်ပင် ဒေဝါမှာ စိတ်ရှုပ်စိတ်ညစ်လှပါပြီ။ ဒီကြားထဲ ဘွားကတစ်မျိုး။

အခုထဲက ဒေဝါ့လူမဟုတ်။ ဘွားက နီရာ့လူဖြစ်နေ၍ ဒေဝါ ဘာပြောပြော တစ်ခုမှ အကောင်းမထင်။ နီရာဘက်ကချည်း လိုက်ပြောနေတာ ပိုဆိုးသည်။ နီရာနှင့် ဘွားအကြောင်း ခေါင်းထဲ ရောက်လာ၍ မနက်က ရွှေးနှင့်သူဖြစ်ခဲ့သော အချစ်ခံစားချက်၊ အချစ်အနမ်းနွေးနွေးလေးတွေပင် ဘယ်ရောက်လို့ ရောက်သွားမှန်း





မသိ။

"ဘယ်လိုလဲ ဒေဝါ၊ မင်းအဘွားက ဘာတဲ့လဲ"

"ငါ့ဆီကို လာတော့မယ်ကွ"

"ဒါဆိုလည်း လာပါစေကွာ၊ မင်းအဘွားက သူ့မြေးကို လွမ်းလို့နေမှာပေါ့"

ကသစ်က သူ့ထင်မြင်ချက် ပြောပြီး ခပ်အေးအေးနေနိုင် ပေမယ့် ဒေဝါမှာက ကိုယ့်အကြောင်း ကိုယ်သာအသိဆုံးမို့ မအေး နိုင်။

"သူတစ်ယောက်တည်း ဒီကိုလာတာက အကြောင်း မဟုတ်ဘူး ကသစ်၊ အခုဟာက ငါ့အတွက် ဘွားကိုယ်တိုင် ဆန်ကာတင်ရွေးထားတဲ့ သူ့မြေးချွေးမကိုပါ သူနဲ့အတူ တစ်ပါထဲ ခေါ်လာမှာတဲ့"

"ဟေ"

"စိတ်ညစ်တယ်ကွာ၊ အခု ငါဘာလုပ်ရမှန်း မသိဘူး"

"လွယ်ပါတယ်ကွာ၊ မင်းဘွားလာရင် ဟိုတစ်ခါက ငါတို့ ကြိုတင်တိုင်ပင်ထားတဲ့အတိုင်း မင်းအဘွား မျက်စိလည်အောင် လှည့်ပစ်လိုက်တာပေါ့၊ ဒါဆို မင်းရဲ့ဇနီးလောင်းအတွက်ပါ တစ်ခါ



www.burmeseclassic.com

www.burmeseclassic.com



တည်း ပြဿနာရှင်းပြီးသား ဖြစ်သွားမှာ မဟုတ်ဘူးလား''

''အေး…အဲဒီနည်း မဆိုးဘူးကွ၊ ငါ့မှာ မိန်းမရှိတယ် ဆိုရင် ဘွား တစ်ခါတည်း ပျော်ပြီးပြန်သွားမှာ''

''ဖြစ်ရမယ်လေ၊ ဒီလိုပဲ ဖြစ်ရမှာပေါ့၊ အဲဒီကိစ္စအတွက် ကြောင့် ဆိုရင်တော့ မင်းကိုယ်မင်း စိတ်ညစ်ခံမနေနဲ့ ဒေဝါ၊ ဒီကိစ္စ ငါနဲ့ငှက် တာဝန်ထားလိုက်''

''အခု ငါ မင်းကို ပြောစရာရှိတယ်၊ သေချာနားထောင်''

''ဘာလဲ''

''ငါနဲ့ရွှေး အခုပဲ ကော်ဖီဆိုင်က ထွက်လာကြတာကွ''

''ဟင်''

''မင်းတို့က အဲဒီအဆင့်တောင် ရောက်ကုန်ကြပြီလား''

''အေး''

''ဟာ''

ကသစ်က ပြုံးပြုံးကြီး ခေါင်းညိတ်ပြလိုက်၍ ဒေဝါ ဘာမှမပြောနိုင်ဘဲ ငြိမ်ကျသွားတာကို ကြည့်ပြီး ကသစ် ပြုံးလိုက် သည်။

ဒေဝါ…ဒေဝါ အခုချိန်ထိ မင်းကိုယ်မင်း ဘာဖြစ်လို့ဖြစ်





မှန်း မသိသေးတာ ခက်နေပါလား။

''ဒါဆို မင်းကို ငှက် ရှုံးသွားပြီပေါ့''

''နိုး…ငှက်လည်း မရှုံးဘူး၊ ငါလည်းမနိုင်ဘူးကွ၊ ဘာဖြစ်လို့လဲဆိုတော့ ရွှေးကို ငါ၊ စိတ်ဝင်စားသွားလို့''

''ရွှေးကရော''

''သူလည်း ငါ့ကို စိတ်ဝင်စားမယ်ထင်တယ်''

''အေးလေ…မင်းလိုလူတစ်ယောက်ကို မိန်းကလေးတိုင်း စိတ်ဝင်စားကြမှာပါ၊ ဘာဖြစ်လို့လဲဆိုတော့ မင်းမှာ သူတို့လိုချင်တဲ့ အရည်အချင်းတွေအားလုံး ရှိနေတာကိုး''

''မင်းမှာလည်း ရှိတာပဲကွ''

''ငါနဲ့ ဘာဆိုင်လို့လဲ''

''သဘောပြောတာပါ၊ ကဲ တခြားသွားစရာရှိလို့ သွား လိုက်ဦးမယ်''

ကသစ်က ခပ်ပြုံးပြုံး ပြန်သွားချိန်မှာ ဘာကြောင့်မှန်း မသိ။ တောက်တစ်ချက် ခပ်ပြင်းပြင်း ခေါက်လိုက်မိသူက ဒေဝါ။

အလကားမိန်းမတွေ။ ဘာတစ်ခုမှကို အထင်ကြီးစရာမရှိ ဘူး။



www.burmeseclassic.com

www.burmeseclassic.com



"ဒုန်း…ခွမ်း"

အနားမှာရှိနေသော မြေပန်းအိုးလေးကို ကန်ထည့်လိုက်သဖြင့် အခန်းနံရံနှင့်ထိပြီး ခွမ်းခနဲ ကွဲသွားသည်။ ထိုနေ့တစ်နေ့လုံး ဒေဝါ ဘယ်လိုမှနေ၍မရ။ ကသစ်က ရွှေးကို တကယ်စိတ်ဝင်စားသွားတာဆိုသည့် စကားကို ပြန်ကြားကာ ဒေဝါ့ရင်ထဲ ဖျင်းခနဲ တင်းခနဲ ဘာကိုမကျေနပ်မှန်းကို မသိ။

ကသစ်ကိုလား၊ ရွှေးကိုလား ဆိုတာလည်း သူ့ဘာသာ မခွဲခြားတတ်။ ရွှေးက မေညို့အိမ်မှာ တစ်နေ့ကုန်နေပြီး မိုးချုပ်မှ သူမအခန်းကို ပြန်လာ၏။ ဒါကို ရွှေး ပြန်အလာကို တစ်ချိန်လုံး စောင့်ကြည့်နေသည့် ဒေဝါက မြင်ဖြစ်အောင်မြင်သည်။ ဒေဝါစိတ်ထဲမှာ ရွှေးကို မေညို့အိမ်က ပြန်လာသည်ဟု မထင်။ ကသစ်နဲ့ ချိန်းတွေ့ပြီး ပြန်လာတာဟုထင်ပြီး မျက်နှာတစ်ခုလုံး တင်းမာအေးစက်သွား၏။ ထိုညတစ်ညလုံး ဒေဝါ အိပ်မပျော်။ ရွှေးနှင့် နောက်ထပ်ပြဿနာမဖြစ်အောင် ဆုံးဖြတ်ပြီး ရွှေးကို ရှောင်နေဖို့ ဆုံးဖြတ်လိုက်၏။

"ရွှေး"

"ဟင်…ဒယ်နီ"





လုံးဝထင်မှတ်မထားချိန်မှာ ဒယ်နီကိုတွေ့လိုက်ရ၍ ရွှေးမျက်နှာလေး ကွက်ခနဲပျက်သွားသည်။ ဒယ်နီကို လက်မထပ်နိုင်ကြောင်း ရွှေးကိုယ်ကိုင် မာဒီကို ပြောထားပေမယ့် ဒယ်နီကတော့ ရွှေးကိုမှ ချစ်ပါသည်။ လက်ထပ်လိုပါသည်ဟု မာမီ့ကို အရေးဆိုတော့သည်။ ဒယ်နီကို လက်မထပ်ချင်ရင် ရွှေးချစ်သူကို ခေါ်လာခဲ့ဆိုတော့ ရွှေးမှာ လက်ဆုပ်လက်ကိုင် ပြစရာ ချစ်သူရည်းစားက မရှိ။

"ရွှေးတစ်ယောက်တည်း ဘယ်သွားမလို့လဲ၊ ကိုယ်လိုက်ပို့ပေးမယ်လေ"

"ရွှေးတစ်ယောက်တည်း မဟုတ်ပါဘူး၊ ဟိုဒင်း ရွှေးချစ်သူနဲ့ အတူလာတာပါ"

ရွှေးချစ်သူဆိုသည့် အသံကြောင့် ဒယ်နီ့မျက်နှာ ကွက်ခနဲပျက်သွားပေမယ့် ဘာမှမဖြစ်သလို တစ်ချက်ရယ်လိုက်၏။

"အခု ရွှေးချစ်သူက ဘယ်မှာလဲ"

"ဟိုထဲမှာလေ၊ ပစ္စည်းတစ်ခု ဝင်ဝယ်နေလို့ ရွှေးစောင့်နေတာ"

"ကိုယ်လည်း ရွှေးကို အဖော်လုပ်ပေးရင်း ရွှေးချစ်သူ



www.burmeseclassic.com

www.burmeseclassic.com



ကို စောင့်ပေးမယ်''

ဒီတစ်ခါ ဒယ်နီ့စကားကြောင့် ငိုချင်သွားရသူက ရွှေးကိုယ်တိုင်ဖြစ်သည်။ ဒယ်နီကို အလွယ်တကူ ပထုတ်နိုင်လိမ့်မည်ထင်ပြီး ခပ်တည်တည် လိမ်ညာခဲ့သမျှ အခုမှ ဒုက္ခလှလှကြီး တွေ့နေ၏။ အနားက ဆိုင်ကို လက်ညှိုးထိုးပြီး ဆိုင်ထဲမှာ ရွှေးချစ်သူ ရှိနေသယောင် ဟန်ဆောင်ခဲ့သမျှ ဒယ်နီ့ရှေ့မှာ ရွှေးပျံချင်နေ၏။

''ရွှေး ကိုယ့်ကို ညာနေတာမဟုတ်လား''

''ဘာပြောတယ်''

''ရွှေးမှာ ချစ်သူရှိတယ်ဆိုတာလေ၊ ဟိုတစ်နေ့က ရွှေးလူကို တခြားကောင်မလေးနဲ့ တွေ့ပြီးပြီ''

''အို''

ပြောပြီး ဒယ်နီ ခပ်သဲ့သဲ့ရယ်လျက် ရွှေးမျက်နှာကို အကဲခတ်နေ၍ ရွှေး မျက်နှာလေးကို တင်းလိုက်၏။

''ရွှေးကိစ္စ ရှင်နဲ့ဘာဆိုင်လို့လဲ''

''ကိုယ်က ရွှေးကိုချစ်လို့၊ ကိုယ့်ကို လက်ထပ်ပါလား ရွှေးရယ်၊ ကိုယ်တကယ်ပြောတာ၊ ကိုယ့်ဘဝမှာ ရွှေးလောက် ဘယ်သူ့ကိုမှ မချစ်ဘူး၊ ကိုယ့်ကို လက်ခံစဉ်းစားမပေးနိုင်ဘူးလား၊ ရွှေးရယ်''





''ရှင် ရွှေးကို မနှောင့်ယှက်နဲ့နော်၊ ရွှေးမှာ ချစ်သူရှိတယ်ရှင်၊ သူ့ကိုပဲ ရွှေး ချစ်တယ်၊ သူ့ကိုပဲ လက်ထပ်မယ်၊ ရှင်းပြီလား''

''ဒါဖြင့် ရွှေးချစ်သူ ဘယ်မှာလဲ၊ သူ့ကို အခုခေါ်လိုက်''

''ဟင်''

''ကိုယ့်ကို ရွှေး ညာနေတာမဟုတ်လား''

ပြုံးပြီး ကြည့်နေသည့် ဒယ်နီကိုကြည့်ပြီး ရွှေး နှုတ်ခမ်းလေးကို တင်းတင်းစေ့လိုက်၏။ အနီးအနားမှာ ရွှေးကို အကူအညီပေးမယ့်သူလည်းမရှိ။

''ဟုတ်တယ်၊ ရှင့်ကို ရွှေး ညာတယ်၊ အဲဒီတော့ ဘာဖြစ်လဲ''

''ပိုချစ်သွားတာပေါ့၊ ရွှေးကိုချစ်တယ်''

''ရှင်ဘာလုပ်တာလဲ၊ ရွှေးလက်ကို လွှတ်နော်''

''မလွှတ်ဘူးဆိုရင်ရော''

''ဘာဖြစ်နေတာလဲ ရွှေး''

''ဟင်···ဒေဝါ''

မေးသံနှင့်အတူ ဒေဝါက ရွှေးအနား ရောက်လာသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ချွေးမျက်နှာလည်း လန်းရွှင်သွားသလို ဒယ်နီ့မျက်နှာ ကွက်ခနဲ ပျက်သွားကာ ချွေးလက်ကို လွှတ်လိုက်၏။

“ခင်ဗျားက ဘယ်သူလဲ”

ဒယ်နီက ဂျစ်ကန်ကန်မျက်နှာနှင့် ဒေဝါကို ခပ်ဆတ်ဆတ် မေးတော့ ဒေဝါက ချွေးမျက်နှာကို လှမ်းကြည့်ပြီး ခပ်သဲ့သဲ့ပြုံးသည်။

“ပြောလိုက်လေ ချွေး၊ မောင်က ဘယ်သူလဲဆိုတာ”

“ချွေးနဲ့လက်ထပ်မဲ့သူပဲ ဒယ်နီ”

“မင်းပြောတော့ ကိုယ့်ကို ညာတာဆို၊ ဘာလဲ ဒီလူက မင်းရဲ့ အငှားရည်းစားလား”

ဒယ်နီ့စကားကြောင့် ချွေး ဘာပြောရမှန်းမသိ ဖြစ်နေစဉ်မှာ ဒေဝါက…

“ချစ်သူရည်းစားတွေ စိတ်ကောက်နေချိန်မှာ ဒီလိုပဲ ခွဲတတ်တာပဲကွ၊ ငါ့ညီမှာ ချစ်သူရှိလာရင် နောက်တော့သိလာမှာပါ”

“လာ…ချစ်၊ မောင်တို့သွားကြမယ်”

ဒေဝါက ဒယ်နီ့ရှေ့မှာ ချွေးလက်တစ်ဖက်ကို ဆွဲပြီး ခပ်တည်တည် ထွက်လာ၍ ချွေးလည်း သူ့နောက်က ကြွေ့ရွှမပျက် လိုက်ခဲ့ရသည်။ စိတ်ထဲကတော့ ဒေဝါကို မကျေနပ်။ ချွေး ကြည့်လို့ မရတဲ့လူရဲ့ အကူအညီကိုမှ ယူလိုက်ရ၍ ဒယ်နီနှင့် ခပ်လှမ်းလှမ်း ရောက်သည်နှင့် သူမလက်လေးကို ဒေဝါ့လက်ထဲက ရုန်းလိုက်၏။

“ဖယ်ပါ…လွှတ်”

“ငြိမ်ငြိမ်နေ၊ နောက်မှာ မင်းလူလိုက်လာတာ မြင်လား”

“ဘာ…ကျွန်မလူလဲ၊ ရှင်နော် စကားပြောတာ လူကို ကြည့်ပြော”

“ကြည့်ပြောနေတာပဲကွ၊ လူကြားထဲမှာ ဆွဲကြလွှဲကြဖြစ်နေတာ အမြင်မတော်လို့ ဝင်ကူရတာ”

“ရှင့်ကို ဘယ်သူက ကူညီခိုင်းနေလို့လဲ”

“ကောင်းပြီ၊ ဒါဆို ဟိုကောင့်ကို အခုပဲ လှမ်းခေါ်လိုက်မယ်”

“ဟော့…ငါ့ညီ”

ဒေဝါက ဒယ်နီကို တကယ်လှမ်းခေါ်လိုက်၍ ချွေး လန့်သွား၏။






www.burmeseclassic.com

www.burmeseclassic.com



"ရှင် ဘယ်လိုလုပ်လိုက်တာလဲဟင်၊ ဘာကိစ္စ သူ့ကို လှမ်းခေါ်ရတာလဲ"

"မင်းပဲ ကိုယ့်အကူအညီ မလိုဘူးဆို"

ရွှေးမှာ ဒေဝါကို ဒေါသဖြစ်လွန်း၍ တစ်ခုခုပြောမည် ဟန်ပြင်လိုက်ချိန်မှာ ဒယ်နီက ရွှေးတို့နား ရောက်လာ၏။

"ရှင် သူ့ကို မဟုတ်တာတွေ လျှောက်မပြောနဲ့နော်"

ရွှေးက ဒေဝါကို ခပ်ကျိတ်ကျိတ်ပြောလိုက်ပြီး မျက်နှာကို အလှဆုံး ပြုံးထားလိုက်သည်။ ရွှေးတို့နား ရောက်လာသည့် ဒယ်နီ့ မျက်နှာက မှုန်ကုတ်ကုတ်။

"ဘာလဲ...ဘာကိစ္စ ကျွန်တော့်ကို ခေါ်တာလဲ"

"သြော်...တခြားမဟုတ်ပါဘူးကွာ၊ ကိုယ်တို့နဲ့အတူ တစ်ခုခု လိုက်သောက်ပါလားလို့ ပြောမလို့ပါ"

"မလိုပါဘူး၊ ခင်ဗျားတို့ဘာသာ သွားစရာရှိတာသွား ကြ"

ဒယ်နီက ရွှေးကို တစ်ချက်စိုက်ကြည့်ပြီး ချာခနဲလှည့် ထွက်သွား၍ ဒေဝါက ခပ်တိုးတိုးရယ်သည်။

"ဘယ်လိုလဲ၊ ဟိုလူကို ခေါ်လိုက်လို့ သိပ်ကြောက်သွား





လား"

"ကြောက်ကြောက် မကြောက်ကြောက် ရှင့်အလုပ်မဟုတ်ပါ ဘူး၊ ရှင်နေခဲ့တော့၊ ကျွန်မသွားမယ်"

"ဘယ်ကိုသွားမှာလဲ၊ မင်းသွားမယ့်နေရာ လိုက်ပို့မယ် လာခဲ့"

"အို...ဒါက ဘာလုပ်တာလဲရှင့်၊ ကျွန်မလက်ကို အမြန် လွှတ်ပါ"

ဒေဝါက ရွှေး ပြောတာကို ဂရုမစိုက်။ ရွှေးလက်ကို တင်းကြပ်စွာ ဆုပ်ကိုင်ပြီး သူ့ကားဆီ ဆွဲခေါ်လာ၍ ရွှေးမှာ ဒေါသ ဖြစ်လာ၏။

"ရှင် ကျွန်မပြောနေတာ မကြားဘူးလား ဒေဝါ"

"ကြားတယ်၊ ဟိုညာဘက်ကို ကြည့်လိုက်၊ ဒယ်နီဆိုတဲ့ လူက မင်းကို ကျားချောင်းချောင်းနေတာ မြင်ရင် ကိုယ့်အသိတွေများ နဲ့ကိုယ် ကားပေါ်တက် ဒါပဲ"

ဒေဝါ ညွှန်ပြသည့် နေရာကို မသိမသာလေး လှမ်း အကြည့်မှာ ဒယ်နီကို ရိပ်ခနဲ တွေ့လိုက်ရ၍ ရွှေး ဘာမှမပြောနိုင် ဘဲ ဒေဝါ့ကားပေါ် မတက်ချင်တက်ချင်နှင့် တက်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေဝါကားက နေရာမှ ဝေါခနဲပြေးထွက်သွား၍ ဒယ်နီလည်း ရွှေတို့နှင့် ဝေးကျန်ခဲ့သည်။

"အဲဒီကောင်က မင်းရည်းစားလား"

"လူကို ရှင့်လိုမျှားထင်နေလား၊ အဲဒါ မာမီ သဘောတူထားကဲ့လူ သိလား၊ ရှင့်ကားကို ရှေ့မှာရပ်လိုက်ပါ၊ ကျွန်မဆင်းမယ်"

"ဒီလိုအလွယ်နဲ့ ဘယ်ဖြစ်မလဲ"

"ရှင် ဘာစကားပြောတာလဲ"

"မင်းရည်းစားအဖြစ် ဟန်ဆောင်ခဲ့ရတာကို ပြောတာ"

"ရှင့်ဘာသာရှင် ဝင်ဟန်ဆောင်တာပဲ၊ ရှင့်ဆီက ကျွန်မအကူအညီတောင်းလို့လား"

"အခုတော့ မင်းက ဒီစကားပြောပြီပေါ့၊ ဟိုကောင့်လက်က လွတ်ပြီကိုး"

"အို…ရှင်နဲ့ အပိုစကားပြောဖို့ အချိန်မရှိဘူး၊ ကားကိုအခုရပ်မလား မရပ်ဘူးလား၊ ဒါပဲပြော"

ရွှေအသံက ကျွတ်ဆတ်ဆတ်။ ဒေဝါကို ကြည့်ပုံကလည်း ရန်သူတစ်ယောက်လိုဆိုတော့ သူမဒုက္ခကို စေတနာနှင့်





ဝင်ကူပေးခဲ့သော ကိုယ့်ကိုယ်ကိုပဲ ဒေါသဖြစ်ရမလိုဖြစ်လာ၍ ရွှေမျက်နှာလေးကို ပြန်စိုက်ကြည့်ရင်း ဒေဝါ့စိတ်ထဲ သူမ ဤမျှကဲကဲဆတ်နေတာကို အရွဲ့တိုက်ချင်လာ၏။

"ကဲ…မင်းပြောသလို ငါ့ကားကို မရပ်ဘူးဆိုရင် မင်းဘာလုပ်မှာလဲ ပြော၊ ငါကတော့ မင်းလုပ်နိုင်းလို့ကို မရပ်တော့ဘူး"

"ရှင် ကားကိုမရပ်ရင် ကျွန်မ အော်လိုက်မယ်နော်"

"ဘယ်လိုအော်မှာလဲ၊ အော်လေ၊ မင်းကို ငါကကားတင်ပြေးနေပါပြီလို့ အော်မလို့လား"

"အံမယ်…ပြောပုံကိုက၊ ရှင့်လိုလူက ကျွန်မကို ကားတင်ပြေးရအောင် ရှင်က ဘာမို့လို့လဲ"

"ယောကျ်ားမို့လို့ပေါ့ကွ"

"ရှင် မမိုက်ရိုင်းနဲ့နော်"

"မိုက်ရိုင်းတာမဟုတ်ဘူး၊ ယောကျ်ားတစ်ယောက်က မိန်းမတစ်ယောက်ကို ခိုးပြေးတာ ဘာမှမဆန်းဘူးလို့ ပြောတာ"

"ကျွီး"

"ဟင်…ရှင့်ကားကို ဘယ်မောင်းသွားဦးမလို့လဲ



www.burmeseclassic.com

www.burmeseclassic.com



ရပ်နော်''

''ငြိမ်ငြိမ်နေကွာ၊ ရှေ့နားက ဆိုင်မှာ ရပ်မယ်''

''ဟင်''

ရွှေးမှာ မကျေမနပ်နှင့် ဒေဝါ့စကားကို အောင့်သက်သက် ငြိမ်နေလိုက်ရ၏။ ဒေဝါက သူ့ကားကို ဆိုင်တစ်ဆိုင်ရှေ့မှာအရပ် သူကို့ကားနောက်မှ အနီရဲရဲပြိုင်ကားလေးတစ်စီး ရပ်တန့်လိုက်တာ မြင်လိုက်ရသည်။ ဒါက အရေးမကြီး။ ကားပေါ်က ဆင်းလာသည့် ယုယကို တွေ့လိုက်ရတော့ ဒေဝါ စိတ်ညစ်သွားသည်။ သူ့ကို မမြင်ပါစေနဲ့ဟု ဆုတောင်းပေမယ့် ဆုတောင်းကမပြည့်။

''ဟယ်…ဒေဝါ၊ ယူ့ကိုတွေ့ရတာ ဝမ်းသာလိုက်တာ ဟယ်၊ ဟိုတစ်ယောက်က ယူ့ချစ်သူလားဟင်၊ ယုနဲ့ မိတ်ဆက်ပေး ပါဦး''

ယုပုံစံက အသည်းအသန်။ ပါးစပ်က ဒေဝါကို ပြောနေ ပေမယ့် မျက်လုံးတွေက ရွှေးထံမှာ ရောက်နေသည့်အတွက် ဒေဝါ သက်ပြင်းရှိုက်လိုက်၏။ ယုဆိုတာ အဘွားရွှေးချယ်ပေးသည့် သတို့သမီးတွေထဲက တစ်ယောက်။ ဒေဝါ စိတ်မဝင်စား၍ ငြင်းခဲ့ ပေမယ့် အခင်အမင်မပျက်။ အသွားအလာ အဝင်အထွက် မပျက်။





ဒေဝါ ဘယ်လိုမိန်းကလေးနဲ့ လက်ထပ်မှာလဲဆိုတာ စိတ်ဝင်စား နေသူ။ အခုချိန်ထိ ဒေဝါကို စိတ်ကူးယဉ်နေသူ။ ရွှေးနဲ့အတူ သူ့ကို တွေ့သွားမှတော့ မိတ်ဆက်ပေးရုံသာရှိသည်။

ရွှေးကတော့ ဒေဝါနှင့် တခြားမိန်းမလှလေးတစ်ယောက် ရင်းရင်းနှီးနှီး စကားပြောနေတာကို တစ်ချက်လှည့်မကြည့်။ ကားပေါ်က ခပ်တည်တည်ဆင်းပြီး ဒေဝါကို နှုတ်မဆက်ဘဲ ဒေဝါ တို့နားက လျှောက်သွားသည်။

''စိတ်ကောက်နေတာလား ဒေဝါ''

''အင်း''

ယုယအမေးကို ဒေဝါ ခေါင်းညိတ်လိုက်တော့ ယုက ပခုံးတစ်ချက်တွန့်ပြီး ပြုံးသည်။

''တော်တော်လှတာပဲ၊ ယူ့ချစ်သူကို ခေါ်လိုက်ဦးလေ''

''ဟိတ်…နေဦး''

ဒေဝါ လှမ်းခေါ်ပေမယ့် ရွှေးက လှည့်မကြည့်။ ခပ်တည် တည် ဆက်လျှောက်သွားတော့ ယုက ခစ်ခနဲ ရယ်သည်။

''ရွှေး…နေဦးလို့ ပြောနေတယ်မဟုတ်လား''

ဒီတစ်ခါတော့ လှမ်းလက်စ ခြေလှမ်းကို ရပ်လိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ဒေဝါကို လှည့်ကြည့်သည်။

“ဘာလဲ”

“ဒီမှာ ရွှေးကို မောင့်သူငယ်ချင်းနဲ့ မိတ်ဆက်ပေးမလို့လာ”

ဒေဝါက ရွှေးနားကိုလျှောက်လာပြီး လက်တစ်ဖက်ကို လာဆွဲသဖြင့် ရွှေးက ဆတ်ခနဲ ရုန်းသည်။

ဒေဝါက မလွှတ်။ ယုကတော့ ဒေဝါနှင့်ရွှေးတို့ ဖြစ်နေပုံကို မျက်တောင်မခတ်ဘဲ ခပ်ပြုံးပြုံးလိုက်ကြည့်နေ၏။ အင်အားခြင်းမမျှ၍ ဒေဝါ တွဲခေါ်ရာ ရွှေး ပါသွားသည်။

“ယု…ဒါ ကိုယ့်ချစ်သူ ရွှေး၊ မကြာခင် လက်ထပ်ကြတော့မှာ၊ ရွှေး သူက ယု၊ မောင့်သူငယ်ချင်း”

“တွေ့ရတာဝမ်းသာပါတယ် ရွှေး၊ ယုလည်း တစ်ခါက ဒေဝါ့သတို့သမီးလောင်းပဲလေ၊ နောက်တော့ လက်မထပ်ဖြစ်ဘူး”

“ယု…မင်း ဘာတွေလျှောက်ပြောနေတာလဲ”

ဒေဝါ စိတ်ရှုပ်သွား၏။ ယုကို ဒီလိုပြောလိမ့်မည်ဟု မထင်ခဲ့။ ရွှေးက ဒေဝါဘက်ကို ဆတ်ခနဲ လှည့်ကြည့်သည်။

“အခု ရွှေးက ဘာလုပ်ရမှာလဲ ဒေဝါ၊ ရှင်က ရွှေးကို ဘာဆက်လုပ်စေချင်လို့လဲ၊ ရွှေး သွားမယ်”

“အဟွန်း…ဟွန်း…ဟွန်း”

ယုထံမှ ရယ်သံကို ကြားရပေမယ့် အဓိပ္ပာယ်ခွဲမနေချင်။ သူ့နားက ချာခနဲ လှည့်ထွက်သွားသည့် ရွှေးနောက်ကို သူ အပြေးလိုက်ခဲ့သည်။

“ရွှေး”

ရွှေးက သူမနားရပ်လာသည့် တက္ကစီပေါ် တက်သွား၍ ဒေဝါတစ်ယောက်တည်း ကျန်ခဲ့သည်။

“မင်း ဘယ်လိုလုပ်လိုက်တာလဲ ယု”

“အဖြစ်မှန်ကို ပြောပြလိုက်တာလေ၊ တကယ်လည်း ယုက ဒေဝါ့သတို့သမီးလောင်း ဖြစ်ခဲ့တာပဲ၊ ယု ဘာမှားနေလို့လဲ”

“မင်းကွာ တောက်”

မခိုးမခန့် ရယ်နေသည့် ယုနားက သူထွက်လာခဲ့ပြီး ကားကို ခပ်ကြမ်းကြမ်း မောင်းထွက်ခဲ့သည်။ ရွှေး သူ့ကို ပိုမုန်းသွားပြီဆိုတာ ဒေဝါသဖြစ်သွားမှန်း သူသိလိုက်သည်။ ယုကို ထိုသို့ပြောလိမ့်မည်ဟု မထင်ခဲ့။ အခုတော့ ယုက ရွှေးကို တမင်ရန်စနေတာပဲ။ ရွှေး စိတ်ဆိုးတာ သူမအပြစ်မဟုတ်။ သူ့ စိတ်ရှုပ်ရှုပ်နှင့် [illegible]







www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။

ရွှေ အခန်းကိုကြည့်လိုက်တော့ သော့ခတ်မထား။ ရွှေ ပြန်ရောက်နေမှန်း သူသိလိုက်သည်။

◆ ◆ ◆



## အခန်း (၁၀)

"ဟာ…ဘွားလိုက်လာပြီ၊ ဒုက္ခပဲ"

ကားပေါ်မှဆင်းလာသော ဘွားကို မြင်တာနှင့် ဒေဝါ မျက်လုံးတွေ ပြာခနဲဖြစ်ကာ ခေါင်းတစ်ခုလုံး ထူပူသွားသည်။ ဘွား လိုက်လာတာ သူ့ကို မိန်းမပေးစားဖို့ပဲ။

မဖြစ်၊ လုံးဝမဖြစ်။ ဘွားပေးစားမည့် မိန်းမကို ဒေဝါ လုံးဝမစဉ်းစား။ ဒါဆို ဒေဝါ ဘာလုပ်ရမလဲ။ အရေးထဲ ငက်တို့က လည်း မရှိ။ ဒေဝါ အတွေးမဆုံးခင်မှာပဲ ဘွား၏ လူခေါ်ဘဲလ်နှိပ် သံကို ကြားလိုက်ရသည်။ မတတ်နိုင်ဘူးကွာ။ မီးစင်ကြည့်ကရမှာ ပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဒေဝါ အားယူလျက် တံခါးကို အပြေးလေး သွားဖွင့်လိုက်၏။

"ဟာ…ဘွား"

ခန့်ခန့်ကြီးရပ်နေသော ဘွားကို ဒေဝါ ပြေးဖက်လိုက်သည်။ ဘွားက ဒေဝါကို ခြေဆုံးခေါင်းဆုံးအကဲခတ်၏။

"မင်းက အခုချိန်ထိ ဘာမှမပြောင်းလဲသေးဘဲကိုး"

"ဟာ…ဘွားကလည်း ကျွန်တော် ဘာပြောင်းလဲရမှာလဲ၊ ဘွားကလည်းဗျာ လာမယ်ဆိုရင် ကျွန်တော့်ကို ကြိုတင်အကြောင်းကြားလိုက်တာမဟုတ်ဘူး၊ ကျွန်တော် လာကြိုမှာပေါ့"

ဒေဝါ စကားတွေ သွက်သွက်ပြောရင်း ရန်ကုန်ရောက်တဲ့အချိန်မှစ၍ ဘွားထံ ဖုန်းမဆက်မိတာကို ဖုံးကွယ်ဖို့ ကြိုးစား၏။ ဘွားက တစ်ခန်းလုံးကို အကဲခတ်ကြည့်သည်။

"မင်းကို အကြောင်းမကြားနိုင်ဘူးဟေ့၊ ခုတောင် အလုပ်တွေပြစ်ပြီး ထွက်လာတာ၊ ပြောစမ်း မင်းမှာချစ်သူရှိနေပြီဆို"

"ဗျာ"

ဒေဝါ အံ့အားသင့်သွားလျက် ဘွားကိုကြည့်သည်။ ဒီသတင်း ဘွား ဘယ်ကရတာပါလိမ့်ဟု လျှပ်တစ်ပြက် စဉ်းစား





လိုက်တော့ ယုယထံမှ မခိုးမခန့်ရယ်သံက ဒေဝါထံ ပျံ့လွင့်လာ၏။

"ဘွားမေးတာ ဖြေစမ်း မြေး၊ မင်းရဲ့ချစ်သူမိန်းကလေးက ဘယ်သူလဲဆိုတာ"

"ဒီစကား ဘွားကို ယုယပြောတာမဟုတ်လား ဘွား"

"ဟေ့…ဘွားကို ပြန်မေးခွန်းထုတ်မနေနဲ့၊ ကိုယ့်အတွားက လက်နဲ့ရေးရင် ခြေနဲ့ဖျက်ရမှ၊ ဘယ်မှာလဲ မင်းရည်းစား၊ ငါ့ဆီ အခုခေါ်ခဲ့"

ဘွားစကားကြောင့် ရွှေး အခန်းဘက်သို့ ဒေဝါ အလန့်တကြား လှမ်းကြည့်မိ၏။ မိယုယကြောင့် ဒေဝါ အခက်တွေ့သွား၏။ ရွှေးနဲ့သူကလည်း အဆင်ပြေတာမဟုတ်။ ရည်းစားအဖြစ် ဟန်ဆောင်ခိုင်းရအောင်ကလည်း မလွယ်။

"ယုက လျှောက်ပြောတာပါ ဘွားရယ်၊ သူ့စကားကို မယုံပါနဲ့"

"သြော်…ဒါဆို ယု ပြောတာ မဟုတ်ဘူးပေါ့၊ ကောင်းပြီ မင်းမှာချစ်သူမရှိရင်"

"ရှိတယ် ဘွား၊ ရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်နှယ် ခုတစ်မျိုး တော်ကြာတစ်မျိုး"

ဘွားစကားကြောင့် ဒေဝါ ခေါင်းကုတ်၍ တစ်ချက်ရယ်လိုက်၏။ ရွှေးမျက်နှာလေးကို မြင်ယောင်မိတော့ ချက်ချင်း ခေါင်းခါယမ်းလိုက်သည်။ ဘာဆိုင်လဲ သူနဲ့ရွှေးဆိုတာ အမြဲအနေအရ ခဏဟန်ဆောင်ခဲ့ကြတာပဲ။

"ဒေဝါ···မင်း အကြောင်းကြောင် လုပ်မနေနဲ့နော်၊ ဒီတစ်ခါတော့ ဘွား ဖြစ်ချင်တဲ့ဆန္ဒကို ဖြစ်အောင်လုပ်ရမှာပဲ၊ ဒီတော့"

"ဟာ···ဘွား ထင်ရာတွေ လျှောက်မလုပ်နဲ့နော်၊ ကျွန်တော့်ချစ်သူကို ဘွားနဲ့တွေ့ပေးမယ်"

"ဒီလိုမှပေါ့၊ ကဲ မင်းချစ်သူနာမည်က ဘယ်သူလဲ၊ ဘယ်မှာနေလဲ၊ ဘွား အခုသွားတွေ့မယ်"

"ဗျာ"

"ဗျာမနေနဲ့၊ မင်းတို့ချင်း ချစ်ကြတာ မှန်ပေမယ့် မျိုးရိုး အနေအထား စုံစမ်းရဦးမယ်၊ မြေးလည်း သဘောကျ၊ ဘွားလည်း သဘောကျတော့ ပိုမကောင်းဘူးလား"

"ကောင်းပါတယ် ဘွားရယ်၊ အခုလောလောဆယ် သူက





အိမ်မှာရှိချင်မှရှိမှာ ဘွားရဲ့"

"အခု မရှိလည်း သူရှိမယ့်အချိန်ကို ဖုန်းဆက်ပြီး လှမ်းမေးလိုက်၊ ဘွား လာတွေ့မယ်လို့"

"ဟုတ်ကဲ့ပါ ဘွား"

ဘွားကို ခေါင်းညိတ်ပြီး ဒေဝါ အကြံထုတ်လိုက်သည်။

"ကဲ···ဖုန်းဆက်လေ"

ဘွားကလည်း သူဖြစ်ချင်တာကို ဖြစ်ကိုဖြစ်ရမှုဆိုသည့် စိတ်နှင့် ဖွတ်။ ဒေဝါ ငှက်ထံ ဖုန်းခေါ်လိုက်တော့ ဖုန်းက ကိုင်မည့် သူမရှိ။

"လူကြီးမင်းနဲ့တိုးနေပြီ ဘွားရ၊ ဘွားက ကျွန်တော့်ချစ်သူကို သွားတွေ့ပြီးမှ သဘောမတူရင် ကျွန်တော်က ဘာလုပ်ရမှာလဲ"

"ဘွားမြေးပဲကွယ်၊ ဘွား သဘောမတူနိုင်စရာ မိန်းမမျိုးကို ကြိုက်ပါ့မလား၊ မြေး ဒီလောက်မညံ့ပါဘူးကွယ်၊ ဘွား သိပါတယ်"

"ဘွား သဘောတူရင် တစ်ခါထဲ ပေးစားမှာနော်"

"ဟို···အဲ့ဒါက"



www.burmeseclassic.com

www.burmeseclassic.com



"တော်ပြီ မြေး၊ မင်းအလိုကို ဘွား လိုက်ခဲ့ပြီးပြီ၊ အခု ဘွား ပေးစားမှာကလည်း မင်းစိတ်ကြိုက်ရှာထားတဲ့ မင်းချစ်သူပဲ၊ နောက်ထပ် ဘွားကို ဘာမှမပြောနဲ့တော့"

ဒေဝါ့ချစ်သူ ဘယ်မှာလဲ။ ဒေဝါ့ချစ်သူ မိန်းကလေးကို အပြေးအလွှား စဉ်းစားတော့ ငှက်မျက်နှာကို ကွက်ခနဲမြင်ယောင်မိ၏။ မတတ်နိုင်ဘူး။ ဒီကောင့်ပဲ လုပ်ခိုင်းရမှာပဲ။

"ဘွား…အေးအေးဆေးဆေးပဲ မဟုတ်လား"

"မအေးဆေးဘူးဟေ့၊ မြေးတို့ကိစ္စကို စီစဉ်စရာရှိတာ စီစဉ်ရဦးမယ်"

"အေး…တကယ်လို့ မြေးချစ်သူကို ဘွား သဘောမကျဘူးဆိုရင် ဘွား သဘောကျတဲ့သူနဲ့ လက်ထပ်ဖို့ မြေးက သဘောတူရမယ်၊ ဒါပဲ"

ဟိုက်…ပြဿနာပဲ။ ဘွားက တစ်ခါတည်း သူ့ဘာသာ စီစဉ်လာတာကိုး။ ဒေဝါ ကြိုးစားပြုံးလိုက်သည်။

"ငှက်ကိုမြင်ရင် ဘွား သဘောကျမှာပါဗျာ"

"ဘယ့်နှယ် မိန်းကလေးနာမည်က ငှက်တဲ့လား"

ဘွားထံမှ အလန့်တကြားအသံကြားမှ သတိရသွားပြီ၊





ဒေဝါ တစ်ဖက်လှည့် ပြုံးလိုက်ရ၏။

"မဟုတ်ပါဘူး ဘွားရဲ့၊ သက်ပါ"

"ဩော်…အေး…အေး အသက်ကြီးတော့ နားတွေထိုင်း၊ မျက်လုံးတွေ မွဲ၊ ဘာမှမကောင်းတော့ပါဘူးကွယ်"

ဘွားက သူ့နားကြားမှားသည်ဟု ထင်နေ၏။

"တီ…တောင်…တီ"

ဘွားနဲ့ စကားပြောနေတုန်း ဒေဝါ့ဖုန်းက အသံမြည်လာ၍ နားထောင်လိုက်တော့ ငှက် ဖြစ်နေ၏။

"ဩော်…သက်လား၊ ကိုယ်ပါ၊ ဒီမှာ ဘွား ရောက်နေပြီ သက်ရ"

ဘွားဆိုတာနှင့် ငှက်ပါ မျက်လုံးပြူးသွား၏။

"မင်း ဘယ်လိုလုပ်မှာလဲ ဒေဝါ"

"ဩော်…သက်ကလည်းကွာ ဘွားက သက်ကိုတွေ့ချင်နေလို့ ကို အခုပဲ သက်ဆီကို လာခဲ့မယ်၊ သက် စောင့်နေနော်"

"ဟော့ကောင်…ဒေဝါ နေဦးဟ"

ငှက် လှမ်းအော်ပေမယ့် ဒေဝါက ဖုန်းချသွား၍ တစ်ယောက်တည်း ဇောချွေးပျံပြီး ကသစ်ထံ ဖုန်းလှမ်းဆက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကသစ်ဖုန်းက စက်ပိတ်ထား၍ အိမ်ဖုန်းကို လှမ်းခေါ်တော့လည်း ကိုင်မည့်သူမရှိ။

"အရေးထဲမှကွာ၊ ဒီကောင်ကလည်း ဘယ်တွေရောက် နေတယ်မသိဘူး"

ဒေဝါ့ဘွားလာရင် ကသစ်က ဒေဝါ့ချစ်သူ ဟန်ဆောင် ပေးမည့်သူ။ အခု ကသစ်မရှိတော့ ငှက်တာဝန်ဖြစ်သွား၍ စိတ်ရှုပ် နေတုန်း ဒေဝါက အသည်းအသန်ပုံစံနှင့် ငှက်ထံ ရောက်လာ၏။

"ကသစ်ကို ဖုန်းခေါ်လို့မရဘူး ဒေဝါ၊ ငါတို့ ဘယ်လို လုပ်ကြမတုန်း"

"ဘယ်လိုမှ လုပ်မနေနဲ့၊ ဘွားက ငါ့ချစ်သူကို အခုတွေ့ ရမှဆိုပြီး တကဲကဲလုပ်နေတာကွ၊ ကသစ်မရှိလည်း ငါ့နောက်ကို မင်းပဲလိုက်ခဲ့တော့"

"ဒီပုံစံနဲ့ ဖြစ်မလားကွ၊ ငါတို့ယောက်ျားချင်း"

"လာစမ်းပါ ငှက်ရာ၊ မင်းမှာ ဟိုတစ်ခါက ငါဝယ်ပေး ထားတဲ့ အဝတ်တွေ ရှိတယ်မဟုတ်လား၊ အဲဒါတွေဝတ်ခဲ့၊ မင်းမျက် နှာကို အလှပြင်ဆိုင်တစ်ဆိုင်မှာ ဝင်ပြင်လိုက်ရင် ပြီးတာပဲ"

"နေစမ်းပါဦး ဒေဝါရယ်၊ ငါ စဉ်းစားစမ်းပါရစေဦး"





"စဉ်းစားချိန်ကို မရတော့ ငှက်၊ တော်ကြာ ဘွားက မင်းဆီလိုက်လာမှ ပိုခက်ကုန်မှာ နားလည်လား"

"လာစမ်းပါ၊ မင်း အဝတ်တွေယူခဲ့"

"ဟိတ်ကောင်...ဒေဝါ ငါနဲ့ဖြစ်ပါ့မလား"

ဒေဝါက ငှက်စကားကြောင့် ကျားကိုးစီးစားမကုန်သည့် ငှက်ကိုယ်ကြီးကို စိတ်ပျက်သလို ကြည့်သည်။ ငှက်ပြောလည်း ပြောချင်စရာ။

"တီ...တီ"

"ဟာ...ဘွားဖုန်းကွ၊ ဘယ်လိုလုပ်ကြမတုန်း"

ဖုန်းကိုကြည့်ပြီး ဒေဝါ လန့်သွားသလို ငှက်လည်း ကြံရာ မရ ဖြစ်နေ၏။

"ရောက်ပြီ ဘွား၊ သြော် သက်နဲ့ပြောချင်လို့လား ဘွား၊ ခဏနော် ဘွား၊ ကျွန်တော် သက်ကို ဖုန်းပေးလိုက်မယ်"

"ဟိတ်ကောင်...ဒေဝါ"

"ရော့...သက်၊ ဘွားက သက်နဲ့ပြောမယ်တဲ့"

ငှက်က ဒေဝါ့လက်ထဲက ဖုန်းကို ပြန်ပေးသလို ဒေဝါ ကလည်း ငှက်လက်ထဲ ဖွတ်ပြန်ထည့်၍ နောက်ဆုံး ငှက်ပဲ ဖုန်းကို



www.burmeseclassic.com

www.burmeseclassic.com



ယှုလိုက်ရ၏။

"ဟဲလို ဘွားလား"

ငှက်ထံမှ ထွက်လာသည့် ချွဲပြစ်ပြစ်အသံကြီးကြောင့် ဒေဝါမှာ ဘယ်လိုမှ ငြိမ်မနေနိုင်ဘဲ ကျိတ်ရယ်ဖြစ်သွား၏။ ငှက်မှာလည်း ပေါက်သည့်နှုတ်ခမ်း မထူးတော့သည့်အတူ ဒေဝါ့ဘွားကို ဒေဝါ့ချစ်သူအဖြစ် ဆက်ပြီး ဟန်ဆောင်ပြောနေပါသည်။

"ဟုတ်ကဲ့ပါ ဘွားရယ်၊ သက် ဒေဝါနဲ့လိုက်ခဲ့ပါ့မယ်၊ ဘွား မလာပါနဲ့"

"ဟုတ်ကဲ့…ဟုတ်ကဲ့၊ သက် ဖုန်းချလိုက်ပြီနော် ဘွား ဟုတ်ကဲ့"

"ဟိတ်ကောင်…မင်းက ဘာတွေစွတ်ခေါင်းညိတ်နေတာလဲ ငှက်"

"ခေါင်းမညိတ်လို့ ရမလားကွ၊ မင်းဘွားက ငါလိုက်မလာနိုင်ရင် သူလိုက်လာမယ်ချည်း ပြောနေတာကိုးဟ"

"ကိုင်း…ကိုင်း နောက်မှပဲ ဖြစ်ချင်ရာဖြစ် အခုတော့ မင်းဘွားကျေနပ်အောင် သူ့ဆီသွားမှ ဖြစ်တော့မယ် ဒေဝါရေ"

ငှက်နှင့်အတူ အသီအလှပြင်ဆိုင်မှာ ဝင်ပြီး ငှက်ကို မိတ်ကပ်ပညာနှင့် အတတ်နိုင်ဆုံး ဖုံးဖိပြီး မိန်းကလေးလို ပြင်ဆင်လိုက်ရသည်။ ဆံပင်အတု၊ တင်အတု၊ ရင်အတုနှင့် ငှက်ရုပ်က ဘာပုံစံမှန်းမသိ။

"ဟိတ်ကောင်…ဒေဝါ ငါ့ကိုကြည့်ပါဦးကွ၊ တူရဲ့လား"

"အေး…တူတယ်"

"ဘယ်သူနဲ့တူတာလဲ"

"တရုတ်သရဲနဲ့"

"မင်းကွာ…ဟား…ဟား…ဟား"

"အို…မိန်းကလေးဆိုတာ အဲဒီလို မရယ်ရဘူးလေ၊ ဒီလို နှုတ်ခမ်းကို လက်လေးနဲ့ကာပြီး ဟောဒီလိုလေး ရယ်ရတယ်ရှင့်၊ ခစ်…ခစ်"

အရေးထဲ ငှက်ကိုပြင်ပေးသည့် အခြောက် မိတ်ကပ်ဆရာကတစ်မျိုး။

"နှုတ်ခမ်းကြီးက လှလိုက်တာဟယ်"

"ဟေ့…ဟေ့ တော်ပြီနော်၊ ငါ့ကို နောက်ထပ်မထိနဲ့၊ ဟိတ်ကောင် ဒေဝါ၊ လာ…လာ ဒီကအမြန်ဆုံးသွားမှဖြစ်မယ်"






www.burmeseclassic.com

www.burmeseclassic.com



"နောက်လည်းလာဦးနော်"

ငှက်နဲ့ဒေဝါ ကားပေါ်ရောက်တဲ့အချိန်အထိ နောက်က လိုက်အော်နေတုန်း။

ငှက် ကိုယ့်ကိုယ်ကို အမြန်ငုံ့ကြည့်လိုက်သည်။

ဟင်း…လုံးရာကပြားဆိုတာ ဒါနေမှာ။ မာမီတွေအစွမ်းနဲ့ ငှက်တစ်ကိုယ်လုံး တင်းကြပ်ကာ အသက်ရှူမဝ။ ဒီကြားထဲ မျက်တောင်တု၊ ဆံပင်အတုတွေနဲ့ မိတ်ကပ်မျက်နှာ စေးကပ်ကပ် ကြီးနှင့် ဘာပုံဖြစ်နေမှန်းမသိ။ ဒေဝါက အကြီနှင့် လိုအပ်သော အသုံးအဆောင်များ ကြိုဝယ်ထား၍ အဆင်ပြေခြင်းဖြစ်သည်။

"ကသစ်ဆိုတဲ့ကောင်ကြောင့် ငါဒီလိုဖြစ်ရတာကွ၊ တကယ်ဆို"

"အရေးထဲ မင်းက တစ်မျိုး၊ ဘွားပေးစားတဲ့ မိန်းမကို ငါလုံးဝမယူချင်ဘူးကွ သိလား"

ဒေဝါ စိတ်ပျက်သံကြီးနှင့် ထအော်တော့ ငှက် ပါးစပ် ပိတ်သွားကာ သက်ပြင်းချလိုက်၏။

"အေးပါကွာ၊ ရတ်တရက်ကြီးဆိုတော့ ကသစ်ကို ဒေါသဖြစ်သွားမိလို့ပါ"





"ဟိုရောက်ရင် ဘွားရှေ့မှာ ငါတို့ အလိမ်အညာတွေ ပေါ်လို့မဖြစ်ဘူးနော် ငှက်၊ ဘွားက သိပ်အကင်းပါးတာကွ"

"ငါသိပါတယ်ကွ၊ မင်းကလဲ"

"ဟိတ်ကောင်…အခုထဲက မင်းရဲ့ အဲဒီအပြောအဆိုကြီး ကို ဆင်ခြင်ထား၊ ဘာ ငါသိပါတယ်လဲ"

"အဟင့်…ဟင့်၊ သက်သိပါတယ်လို့ဆိုနေ"

"ရုပ်ကြမ်းကြီးနဲ့ နွဲ့နေလိုက်တာကွာ၊ အသံကြားတာနဲ့ ထကန်ချင်စရာ"

ငှက်က တကယ့်မိန်းကလေးလို ချွဲနွဲ့မူပိုပြတာ ဖြစ်ပေမယ့် ဒေဝါ့မျက်လုံးထဲမှာ ကြည့်ရတာ ဘယ်လိုမှ အဆင်မပြေ။ ငှက် မျက်နှာကြီးကို ကြည့်ပြီး စိတ်ရှုပ်နေ၏။

ငှက်နေရာမှာ ရွှေသာဆိုရင် ဘယ်လောက်များ ကောင်း လိုက်မလဲ။ ဒေဝါစိတ်ထဲ ရွှေကို တမ်းတမ်းတတ သတိရသွား ‌နိုက်မှာ…

"ဟင့်…သူနော်၊ ဟိုရောက်ရင် သူများကို ကောင်းကောင်းမွှန်မွှန်ပြော သိလား"

"အဟွန်း…ဟွန်း…ဟွန်း"



www.burmeseclassic.com

www.burmeseclassic.com



ဒေါသဖြစ်သည့်ကြားမှ ဒေဝါ ရယ်မိသည်။ အခုအခြေအနေမှာ ငှက်သာမကယ်ရင် သူ့အဖြစ်က မလွယ်။ ကားကို ဒေဝါ အိမ်ရှေ့ ရပ်လိုက်တာနှင့် ပြတင်းမှ ရပ်နေသောဘွားကို တွေ့လိုက်၍ ဒေဝါက ငှက်ခါးကို ကားပေါ်ကဆင်းတာနှင့် လှမ်းဖက်လိုက်၏။

"ဟိတ်ကောင် သိပ်မဖက်နဲ့ကွ၊ ငါ့ခါးယားတယ်"

"အရေးထဲမှာကွာ၊ ငြိမ်ငြိမ်နေစမ်းပါကွ"

ဒေဝါက သူ့ခါးကို လာဖက်၍ ငှက်မျက်နှာကြီး အပိုးမကျိုး ပြုံးဖြီးဖြီး ဖြစ်နေ၏။

"မောင်နော်···သူသိပ်ဆိုးတယ် သိလား"

"အဟာစ်···ဟာစ်"

ငှက်က တကယ်ရယ်ခြင်း ဖြစ်သည်။

"အသံကျယ်ကြီးနဲ့ ဘာလို့ရယ်ရတာလဲကွ၊ မင်းကိုယ်မင်းမိန်းမဆိုတာလည်း သတိရဦး"

ဒေဝါက ခပ်ကျိတ်ကျိတ် ဆူရင်း ဘွားကို လက်လှမ်းပြသည်။ ဒီတစ်ခါတော့ နှစ်ယောက်စလုံး၏ မျက်နှာမှာ အပြုံးတွေဝေလျက် ဘွားက ဒေဝါတို့ကို လက်ပြန်ပြသည်။





"တွေ့လား၊ အခုထဲက ဘွားက ငါ့ကို သဘောကျနေပြီကွ ဒေဝါ"

"ရှူး···တိုးတိုး၊ မင်းအသံကြီး သူများတွေ ကြားကုန်မယ်၊ လာ···လာ"

"သူများက စေတနာနဲ့ဟာကို၊ အဟင့်···ဟင့်"

တောက်···ဒီကောင် ငှက်တော့၊ နေဦး ဘွားပြန်မှ ခြေထောက်နဲ့ နာနာကန်ပစ်မယ်ဟု ဒေဝါ့စိတ်ထဲက ကြိမ်းဝါးလိုက်သည်။

"ဘွား···ဒီမှာလေ၊ ကျွန်တော့်ချစ်သူ"

ငှက်လက်ကိုဆွဲ၍ ဒေဝါ ဘွားရှေ့ ရဲရဲရပ်လိုက်တော့ ဘွားက ထိုင်ရာမှထကာ ငှက်ကို ခြေဆုံးခေါင်းဆုံး သေချာကြည့်သည်။ ဘွားအကြည့်ကြောင့် ငှက်က မလုံမလဲဖြစ်ကာ မျက်လွှာချထားရင်း လက်က အငြိမ်မနေဘဲ ဒေဝါ့ကို လှမ်းကုတ်သည်။ ဒေဝါက ငြိမ်ငြိမ်နေရန် အချက်ပြလိုက်၏။

"အင်း···မြေးချစ်သူက ချောတော့ အတော်ချောသားပဲ၊ ဒါနဲ့ နာမည်က ဘယ်လိုခေါ်လဲကွဲ့"

ငှက်က ဖျတ်ခနဲ ဒေဝါ့မျက်နှာကို ကြည့်ပြီး ဘွားဘက်



www.burmeseclassic.com

ပြုံးပြုံးလေး လှည့်လိုက်၏။

"သမီးနာမည်က ငှက်...ငှက်...အား"

"ဟင်...ဘာဖြစ်တာလဲကွဲ့"

သက်နာမည်မေးပြီး ငှက်နာမည်ပြောလိုက်သော ငှက်လက်ကို ဒေဝါက တအားဆွဲညှစ်ပစ်လိုက်၍ ငှက်မျက်နှာ ရှုံ့မဲ့သွားလျက် ပြောလက်စ စကားတစ်ဝက်နှင့် ရပ်သွားကာ ဘွားကို ရယ်ပြလိုက်၏။

"ဟိုလေ ဘွား၊ သက်နာမည်က သက်ပါရှင့်၊ ဟုတ်တယ်နော် မောင်"

"အေး...အေး မြေးရဲ့ချစ်သူဆိုတော့ ဘွားက ခေါ်ကြည့်ရတာပေါ့၊ မြေးမလေးက လှပါတယ်၊ မိဘများကရော ဘာလုပ်ကြလဲ"

"ကုမ္ပဏီဖွင့်ထားပါတယ် ဘွား၊ ခုလည်း ဒီကိစ္စနဲ့ နိုင်ငံခြားသွားနေပါတယ်"

ဒါက အမှန်တရားမို့ ငှက်အတွက် ပြဿနာမရှိ။ ဘွားခေါင်းတညိတ်ညိတ်နှင့် ကျေနပ်သွားပုံရ၏။

"အင်း...မျိုးရိုးလေးကလည်း မဆိုးရှာပါဘူး၊ ဘွားက





မြေးကို အိမ်ထောင်ပြုပေးချင်နေတာ ကြာပြီ၊ ခုလို သူ့မှာ ချစ်သူရှိတယ်ဆိုတော့လည်း ဘွား သဘောတူရမှာပေါ့လေ"

"ကဲ...သမီး မိဘများပြန်လာရင် ဘွား လာစေ့စပ်ပေးမယ့်အကြောင်း ကြိုပြောထားလိုက်ပါကွယ်၊ မြေးမလေးမိဘတွေက ဘယ်တော့လောက် ပြန်ရောက်မလဲ"

"ဟိုမှာ ကြာဦးမှာ ဘွား"

"ဘယ်လောက်ကြာမှာလဲကွဲ့"

"တစ်လ"

"တစ်နှစ်"

ငှက်က အလန့်တကြားနှင့် ဒေဝါကို တံတောင်နှင့် တွတ်လိုက်၏။ ဘွားပုံစံက နေရာတကာ ပြတ်သားတိကျမည့်ဟန်မို့ ရှေ့ရှည်မှာ ညာဖို့မလွယ်။

"ဘယ်လိုလဲကွဲ့၊ တစ်ယောက်က တစ်လ၊ တစ်ယောက်က တစ်နှစ်"

"ဟို...အဲဒါက မောင်ပြောတဲ့အတိုင်းပါပဲ ဘွား၊ သက်က မှားသွားလို့ပါ၊ မာမီတို့က ကြာဦးမှာဆိုတော့လေ အဟစ်ဟစ်"



www.burmeseclassic.com

www.burmeseclassic.com



ငှက်က ဘွားရှေ့မှာ အကယ်ဒမီတွေ လုပ်ပြနေ၏။

"အေးကွယ်…ဒါလည်းဟုတ်တာပဲ၊ လောလောဆယ် တော့ ဘွားက ဒီမှာ ကြာကြာမနေနိုင်ဘူး၊ မိုးကုတ်ကို ပြန်ရဦး မယ်၊ သမီးမိဘများ ပြန်လာရင် ဘွားဆီ လှမ်းဆက်လိုက် ဟုတ်လား"

"ဟာ…အဲဒီအစီအစဉ် ကောင်းတယ် ဘွား"

ဒေဝါက ဝမ်းသာအားရ ဝင်ပြောခြင်းဖြစ်သည်။

လောလောဆယ် ပြဿနာက ဘွား မိုးကုတ်ပြန်သွားဖို့ ပင်။ ငှက်က ရှက်သလိုဟန်နှင့် ခေါင်းငုံ့ပြုံးနေ၍ ဘွားအတွက် သဘောကျစရာ ဖြစ်နေ၏။

"ကဲ…ကဲ ဒါဆို သံရုံးကို ငှားထားတဲ့အိမ်ကို သားတို့ အတွက် မင်္ဂလာလက်ဖွဲ့မယ်၊ ငှားထားတဲ့လကလည်း မနက်ဖြန် ဆို ပြည့်ပြီဆိုတော့ တစ်ခါတည်း ဖယ်နိုင်းလိုက်တော့မယ်"

"အိမ်အတွက် လိုအပ်တဲ့ အသုံးအဆောင်တွေကိုတော့ ဘွားမိတ်ဆွေတွေကိုပဲ မှာခဲ့ပါ့မယ်၊ သားနဲ့သမီးက နောက်မှ လိုအပ် တာတွေ ထည့်ပေါ့"

ဘွားက တစ်ခါတည်း စီစဉ်နေတာမို့ ဒေဝါ မသိမသာ





ခေါင်းကုတ်မိ၏။

"ဒါနဲ့ ဘွားက ဘယ်တော့ပြန်မှာလဲ"

"တစ်ပတ်လောက် နေမယ်၊ အိမ်ကိစ္စရှင်းပြီးရင် ပြန်မယ်"

"ဟာ…ဘွားကလည်း ဒီမှာ ကျွန်တော်နဲ့ တစ်လ လောက် မနေတော့ဘူးလား"

ဒေဝါ ဟန်လုပ်ကာ တားလိုက်ရပေမယ့် စိတ်ထဲက ဘွားကို ပြန်စေချင်လှပြီ။ ငှက်ကလည်း ဒေဝါ့လေသံကိုလိုက်ကာ

"ဟုတ်သားပဲ ဘွားရဲ့၊ ရောက်တုန်းနေပါဦးလား"

"အဟင်း…ဟင်း ဘွားက ရန်ကုန်ကို မကြာခဏရောက် ပါတယ်ကွယ်၊ သမီးတို့ မင်္ဂလာပွဲကြမှ အေးအေးဆေးဆေး နေပါ့ မယ်"

"ကဲ…ကဲ သမီးတို့ အေးအေးဆေးဆေး စကားပြောကြ၊ ဘွား ခရီးပန်းလာလို့ အနားယူလိုက်ဦးမယ်"

"ဒါဆို…ကျွန်တော်…အဟိ သမီးလည်း ပြန်တော့မယ် လေ ဘွား၊ အိမ်မှာ ဒက်ဒီမရှိတော့ သ…သမီးပဲ အိမ်စောင့်လုပ် နေရတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါလည်းဟုတ်တာပဲ၊ ကဲ ဒေဝါ သမီးကို ပြန်လိုက်ပို့ပေးလိုက်ပါကွယ်"

ဘွား ကြည်ကြည်ဖြူဖြူ ခွင့်ပြုတာမို့ ဒေဝါနှင့် ငှက် ဝမ်းသာသွား၏။ ဒေဝါ ခပ်သွက်သွက်လက်လက်ပင်…

"ဟုတ်ကဲ့ ဘွား၊ သက်ကို ကျွန်တော် လိုက်ပို့ပေးလိုက်ပါ့မယ်"

"ဒါဆို သမီး ပြန်လိုက်ဦးမယ်နော် ဘွား"

"အေး…အေး"

ဘွားကိုနှုတ်ဆက်ပြီး ငှက်တို့ ပြန်ခဲ့ကြသည်။ သို့သော် အောက်ကို ဆင်းလာသော ဒေဝါနှင့်ငှက်တို့ တိုက်တိုက်ဆိုင်ဆိုင် တွေ့သွားကြတာက ပဲခူးမှ ပြန်လာသော ရွှေးနှင့် မေညိုပင်။

"ဟင်…ညို"

"အယ်…ရှင်…ရှင်…ဟင် ငှက်"

လှေကားမှာ အတက်အဆင်း ဆုံကြတာမို့ ဒေဝါနှင့်အပေါ် ဆင်းလာသော မိန်းကလေးလိုဝတ်ထားသော ငှက်ကို ရုတ်တရက် ရွှေးနှင့်မေညိုက မမှတ်မိပါ။ ငှက် နှုတ်ဆက်လိုက်မှ မေညိုနှင့်ရွှေး အံ့ဩနေရာမှ မှတ်မိသွားခြင်းဖြစ်သည်။ မေညိုမှာလည်း ကိုယ့်





ချစ်သူကိုယ်တိုင် ယောကျ်ားစင်စစ်က မိန်းမကြီး ဖြစ်သွားသည်ဆိုတော့ မယုံနိုင်။

ငှက်တစ်ကိုယ်လုံးကို စေ့စေ့စပ်စပ် ကြည့်ပြီး အံ့ဩနေ၏။

"ဒါ…ဒါက ဘယ်လိုဖြစ်ကြတာလဲ ငှက်ရယ်"

မေညိုမေးမှ ငှက်လည်း ကိုယ့်ကိုယ်ကို ငုံ့ကြည့်ကာ ရွှေးတို့ကို ရှက်သလို ဖြစ်သွားသည်။ ဒေဝါမှာ ဒီအချိန် ရွှေးတို့နှင့် လာတွေ့ရတာကို မကြိုက်အောင် မျက်မှောင်တွန့်သွားသည်။

ကျွတ်…ငှက်ဆိုတဲ့ကောင်က ဘာကိစ္စ သွားနှုတ်ဆက်ရတယ်မသိ။ သူတို့လျှို့ဝှက်ချက် ဘွားထံ တစ်ခုခုပေါက်ကြားသွားမှဖြင့် ဒုက္ခ။

"ဟို…ဟိုလေ ကိုယ်တို့သူငယ်ချင်းတွေ ပျင်းတာနဲ့ အပျော်ကစားကြတာ"

"ဟင်…ကစားတာလဲ ဒီပုံကြီးနဲ့ အပြင်ထွက် ကစားမလို့လား"

မေညိုက မသင်္ကာသလိုနှင့် မေးလိုက်သည်။

ဒေဝါ မျက်မှောင် မှုန်ကုပ်ကုပ်ဖြစ်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ဟိုကွာ…ဟို၊ ဒီ…ဒီကောင် ဒေဝါနဲ့ လောင်းယားတ
တို့ မိန်းကလေးလိုဝတ်ပြီး အပြင်ထွက်ခဲ့ရင် ဒေဝါက ကြိုက်တ
ဝယ်ပေးမယ်ဆိုလို့ မြသည့်ရဲ့"

"ဩော်…ဩော်"

ကြဲကြဲဖန်ဖန် စိတ်ကူးတတ်သော ဒေဝါကို မေညို မယ
မသာ တစ်ချက်ကြည့်လိုက်၏။ ဒေဝါမှာလည်း ငှက်အဖြေကော
သွားကာမှ သက်ပြင်းကြိတ်ချလိုက်၏။

"ငှက်…ကြာတယ်ကွာ၊ လာ သွားရအောင်"

"အေးပါကွ၊ မေညို ကိုယ်သွားပြီနော်၊ ရွှေး ကျွန်တော်
တို့ကို ခွင့်ပြုဦး"

"ကောင်းပါပြီရှင်"

ရွှေး ခေါင်းညိတ်ရင်း မသိမသာ ပခုံးလေးတစ်ချက်
တွန့်လိုက်မိ၏။

"ဩော်…ငှက်ရေ၊ ဂါသစ်ကို ပြောလိုက်ပါဦး၊ မေညို
တို့ ပြန်ရောက်နေပြီလို့"

"ကောင်းပြီ မေညို"

စိတ်မရှည်သော ဒေဝါက ငှက်ကို လည်ကုတ်မှ ဆွဲခေါ်





လာခဲ့၏။

"ဟိတ်ကောင်…ဖြည်းဖြည်းလုပ်ပါကွ"

"ဘာဖြည်းဖြည်းလုပ်ရမှာလဲ၊ မင်းဟာလေးတွေကြောင့်
ဘွား ကြားသွားသိသွားရင် ဘယ်လိုဖြေရှင်းမလဲ"

"အေး…ဒါလည်းဟုတ်တာပဲ၊ ကဲ ကဲ လစ်ကြစို့"

နှစ်ယောက်သား အမြန်ထွက်ခဲ့ကြသည်။ သည့်စဉ် မေညို
က…

"ငှက်တို့ကို ကြည့်ရတာ တစ်ခုခု မဟုတ်တာ လုပ်နေတဲ့
ပုံပဲကွ၊ ပုံစံတွေက မရိုးဘူး ရွှေး"

"ဟုတ်တယ် မေညို၊ ဒေဝါဆိုတဲ့လူကလည်း ရွှေးတို့နဲ့
စကားပြောနေတာကိုပဲ မျက်စိပျက် မျက်နှာပျက်နဲ့ ဘာတွေကြံစည်
နေလဲမသိဘူး"

"ဒီကိစ္စ ဂါသစ်တော့ သိမှာပဲ၊ ညနေတွေ့မှ မေးကြည့်ရ
မယ် ရွှေး"

"ရွှေးကတော့ စိတ်မဝင်စားပါဘူး၊ မေညိုဘာသာ
မေးပေါ့"

"မေညိုကတော့ မေးမှာပဲ၊ ဒါမှ သူတို့အကြံကို သိမှာ"



www.burmeseclassic.com

www.burmeseclassic.com



ဒေဝါကို နှုတ်ဖျားက ဘယ်လောက် မုန်းတယ်ဆိုပေမယ့် ဒေဝါ လှုပ်ရှားသမျှကိုတော့ ရွှေး တိတ်တဆိတ် စိတ်ဝင်စားစွာ လိုက်ကြည့်ချင်နေတာ ဘာကြောင့်မှန်းမသိ။

"ဘယ်နှယ်လဲဟေ့...အိုကေရဲ့လား"

ငှက်နှင့်ဒေဝါကို မြင်လိုက်တာနှင့် ကသစ်က ပြုံးပြုံးကြီး မေးလာ၍ ဒေဝါ လက်မထောင်ပြလိုက်သည်။ ငှက်ကတော့ ကသစ်ကို မကျေနပ်။

"မင်းကြောင့် ငါပါ ဒုက္ခရောက်ရတာကွ၊ အရေးဆို မင်းဖုန်းက ဘာလို့ပိတ်ထားရတာလဲ"

"ဘက်ထရီကုန်နေတာကွ၊ မင်းလည်း တော်တော်လှတာ ပဲ ငှက်၊ ဟဲ...ဟဲ"

ငှက်က ကသစ်ကို တိုးတိုးဆဲရင်း တစ်ချိန်လုံး စိတ်ရှုပ်ခဲ့ သမျှ သူ့ကိုယ်ပေါ်မှ အဝတ်အစားများကို ချွတ်ကာ လွှင့်ပစ်လိုက် ၍ ငှက်ကိုယ်ပေါ်တွင် ဘောင်းဘီတိုလေးတစ်ထည်သာ ကျန်ခဲ့ ၏။

"အင်း...မင်းကူညီလိုက်လို့ ပြဿနာတစ်ခုတော့ အေးသွားပြီ ငှက်၊ ကျေးဇူးပဲကွာ"





"မင်း ကျေးဇူးတင်တာ နောက်ထား၊ မေညိုတော့ ဒီအဝတ်အစားတွေနဲ့ ငါ့ကိုမြင်သွားတာ အထင်သေးမှာသေချာ တယ်"

"နောက်တော့ အဖြစ်မှန်ကို ရှင်းပြလိုက်ပေါ့ကွ၊ ဒါဆို ရှင်းနေတာပဲ"

ဒေဝါက ဝင်ပြောလိုက်ပေမယ့် သူ့ကို ရွှေး ကြည့်တဲ့ အကြည့်တွေကို သဘောမကျ။ ရွှေးစိတ်ထဲမှာ ဒေဝါတို့ကို အထင် မြင်သေးနေကြောင်း သူ့အကြည့်တွေက ဖော်ပြနေ၏။

ငှက်၏ စိတ်ပျက်လက်ပျက်ဟန်ကို ကြည့်ကာ ဒေဝါ သနားသွားသည်။ ဟုတ်တာပေါ့ ကိုယ်ကြိုက်နေတဲ့ မိန်းကလေးရှေ့ ဆိုတော့ ငှက် ရှက်သွားရှာမည်။

"ကဲပါကွာ...ဒီကိစ္စ ငါ့တာဝန်ထားပါ၊ မေညိုကို ငါကိုယ်တိုင် ဖြေရှင်းပြလိုက်ပါ့မယ်"

"မင်းရှင်းမှ ပိုရှုပ်သွားဦးမယ်နော် ဒေဝါ"

ကသစ်က သတိပေးတော့ ဒေဝါ ပခုံးဆတ်ခဲ့ တွန့်လိုက် ၏။ ငှက်က စိုးရိမ်စွာဖြင့်...

"ဟုတ်တယ် ဒေဝါ၊ ကြည့်လည်းလုပ်နော်"



www.burmeseclassic.com

www.burmeseclassic.com



''အေးပါကွာ၊ ငါ နားလည်ပါတယ်၊ မင်းအတွက် စိတ်လျှော့ထားပါ့မယ်''

''ဒါပေါ့ ဒေဝါရ''

ငှက် မျက်နှာပြုံးသွားသည်။ မေညိုကို ငှက် တကယ် ချစ်နေတာ သိလိုက်ရတော့ ဒေဝါ့အကြည့်တွေက ကသစ်ထဲ ဖျတ်ခနဲ ရောက်သွား၏။ ကသစ်ကိုယ်တိုင်လည်း ရွှေးကို တကယ် ချစ်နေမှဖြင့်။

◆ ◆ ◆



## အခန်း (၁၁)

''မင်းကိုယ်မင်း လည်လှပြီပေါ့ ဟုတ်လား ဒေဝါ၊ ငါက တော့ ငါ့မြေးလေး ချစ်သူရနေပြီဆိုတာ တကယ်မှတ်လို့၊ ကြည့်စမ်း ခုတော့ ဘွားအေကိုပဲ ပြန်လိမ်ရတယ်လို့''

ဘွားရှေ့တွင် ထိုင်နေသော ဒေဝါမှာ ဘွား စိတ်ဆိုးဒေါသ ဖြစ်နေတာကို ဘာတစ်ခုမှ ပြန်မပြောရဲ။ ကိုယ့်အပြစ်ကိုယ် ရှေ့ နှုတ်ပိတ်ရင်း စိတ်ထဲမှာတော့ ဒီသတင်း ဘွားဆီကို ဘယ်သူပြော ၍ ဘယ်လိုပေါက်ကြားသွားလဲဆိုတာကို ဘဲချင်နေသည်။ ဒါ ဘယ်သူ့လက်ချက်လဲ။ ဘာကိစ္စ ဒီအကြောင်းတွေ ဘွားကို သွား ပြောရတာလဲ။



www.burmeseclassic.com

www.burmeseclassic.com



"ငှက်ဆိုတဲ့ကောင်ကလည်း လူကြီးသူမကို မရိုမသေနဲ့ ငါ့ကိုရောပြီး လာလိမ်တယ်"

"ဟာ…ဘွား၊ ငှက်ကို အပြစ်မတင်ပါနဲ့၊ ငှက်က ကျွန်တော်အကူအညီတောင်းလို့ သူလုပ်ပေးရတာပါ"

သူငယ်ချင်းဖြစ်သူဘက်မှ ဒေဝါ ကာကွယ်လိုက်၏။

"အေး…မင်းတို့ လူကြီးကို ဒီလိုပိုင်းလိမ်တာ ကောင်းသလား၊ မဖြစ်ဘူး မင်းကို ခုပဲ တွယ်တာနဲ့ လက်ထပ်ပေးခဲ့မယ်"

"တွယ်တာကို မယူပါရစေနဲ့ ဘွားရယ်"

"ဒါဆို ရတနာလေးဆိုရင်ရော"

ဘွားက နာမည်တွေ တစ်ခုပြီးတစ်ခု တန်းစီရွတ်ပြနေ၍ နောက်ဆုံး နာမည်တစ်ခုကို ခေါင်းညိတ်လိုက်ရသည်။

မိုးကုတ်က ဘွားယူလာသည့် မာစီးဒီးကားဖြင့် ထရီဇာတို့ အိမ်သို့ ထွက်လာခဲ့သည်။

"ဒါပဲနော်…ဟိုရောက်ရင် ထရီဇာလေးကို ကောင်းကောင်းမွန်မွန်ဆက်ဆံပါ၊ ကြားလား"

"ကြားပါတယ် ဘွားရာ"

"ဟွန်း…ပြောလိုက်ရင်ဒါပဲ၊ ပြီးမှ ပြန်မပြောနားမထောင်





လုပ်တာ"

ကားပေါ်မှာ ဘွားက သတိပေးနေသည်။ ဒေဝါမှာ စိတ်ညစ်စိတ်ရှုပ်သည့်ကြားမှ ခေါင်းညိတ်လိုက်ရ၏။

"ဘွားကို ကျွန်တော် တစ်ခုတောင်းပန်ထားမယ်နော်၊ ထရီဇာနဲ့ကိစ္စကို ချက်ချင်း မစီစဉ်လိုက်ပါနဲ့၊ ကျွန်တော်တို့ချင်း ဆွေးနွေးပါရစေဦး"

"အေးလေ…လက်ထပ်ဖို့ကိစ္စ မင်းမငြင်းဘူးဆိုရင် ပြီးတာပဲ"

ဒေဝါ အသံတိတ်၍ ကားကိုသာ ဂရုတစိုက် မောင်းနေလိုက်၏။

ဒေဝါစိတ်ထဲမှာ ထရီဇာမျက်နှာအစား ရွှေမျက်နှာကိုသာ မြင်ယောင်နေမိ၏။

ဟင်း…ငါ ဘာလို့ သူ့ကို သတိရနေတာပါလိမ့်။ ထရီဇာတို့အိမ်ရောက်တော့ အခန့်သင့်ပင် ထရီဇာနှင့် တွေ့ရ၏။ ညိုညို စိုစိုနှင့် ချောပါသည်။ လှပသည်။ ဒါပေမဲ့ ရွှေအလှကိုတော့ လိုက်၍မမှီပါ။ ဒေဝါ အခုမှ မြင်ဖူးခြင်းဖြစ်သည်။ ထရီဇာမိဘတွေက ဘွားနှင့်ဒေဝါကို ဝမ်းပန်းတသာ ကြိုကြသည်။



www.burmeseclassic.com

"လာမယ်ဆို အကြောင်းကြားလိုက်ရောပေါ့ မမရယ်၊ ကျွန်မတို့ လာကြိုမှာပေါ့"

"အေးကွယ်…အချိန်မရတာနဲ့ ချက်ချင်းထွက်လာရတာ၊ သမီးထရီဇာက တစ်နေ့တခြား ပိုလှလာတယ်ကွယ်"

ထရီဇာ ခေါင်းလေးငုံ့ကာ ပြုံးနေသည်။ ဒေဝါကတော့ ဘယ်သူ့မှမကြည့်ဘဲ မှုန်ကုပ်ကုပ်ဖြစ်နေသည်။

"မြေးလေးတစ်ယောက် ရှိပါတယ်၊ ခုခေတ်ကလေးတွေများ ပြောရဆိုရ တယ်ခက်တာပဲ၊ ထရီဇာဆီ သွားပါဆိုတော့ အချိန်မရသေး ဘာလေးနဲ့၊ ခုတစ်ခါတည်း ကိုယ်ရောက်တုန်း ခေါ်ခဲ့ရတာကွဲ့"

"ယောက်ျားလေးဆိုတော့ လမ်းကလည်း အများသား မဟုတ်လား မမရဲ့၊ သားလိပ်စာ မသိလို့ပါ၊ မဟုတ်ရင် သမီးကို သွားတွေ့နိုင်းပါတယ်"

မိုးကုတ်မှ ကျောက်တွင်းသူဌေးမကြီးရဲ့ တစ်ဦးတည်းသော မြေးမို့ ထရီဇာ့မိဘတွေက ဒေဝါကို လက်လွှတ်မခံချင်ကြပါ။

"အိုကွယ်…လိပ်စာပေးဖို့ကလည်း မမက မေ့နေတယ် မဟုတ်လားကွဲ့၊ ဘာပဲဖြစ်ဖြစ် ခုတွေ့ပြီပဲ၊ အေးအေးဆေးဆေးပေါ့၊





ကဲ ထရီဇာ၊ သမီးအစ်ကိုကို ခြံထဲလိုက်ပြလိုက်ပါကွယ်"

"ဟုတ်ကဲ့…ဘွား"

ဘွားကတော့ လုပ်ပြီ။ လူငယ်ချင်း ဆွေးနွေးချင်သည်ဆို၍ ထရီဇာနှင့် တမင်ဖယ်ထုတ်လိုက်တာ ဒေဝါမသိဘဲ နေမလား။

"လာ…ကိုဒေဝါ"

တာဝန်အရဟန်ဖြင့် ထရီဇာက ဒေဝါကို ခြံထဲခေါ်၏။ ထရီဇာနောက်မှ လိုက်သွားရင်း သက်မထပ်ဖြစ်ဖို့ အရေးအတွက် ဘယ်ကစပြီး ပြောရမလဲဟု ဒေဝါ စဉ်းစားရကြပ်နေသည်။ ထရီဇာတို့ကလည်း သူဌေးတွေ။ လူချမ်းသာတွေ။ ဒေဝါနှင့် လက်မထပ်ဖြစ်လည်း တခြားသူနှင့် လက်ထပ်ဖြစ်မှာ သေချာသည်။

ခြံထဲရောက်တော့ ခုံတန်းလျားဖြူဖြူလေးတွေ ဝင်ထိုင်ရင်း ထရီဇာ စကားစပြော၏။

"ဟိုတလောက ကိုဒေဝါကို ကျွန်မ တွေ့လိုက်ပါတယ်"

"ဟုတ်လား…ဘယ်မှာတွေ့တာလဲ"

"ဟိုတယ်မှာလေ"

"သြော်…ဟုတ်တယ်၊ သူငယ်ချင်းတွေနဲ့ သွားတာ၊ ဒါနဲ့ ထရီဇာက ကိုယ့်ကိုသိတယ်နော်"



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



"ဘွားက ခေတ်ပုံပေးထားတာလေ"

"သြော်"

ဒေဝါ ပြုံးလိုက်သည်။

"ကိုဒေဝါ မိတ်ဆွေက အတော်ချောတယ်နော်၊ နာမည်က ဘယ်လိုခေါ်လဲ"

"ရွှေးတဲ့"

"သြော်…သြော်"

ဘာကြောင့် ဒေဝါနှုတ်ဖျားမှ ရွှေးအမည် ပြောလိုက်မိမှန်းမသိ။ ရွှေးသိလျှင် စိတ်ဆိုးလိုက်မည်ဖြစ်ခြင်း။

"ကျွန်မတို့ကို လူကြီးချင်းသဘောတူနေတယ်ဆိုတာ ကိုဒေဝါ သိရောပေါ့၊ ဒီအတွက် ကိုဒေဝါ ဘယ်လိုသဘောရလဲ"

ဒေဝါမှာ ချစ်သူရှိနေတာ သိသော ထရီဇာက ပွင့်ပွင့်လင်းလင်းပင် မေးသည်။ သည်တော့ ဒေဝါကလည်း ပွင့်လင်းရပြီ။

"ကျွန်တော့်သဘောထက် ထရီဇာသဘောကရော၊ ထရီဇာမှာ ချစ်သူရှိမယ်လို့ ကျွန်တော်ထင်ပါတယ်"

"သေချာတာပေါ့၊ ကိုဒေဝါမှာလည်း ချစ်သူရှိတာပဲ





မဟုတ်လား"

"ဒါဆို ဒီကိစ္စကို ကျွန်တော်တို့ နှစ်ဦးသဘောတူငြင်းလိုက်ကြရအောင်"

"ခုချက်ချင်းငြင်းတာထက် အနီးကပ်မှငြင်းရင် မကောင်းဘူးလား"

"အင်း…ဒါလည်းကောင်းတာပဲ"

"ဒါဆို အိမ်ထဲသွားစို့ ကိုဒေဝါ"

သူတို့နှစ်ယောက် အိမ်ထဲရောက်တော့ လူကြီးတွေစကားဝိုင်းက အတော်စည်နေပြီ။ သူတို့ကိုမြင်သွားတော့ စကားဝိုင်းတိတ်ဆိတ်သွားလျက် အကဲခတ်ကြ၏။

"ထရီဇာတို့ ပန်းခြံက ပန်းပင်တွေ သိပ်စုံတာပဲဗျာ၊ နောက် ကျွန်တော် မကြာခဏ ရောက်ဖြစ်မှာ သေချာတယ်"

ဒေဝါ အပြောကြောင့် ဘွား သဘောကျသွားသည်။

"အေး…အေး ကိုယ့်မိတ်ဆွေအိမ်ဆိုတာ ဒီလိုအမြဲတမ်းဝင်ထွက်နေရတယ်ကွဲ့၊ သမီးကိုလည်း သားလိပ်စာပေးထားလိုက်ဦး"

"ဟုတ်ကဲ့…ဘွား"



www.burmeseclassic.com

www.burmeseclassic.com



ဒေဝါ လိမ္မာနေတာကြောင့် လူကြီးတွေ ကျေနပ်ပြုံးသွားကြသည်။ ထိုနေ့က ဒေဝါတို့မြေးအဘွား ထရီဇာတို့အိမ်က ထမင်းစားပြီးမှ ပြန်လာကြ၏။

"ထရီဇာလေးကို သဘောကျရဲ့လား မြေး"

"မဆိုးပါဘူး ဘွား"

"အေး…နောက်တော့လည်း သူ့ဘာသာ ပြေလည်သွားမှာပါကွယ်"

ဘွား ပြောပြတဲ့ ပြေလည်မှုကတော့ ထရီဇာနှင့် စောစီးစွာ လမ်းခွဲကြခြင်းဟု ထင်၏။ မချစ်တဲ့လူနှစ်ယောက်ကို လူကြီးတွေက အတင်း ဘာကြောင့် လက်ထပ်ပေးချင်ရတာပါလိမ့်။

မိုးကုတ်မှ အရေးကြီးသည့်ကိစ္စနှင့် ဖုန်းဆက်ခေါ်၍ နောက်နေ့တွင် ဘွား ချက်ချင်းပြန်သွား၏။ ဘွား ပြန်သွားသည့်အတွက် ဝမ်းသာရသူက ဒေဝါ။ ဘွားရှိလျှင် ထရီဇာနှင့်ကိစ္စ စီစဉ်လိုက်မှာကို သူ အချိန်မရွေး စိုးရိမ်နေ၏။

"မင်းနဲ့ငှက်အကြောင်းကို သတင်းပေးလိုက်တာ ဘယ်သူထင်လဲ"

ကသစ်အမေးကြောင့် ဒေဝါ မျက်မှောင်တွန့်သွား၏။





သည့်ကိစ္စကို ဒေဝါ သိချင်နေတာကြာပြီ။

"ပြောစမ်းပါဦး၊ ဘယ်သူသတင်းပေးလိုက်တာလဲ ကသစ်"

"အဟား…ငါပြောရင် မင်း စိတ်မဆိုးရဘူးနော် ဒေဝါ၊ ဒီသတင်းကိုပေးလိုက်တာ တခြားသူမဟုတ်ဘူးကွ၊ ရွှေးပဲ"

"သူနဲ့ဒီကိစ္စ ဘာဆိုင်လို့ သူက ဒီအကြောင်းပြောလိုက်ရတာလဲ"

"ဒါကတော့ ရှင်းပါတယ်၊ မင်းကို သူမုန်းလို့ ဒီအကြောင်းတွေ မင်းအဘွားကို ဖုန်းဆက်ပြောလိုက်တာတဲ့"

"တောက်…ဒါ ငါ့ကို တမင်ချောက်တွန်းတာပဲ"

"အခု သူလုပ်လို့ ငါ့အဘွားက ထရီဇာနဲ့ ငါ့ကို ပေးစားတော့မယ်"

ဒေဝါ တကယ်ဒေါသထွက် စိတ်ဆိုးသွားခြင်းဖြစ်သည်။ တကယ်ဆို ငှက်ကို မိန်းကလေးအသွင်ဖြင့် ဘွား ယုံပြီးသားကိစ္စ။ အခုတော့ ရွှေးကြောင့် သူ့အစီအစဉ်တွေအားလုံး ပျက်ရုံသာမက သူမယူချင်သည့် မိန်းမကိုပါ လက်ထပ်ယူရမည့်ကိန်း ဆိုက်နေသည်။ ဒေဝါဆိုတာ ဘယ်မိန်းမကိုမှ ကြည့်ရတာမဟုတ်။ ဒါကို



www.burmeseclassic.com

www.burmeseclassic.com



သိရက်နဲ့ ရွှေးက တမင်လုပ်သည့်ဆိုပါလား။

"တောက်"

"ကဲပါကွာ စိတ်တိုမနေစမ်းပါနဲ့၊ ခုတော့လည်း အားလုံး အမှန်အတိုင်း ဖြစ်သွားတာပေါ့"

"ဘာအမှန်အတိုင်းလဲ ကသစ်၊ ငါ ထရီဇာ့ကို လုံးဝ လက်မထပ်နိုင်ဘူးကွ၊ ထရီဇာမှ မဟုတ်ဘူး ငါ့ဘဝ ငါ့နှလုံးသား ကို ဘယ်မိန်းမကိုမှ မပေးချင်တာ"

"ဒါပေမဲ့ ၄က်ကိစ္စက ကြာကြာဖုံးထားလို့မှ မရတာ"

"တော်စမ်းကွာ၊ ဒီကိစ္စ ဘွား သိကာမှသိရော သူ့ပါစရာ မလိုပါဘူး၊ တောက် သူ့ကို ခု သွားတွေ့မယ်"

"ဟိတ်ကောင်…ဒေဝါ၊ ဒေဝါ နေဦးလေ"

ကသစ် လှမ်းတားပေမယ့် ဒေဝါ လှည့်မကြည့်။ ရွှေးရဲ့ အခန်းတံခါးဘဲလ် နှိပ်လိုက်၏။ မေညိုနှင့် စကားပြောနေသော ရွှေးမှာ တံခါးထဖွင့်လိုက်သည်။

"ဟင်…ရှင် ဘာကိစ္စလဲ"

"မင်းနဲ့ ရှင်းစရာကိစ္စရှိလို့"

"ဘာရှင့်၊ ရှင်နဲ့ကျွန်မကြားမှာ ဘာမှရှင်းစရာမရှိဘူး"





"ဟွန်း…မင်းမှာမရှိပေမယ့် ငါ့မှာရှိတယ်၊ ပြောစမ်းပါဦး မင်း ဘာကိစ္စ ငါ့အဘွားကို ၄က်နဲ့ငါ့ကိစ္စ သွားပြောရတာလဲ"

"ဪ…ဒါလား"

ရွှေးက လက်နှစ်ဖက် ခပ်တင်းတင်းပိုက်ကာ မထီတရီ ဟန်နှင့် ဒေဝါကို ကြည့်လိုက်၏။

"ဒါကရှင်းပါတယ်၊ ဘွားလို သက်ကြီးရွယ်အို တစ်ယောက်ကို မြေးဖြစ်သူက လိမ်ညာနေတာ မကြည့်ရက်လို့"

"ဘာကွ…နေပါဦး၊ အဲဒီလို မကြည့်ချင်ရအောင် ဒီကိစ္စ မင်းနဲ့ဘာဆိုင်လဲ"

"ဆိုင်တယ်လို့လည်း မပြောပါဘူး၊ ကျွန်မရှေ့မှာ လိမ်ညာနေတဲ့ ကိစ္စတစ်ခုကို အမှန်အတိုင်း ဖော်ထုတ်ရမှာ ကျွန်မ တာဝန်ပဲ"

"ဟင်…မင်း…မင်း"

ဒေဝါမှာ ဒေါသဖြစ်လွန်း၍ ဘာပြောရမှန်းမသိအောင် ဖြစ်သွားစဉ် ကသစ် ရောက်လာကာ…

"ဒေဝါ…လာပါကွာ၊ စိတ်လျှော့လိုက်စမ်းပါ"

မေညိုကလည်း ရွှေးကို လာဆွဲ၏။



www.burmeseclassic.com

www.burmeseclassic.com



"ရွှေး…တော်ပါတော့ကွာ၊ အိမ်နီးချင်းတွေပဲ"

"ဟင်း…ဖယ်စမ်းပါ မေညို၊ သူက စလာလို့ ဒီကပြော ရတာ"

"မင်းနော် ပြောင်းပြန်မပြောနဲ့၊ ကျုပ်ကိစ္စကို မင်းဝင်ပါ တာ"

"ဒီတော့ ရှင်က ဘာလုပ်ချင်လဲ"

"ကျွတ်…တောက်၊ မင်းကွာ"

"ကောင်းပြီလေ၊ ဒီလောက် အမှန်တရား ဖော်ထုတ်ချင် တဲ့ မင်းအတွက် မင်းလူ ဒယ်နီကိုလည်း ကျုပ် အမှန်အတိုင်း သွားပြောရမှာပေါ့"

"ဟင်…ရှင်…ရှင်"

ကိုယ့်အလှည့်ကျတော့ ရွှေး ဆွေ့ဆွေ့ခုန်သွား၏။ ဒါကို ဒေဝါက အရသာရှိရှိကြည့်ပြီး အနိုင်ပိုင်းကာ ခပ်ပြုံးပြုံးအမူအယာ ဖြင့် သူ့အခန်းထဲ ဝင်သွား၏။

"တောက်…ယောကျ်ားတန်မဲ့ ကလဲ့စားချေချင်တဲ့လူ၊ အလကားလူ"

ရွှေးထံမှ မကျေမနပ် ရေရွတ်သံကို ဒေဝါ မကြားဟန်နှင့်





သီချင်းသံ အကျယ်ကြီးဖွင့်လိုက်၏။ ပတ်ဝန်းကျင်တစ်ခုလုံး သီချင်း သံ လွှမ်းသွားသည်။

"ရွှေးရယ်…ကိုယ့်မှာ ရွှေးချစ်သူ တကယ်ရှိတယ်ဆိုပြီး ရင်ပူခဲ့ရတာ၊ ခုမှ ရင်ထဲအေးသွားရတယ်ကွာ"

ဒေဝါ၏ ကလဲ့စားချေမှုက မြန်လိုက်သည်ဖြစ်ခြင်း။ နောက်နေ့ ရွှေး သင်တန်းဆင်းချိန်မှာ ဒယ်နီရောက်လာပြီး ပြောခြင်း ဖြစ်သည်။

မေညိုက ၄က်နှင့်ထွက်သွား၍ ရွှေး တစ်ယောက်တည်း ဖြစ်နေသော ရွှေးကို ဒယ်နီက မနက်စာကျွေးရန် ဖိတ်ခေါ်သည်မှာ ရပ်ပျက်ဆင်းပျက်။

လူတွေ ဝိုင်းကြည့်နေတာနှင့် ဟန်မပျက် ဒယ်နီကားနှင့် လိုက်ခဲ့ရပေမယ့် ရွှေးရင်ထဲမှာ ဒေဝါကိုရော ဒယ်နီကိုပါ လုံးဝ မကျေနပ်။

"နေပါဦး၊ ရွှေးမှာ ချစ်သူမရှိဘူးလို့ ရှင့်ကို ဘယ်သူပြော တာလဲ"

အဖြေတိကျစေရန်အတွက် ရွှေး မေးလိုက်၏။ ဒယ်နီက အောင်နိုင်သူတစ်ယောက်လို ပြုံးသည်။



www.burmeseclassic.com

www.burmeseclassic.com



"သတင်းပေးတဲ့လူက တခြားသူမဟုတ်ဘူးဗျာ၊ ရွှေးချစ်သူပါလို့ ရွှေး မိတ်ဆက်ပေးခဲ့တဲ့ ဒေဝါဆိုတဲ့လူ"

"သူကပဲ ရွှေး ဒီမှာ သင်တန်းတက်နေတာကို ဖုန်းဆက်ပြီး ပြောသွားတာ"

ရွှေးရင်ထဲက ဒေါသစိတ်ကို မျိုသိပ်ကာ ဒယ်နီကို ပြုံးပြလိုက်၏။ ဒယ်နီက ကြမ်း၍မရမှန်း ရွှေး သိသည်။ ဒီတော့ သူ့လက်က လွတ်ချင်ရင် လေပြေလေးနှင့်မှ ဖြစ်မည်။

"ဒယ်နီက သူပြောတာကို ယုံတယ်ပေါ့ ဟုတ်လား၊ တကယ်တော့ မောင်က ရွှေးကိုစိတ်ဆိုးပြီး ရွဲ့နေတာရှင့်၊ ရွှေးတို့ချင်း စိတ်ကောက်နေကြတာလေ"

"မယုံရင် သူ့ကိုပြန်မေးကြည့်ပါလား၊ အဟင်း...ဟင်းဟင်း"

"ရွှေး တကယ်ပြောနေတာလား"

"တကယ်ပေါ့"

ရွှေးက ခပ်တည်တည်ပြောနေ၍ ဒယ်နီမှာ မယုံရမလိုယုံရမလိုဖြစ်နေ၏။

"ဒါဆို ဒီလူက ကိုယ့်ချစ်သူကို ဘာလို့ ဒီလိုလုပ်ရတာလဲ"

"စိတ်ဆိုးနေတာပါဆို...ဒယ်နီကလည်း"

ဒယ်နီ တစ်ချက်ငြိမ်သွားကာ စဉ်းစားဟန်ပြုသည်။ ထို့နောက် သက်ပြင်းတစ်ချက် ဖွဖွချကာ...

"ရွှေးသဘောကရော"

"ရွှေးကတော့ မောင့်ကိုပဲချစ်တယ်၊ လက်ထပ်ချင်တယ်၊ ဒါနဲ့ ဒယ်နီ့မှာရော စိတ်ဝင်စားရမယ့် မိန်းကလေး ရှိတယ်မဟုတ်လား"

"အင်း...ခုတော့ ဝန်ခံရတော့မှာပေါ့၊ ကိုယ့်ကို စိတ်ဝင်စားတဲ့ မိန်းကလေးရှိပါတယ်"

"ဒါဆို လူကြီးတွေ သဘောတူတဲ့ကိစ္စကို ရွှေးတို့ နှစ်ဦးသဘောတူ ဖျက်လိုက်ရင် မကောင်းဘူးလားဟင်"

ဒယ်နီက ရွှေးကို အကဲခတ်သလို ကြည့်၏။

"ရွှေး တကယ်ပဲ ဆုံးဖြတ်လိုက်ပြီလား"

"ဒါပေါ့၊ ဘဝတစ်ခုကို တည်ဆောက်တဲ့နေရာမှာ ကိုယ့်ချစ်သူနဲ့သာ အကောင်းဆုံးမဟုတ်လား"

"ကောင်းပြီလေ၊ ရွှေးက ဒီလိုဆန္ဒရှိမှတော့ လူကြီးတွေ






www.burmeseclassic.com

www.burmeseclassic.com



ကိစ္စကို ကိုယ်တိုင်ဖြေရှင်းရမှာပေါ့''

''ကျေးဇူးအများကြီးတင်ပါတယ် ဒယ်နီ၊ ယူတကယ်ချစ်တဲ့သူနဲ့ လက်ထပ်ပါရစေလို့ ဆုတောင်းပါတယ်''

ဒယ်နီက အလွယ်တကူ လိုက်လျော၍ ရွှေး ဝမ်းသာသွားသည်။

ကဲ···ဒေဝါ ရှင်ဘယ်လိုပဲ ရွှေးကို ချောက်ချပေမယ့် ကံတရားက ကျွန်မဘက်မှာဆိုတာ ရှင်သိရဲ့လား။

ဒယ်နီနှင့်ရွှေး လမ်းခွဲပြန်လာချိန် မမျှော်လင့်ဘဲ မိုးသဲသဲမဲမဲ ရွာချလိုက်သဖြင့် ရွှေးတစ်ကိုယ်လုံး မိုးရေတို့ဖြင့် စိုရွှဲသွား၏။ ထီးမကိုင်တတ်သော ရွှေးမှာ မိုးဒဏ်ကို ကောင်းကောင်းခံလိုက်ရသည်။

ကျွတ်···ဒီနေ့မှပဲ ကားတွေက လာခဲလိုက်တာ။ ဒယ်နီ လိုက်ပို့မယ်ပြောတာကို လက်မခံခဲ့မိသည့်အတွက် ရွှေး နောင်တရချင်သလို ဖြစ်သွား၏။

အို···ဘာမှ နောင်တရစရာ မလိုပါဘူးလေ၊ မိုးမိလို့ ဖျားနာတာက အလွန်ဆုံးပေါ့။

ဒယ်နီနှင့် ဆက်ပြီး မပတ်သက်တာ ရွှေးအတွက်





အကောင်းဆုံးဟု တွေးလိုက်ရင်း ဒီနေ့မှ ဘတ်စ်ကားတွေရော၊ တက္ကစီကားတွေပါ အလာကျဲနေသောအဖြစ်ကို ရွှေး သတိထားလိုက်မိသည်။

မိုးက ဆက်လက်သည်းထန်လာ၏။ မိုးရေထဲမှာ ကားတစ်စီးကို တွေ့လိုက်ရသည်။ ကားပေါ်မှာ ဒေဝါ။ ရွှေးကို ကျော်လွန်သွားပြီးမှ ပြန်ကွေ့လာကာ ရွှေးရှေ့မှာ သူ့ကားကို လာရပ်သည်။

''ခင်ဗျားတစ်ယောက်တည်းလား''

''မြင်တဲ့အတိုင်းပဲ''

ဒယ်နီကိစ္စနှင့်ပတ်သက်ပြီး မကျေနပ်သော ရွှေးမှာ ဒေဝါ အမေးကို ခပ်ပြတ်ပြတ်လေးဖြေပြီး မျက်နှာကို တစ်ဖက်သို့ လွှဲထားလိုက်၏။

ဒေဝါမှာ တစ်ကိုယ်လုံး မိုးရေတွေ ရွှဲရွှဲစိုနေသည့်ကြားမှ သဘာဝအလှကောက်ကြောင်းများနှင့် ရင်ဖိုစရာကောင်းနေသော ရွှေးကို မျက်နှာထားတင်းတင်းဖြင့် ခပ်တည်တည် တစ်ချက်ကြည့်လိုက်ရင်း···

''ကျုပ် အကောင်းမေးနေတာဗျ''



www.burmeseclassic.com

www.burmeseclassic.com



''ခင်ဗျား အိမ်ပြန်မှာဆို ကျုပ်နဲ့လိုက်ခဲ့၊ ကျုပ်လည်း အိမ်ပြန်မှာ''

ဒေဝါ စကားအဆုံးမှာ ရွေးမျက်နှာလှလှလေးမှာ ရှောင် ရိပ်လေး ပေါ်လာ၏။ အခုမှ စေတနာတွေ ထားပြနေလိုက်တာ။ အကြောင်းမသိရင် သူကပဲ ကယ်တင်ရှင်ကြီးပေါ့။

''ဒီမှာ ရှင်နဲ့ဆို ဘယ်ကိုမှ မလိုက်ဘူး''

''မင်းကို ငါက စေတနာနဲ့ခေါ်တာ''

''ဘာစေတနာလဲ၊ ယောက်ျားချင်း အတင်းပြောပြီး မိန်းမ တစ်ယောက်ကို ချောက်ချတဲ့ စေတနာလား''

''အလကားယောက်ျားတွေ ပြောတော့ဖြင့် အတောင် နှစ်ဆယ်ဝတ်လေး ဘာလေးနဲ့၊ သဘောထားကြီးချင်ဟန် ဆောင် ချင်ကြသေးတာ၊ မိန်းမနဲ့အပြိုင် ရန်ဖြစ်ချင်နေမှတော့''

''ဟော့…မင်း တော်တော့နော်''

''မတော်ဘူးရှင်၊ အဖြစ်မှန်ကို ပြောနေတာ''

ရွေးက တင်းနေ၍ ဒေဝါ စိတ်ဆိုးသွား၏။

မိုးရေစိုရွှဲနေသော ရွေးကို ကားမှတ်တိုင်မှာ တွေ့၍ သနား ပြီး သွားပက်သက်မိတာကိုက သူ့အမှားဟု တွေးလိုက်သည်။





''အဲဒီလိုဖြစ်အောင် မင်းပဲလုပ်ခဲ့တာ မဟုတ်လား၊ လူဆို တာ ကိုယ်ချင်းစာတတ်မှ ကောင်းတာကွ၊ နားလည်လား''

ဒေါသနှင့် ကားကို ဝေါခနဲကွေ့ကာ ထိုနေရာမှ အရှိန်ဖြင့် တအားမောင်းထွက်ခဲ့သည်။ မိုးရေစိုလို့ ချမ်းနေရတဲ့အထဲ ဒေဝါ လုပ်သွားပုံကြောင့် ရွေး အံလေးတင်းတင်းကြိတ်ကာ ကျန်ရစ်ခဲ့ သည်။

တောက်…ဒီလိုအချိန်မှာ ဒင်းနဲ့လာတွေ့ရတယ်လို့။

ရွေး စိတ်နာနာလေးတွေးရင်း ကားတစ်စီးလာနေသော ကြောင့် ခပ်မြန်မြန်လေး တားကာ တက်လိုက်၏။ ထိုနေ့မှစပြီး ရွေး ဖျားသည်။ အိမ်မှာရှိသည့်ဆေးကို သောက်ပေမယ့် အဖျားက မကျ။ ဆေးခန်းမသွားဘဲ ပေတေနေခဲ့ရာမှ နောက်ဆုံး လူတစ်ကိုယ် လုံး မဟန်နိုင်သလို ဖြစ်လာမှ ဆေးခန်းသွားဖို့ ဆုံးဖြတ်လိုက် သည်။ ဒါပေမဲ့ ရွေး ဆုံးဖြတ်ချက်မှားသွားသလို ဆေးခန်းပြဖို့ အချိန်လည်း နောက်ကျခဲ့သည့်အတွက် လေကားကအဆင်းမှာပင် လူက မိုက်ခနဲဖြစ်သွားကာ နီးရာကို လှမ်းဆွဲဖို့ ကြိုးစားသည့်အခိုက် မှာပဲ…

''ဟာ…ဟော့…ဟော့''



www.burmeseclassic.com

"ဝှန်း"

"ရွှေး…ရွှေး"

လှေကားကတက်လာသော ဒေဝါရှေ့မှာ ရွှေးကိုယ်လေး လဲပြိုကျသွားတော့ ဒေဝါ ဘာမှစဉ်းစားမနေနိုင်ဘဲ သူမအခန်းရှေ့မှာ ပုံပုံလေး လဲကျသတိမေ့နေသည့် ရွှေးကိုယ်လေးကို ပွေ့ယူလိုက်သည်နှင့်…

"အား…တစ်ကိုယ်လုံး ချစ်ချစ်တောက်ပူလို့ပါလား၊ ဆေးခန်းမသွားဘဲ ဒီအတိုင်း ပေနေတာထင်တယ်၊ ဒုက္ခပါပဲကွာ"

"ရွှေး…ဟော့၊ သတိထားဦးလေ၊ ကိုယ်ခေါ်နေတာကြားရဲ့လား"

ရွှေးက ဒေဝါရင်ခွင်ထဲမှာ အရုပ်ကျိုးပြတ်။ သဲ့သဲ့ညည်းသံနှင့်အတူ ပြန်ငြိမ်သွား၍ ဒေဝါ လန့်သွား၏။

ရွှေးထံမှ အခန်းတံခါးသော့ကို ရှာဖွင့်ပြီး ရွှေးကို သူမအိပ်ရာမှာထားပြီး အောက်ထပ်သို့ပြေးဆင်းကာ ရိပ်သာမှ ပြန်ရောက်နေပြီဖြစ်သော အိမ်ရှင်အဘွားကြီးကို သွားခေါ်လိုက်၏။

"ဒေါ်ဒေါ်…ဒေါ်ဒေါ်၊ ထပါဦး၊ အပေါ်မှာ ရွှေးဖျားနေလို့"





ဒေဝါ တံခါးခေါက်နှိုးတာကြောင့် အိမ်ရှင် အဘွားကတံခါးဖွင့်၏။ သူကိုယ်တိုင်လည်း အနွေးထည်ဝတ်ထား၍ ဖျားနေပုံရသည်။

"ဘာဖြစ်တယ် လူလေး၊ ဘွားလည်း ဖျားနေတာကွဲ့"

"ဟို…ရွှေး နေမကောင်းလို့ခင်ဗျာ"

"ဒါဆိုလည်း ဆေးခန်းကို ပို့လိုက်လေကွယ်"

"ဘွားကိုယ်တိုင် ဖျားနေလို့ ဘာမှမလုပ်ချင်မရှားချင်ဘူးကွယ်၊ လူလေးပဲ ကူညီပေးလိုက်ပါ၊ ဘွားလည်း နားလိုက်ဦးမယ်"

"ဟုတ်ကဲ့ ဒေါ်ဒေါ်"

အိမ်ရှင်အဘွားက တံခါးပိတ်သွား၍ ဒေဝါ ချွေးပျံသွားသည်။ အိမ်ရှင်အဘွားက ဒေဝါကို ရွှေးကို ကူညီဖို့ပြောသွားသည်။ အပြောလွယ်ပေမယ့် လက်တွေ့မှာက မလွယ်။ ရွှေးနဲ့ဒေဝါက စကားပြော အဆင်ပြေကြတာမဟုတ်။ ဒီကြားထဲ ရွှေးက အပျို။ သူက လူပျို။ ညကြီးအချိန်ကြမှ မေညိုကို ဖုန်းလှမ်းဆက်ဖို့ကြတော့လည်း ဖုန်းနံပါတ်မသိ။ ငှက်ကတစ်ဆင့် လှမ်းပြောရင် ရပေမယ့် လာနိုင်ရင်တော်ပါသေးသည်။

မေညိုမလာနိုင်လျှင် ရွှေးကို ဒီအတိုင်း ပစ်ထား၍ မဖြစ်။

www.burmeseclassic.com



ဒေဝါပဲ အနီးကပ်ပြုစုလုပ်ကိုင်ပေးမယ့်သူ ရှိသဖြင့် သူတို့သတင်းကို အကျယ်တဝံ့ ပေါက်ကြားသွားလျှင် မလွယ်။ စိတ်ရှုပ်ရှုပ်နှင့် ရွှေးအခန်းထဲ ဒေဝါ ပြန်ရောက်လာပြီး ရွှေးနဖူးလေးကို စမ်းကြည့်သည်။

"ဟာ…ကိုယ်တွေ တအားပူနေတုန်းပဲ၊ ဆရာဝန်သွားပင့်မှ ဖြစ်မှာပေါ့"

ဒေဝါ့ဘာသာ ဆုံးဖြတ်ပြီး သူ့ကားနှင့် အမျိုးသမီးဆရာဝန် တစ်ယောက်ကို တောင်းတောင်းပန်ပန် ပင့်လာခဲ့ရသည်။ ဆရာဝန်မမက ရွှေးကို ဆေးထိုး၊ ဆေးပေးပြီး လူနာအဖျားကျအောင် ဂရုစိုက်ပြုစုပေးဖို့ မှာကြားကာ လိုက်၍မှတ်သားရ၏။

ဒေဝါ ဆရာဝန်မမကို ပြန်ပို့ပေးပြီးတော့ မိုးကချုပ်နေပြီ။ ရွှေးကလည်း အဖျားမကျသေး။ ဒေဝါ့စိတ်တွေ ဘာဖြစ်လို့ ရွှေးနဲ့ ပတ်သက်ပြီး ဒီလောက် ပူလောင်စိုးရိမ်နေတာလဲ။ ဒေဝါနဲ့ရွှေးဆိုတာ ဘယ်တုန်းကမှ တည့်ကြတဲ့သူတွေမဟုတ်။ လှပသော ရွှေး မျက်နှာလှလှလေးကို တစိမ့်စိမ့်စိုက်ကြည့်ရင်း ရွှေးပါးလေးတွေ၊ နှုတ်ခမ်းလေးတွေ နမ်းဖူးတာ ပြန်အမှတ်ရလာတော့ ဒေဝါ့ရင်ထဲ နွေးသွားသည်။





ခေါင်းမာသော ရွှေးကို ဒေဝါ ဒေါသဖြစ်မိ၏။ မိုးရွာသည့်နေ့ထဲက သူခေါ်တာလိုက်လာလျှင် ဒီလို မိုးစိုနှင့် ဖျားနာမည် မဟုတ်။ ဖျားတော့လည်း ဆေးခန်းမပြဘဲ ပေတေနေ၍ ဤမျှ အဖျားကြီးသွားခြင်းဖြစ်မည်။ ဒီရက်အတွင်း အနွေးထည်တကားကားနှင့် သူမကို မြင်နေပေမယ့် ဤမျှဖြစ်သွားလိမ့်မည်ဟု မထင်ခဲ့။

ဒေဝါ သူ့အခန်းကို မပြန်နိုင်တော့ဘဲ ရွှေးအခန်းမှာနေပြီး ရွှေးအဖျားကို မျက်ခြေမပြတ် စောင့်ကြည့်ရင်း ရွှေးနဖူးပေါ် ရေဝတ်အုပ်ပေးလိုက်၊ ပြန်လဲလိုက်နှင့် တစ်ယောက်တည်း အလုပ်တွေ ရှုပ်နေသည်။

ရွှေးကတော့ သူမဖြစ်နေတာတွေကို ဘာမှမသိသလို သူမနားမှာနေပြီး သူမကို ပြုစုပေးနေသူမှာ သူမကြည့်မရအောင် မုန်းနေသော ဒေဝါဟုလည်းမသိ။ အဖျားက တစ်ညလုံး ကောင်းကောင်းမကျ။ ရေဝတ်အုပ်တုန်း ခဏအေးပြီး ပြန်ပြန်တက်လာ၍ ဒေဝါ့ရင်ထဲ ပူပြီးရင်း ပူနေ၏။ မပြောကောင်း မဆိုကောင်း သူ့လက်ထဲမှာများ ရွှေး တစ်ခုခုဖြစ်သွားမှာဖြင့်ဆိုသည့် အတွေးက ဘယ်လိုလုပ်ပြီး ဒေဝါ့ခေါင်းထဲ ရောက်လာမှန်းမသိ။

ရွှေးရယ်။



www.burmeseclassic.com

www.burmeseclassic.com



မင်းနဲ့ကိုယ် ဘယ်ဘဝက ရေစက်ကြောင့် အခုလိုလာဆုံနေရတာလဲ။ ရွှေး၏ အဖျားတက်နေသည့် မျက်နှာလှလှလေးကို စိုက်ကြည့်ရင်း ဒေဝါ့ရင်တွေ ထူးဆန်းစွာ နွေးထွေးလှုပ်ခတ်လာတာ အချစ်ဆိုရင် သူ ရွှေးကို ချစ်မိနေပြီပဲ။ အချစ်အကြောင်း တွေးမိတော့ ဒေဝါ ကိုယ့်ကိုယ်ကို အံ့ဩသွားသည်။ ရွှေးကို သူ တကယ်ချစ်နေမိပါပြီ။ ဒါကို သူကိုယ်သူမသိ။ အချစ်ဆိုသည့်အရာ က ဘယ်အချိန်က ဒေဝါ့နှလုံးသားထဲ ရောက်နေသည်မသိ။ ရွှေးကို ပြုံ့စုရင်း ညဥ့်နက်မှ မှေးခနဲ အိပ်ပျော်သွား၏။

မနက်အလင်းရောင်က ရွှေးအခန်းတွင်းသို့ နွေးထွေးစွာ ဖြာဆင်းကျလာသည်။ နှစ်ခြိုက်စွာ အိပ်ပျော်နေရာမှ ရွှေးက လေးလံသော မျက်ဝန်းအစုံကို အားယူ၍ဖြည်းဖြည်းချင်း ဖွင့်ကြည့်ဖို့ ကြိုးစားရင်း သူမအဖြစ်ကို စဉ်းစားသည်။

ရွှေးတစ်ကိုယ်လုံး နွမ်းနယ်သလိုဖြစ်ကာ လူက ခရီးအဝေးကြီးမှ ပင်ပန်းစွာဖြင့် ပြန်ရောက်လာတာမျိုး ဖြစ်နေသည်။

အိပ်ရာမှ မထနိုင်ဘဲ ရွှေးအခန်းကို ဝေ့ကြည့်လိုက်တော့

"ဟင်"

ဒုရင်းဘတ်ပေါ်တွင် နှစ်ခြိုက်စွာ အိပ်ပျော်နေသော ဒေဝါ





ကြောင့် ရွှေး အိပ်ရာထက်မှ ဆတ်ခနဲ ထထိုင်မိလျက်သားဖြစ်သွား၏။ ဒီလူ ဘယ်လိုလုပ်ပြီး ရွှေးအခန်းထဲကို ပိုင်စိုးပိုင်နင်း ရောက်နေရတာလဲ။ မနေ့ညက ရွှေး ဘာဖြစ်ခဲ့တာလဲဆိုတာ အပြေးအလွှား စဉ်းစားပေမယ့် ရွှေးဦးနှောက်က ဘာကိုမှ မမှတ်မိ။ ဒါပေမဲ့ ရွှေးအခန်းထဲ ဒေဝါ ရောက်နေတာက အတော့်ကို ထိတ်လန့်တုန်လှုပ်ချင်စရာ အံ့ဩမယုံနိုင်စရာ ဖြစ်နေ၏။ သေချာတာက တော့ သူနှင့်ရွှေး တစ်ခုခုပတ်သက်ခဲ့တာ သေချာသည်။ ရွှေး ဆေးခန်းကိုအသွားမှာ သတိလစ်သွား၏။ ဒါကို သူတွေ့သွားတာလား။

ရွှေး အတွေးမဆုံးခင်မှာပဲ ဒေဝါ နိုးလာ၏။ ရွှေးနိုးနေတာ တွေ့လိုက်ရတော့မှ ဒေဝါ ရွှေးနား ရောက်လာကာ...

"ဟော...မင်းသတိရလာပြီနော် ရွှေး၊ တော်ပါသေးရဲ့ကွာ မင်း ညက တစ်ညလုံး အဖျားကြီးနေတာ သိလား"

ရွှေး မသိပါ။ ဘာဆိုဘာမှမသိ။ ဒေဝါ့အသံမှာ အေးချမ်းမှုများ ပါဝင်လျက် ရွှေးနဖူးလေးကို သူ့လက်နှင့် ဖျတ်ခနဲ လာထိသည်။

"အဖျားတော့ ကျသွားပြီကွ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်…ရှင် ကျွန်မအခန်းကို ဘယ်လိုလုပ်ရောက်နေတာလဲ"

ရွှေး၏ လှုပ်ရှားနေသောအသံကို နားထောင်ပြီး ဒေဝါ နူးညံ့သိမ်မွေ့စွာ ပြုံးလိုက်သည်။

"မနေ့ညက ကိုယ့်ရှေ့မှာ ရွှေး သတိလစ်သွားတာလေ၊ အိမ်ရှင် အဘွားကို သွားအကူအညီတောင်းတော့ သူလည်း မျှားနေတာနဲ့ ကိုယ်ပဲ ရွှေးကို ဆရာဝန်ပင့်၊ လူနာစောင့်လုပ်ရတာပေါ့ဗျာ"

"အို"

ရွှေးနဲ့မတည့်တဲ့ လူက ရွှေးကို ဆေးကု၊ လူနာပြုစုလုပ်ပေးသည်ဆို၍ ရွှေးမျက်နှာမှာ ခံစားချက်အမျိုးမျိုးဖြစ်သွားကာ ဒေဝါ့မျက်နှာကို ကြည့်လိုက်သည်။ နူးညံ့သိမ်မွေ့စွာ ပြုံးပြီး ရွှေးကို ကြည့်နေသည့် ဒေဝါ့အကြည့်၊ ဒေဝါ့အပြုံးတွေက ဟိုတုန်းကနှင့် မတူ၍ ရွှေးရင်ထဲ တစ်မျိုးကြီးဖြစ်သွား၏။

"အခု ရွှေး သက်သာသွားပါပြီ၊ ရှင့်ကိုလည်း ကျေးဇူးတင်ပါတယ်"

ရွှေး သူ့ကိုမကြည့်ဘဲ ကျေးဇူးတင်စကား ဆိုလိုက်သည်။ ရွှေး မုန်းသည့်လူက ရွှေးကို အကူအညီပေးနေသူဆိုတော့ စိတ်ထဲက သဘောမကျပေမယ့် ရန်တွေ့လို့မဖြစ်။

"မေညိုကို ဖုန်းဆက်ပေးရမလား"

"ရွှေးဘာသာ ဆက်လိုက်ပါ့မယ်"

"နေဦးကွ၊ အခုချိန်က ဆေးသောက်ရမယ့်အချိန်ပဲ၊ ခဏနေဦးနော် ကိုယ် ကော်ဖီသွားဖျော်လိုက်မယ်"

"နေပါစေ၊ ရွှေး မသောက်တော့ဘူး၊ ဘာမှမလုပ်ပါနဲ့"

ရွှေး ပြောပေမယ့် ဒေဝါကမရ။ ရွှေးကိုထားပြီး အခန်းထဲက လှစ်ခနဲ ပျောက်သွား၍ ရွှေး သက်ပြင်းချလိုက်သည်။ ရွှေး အိပ်ရာဘေးမှာ ဒေဝါ့ဂျာကင်အကျႌကို မြင်ရသည်။

"တီ…တောင်"

အိမ်ရှေ့က လူခေါ်ဘဲလ်သံကြောင့် ဒေဝါကပဲ ကော်ဖီထည့်ထားသည့် ဗန်းကိုမပြီး တံခါးသွားဖွင့်ပေးလိုက်၏။ ဒေဝါထင်တာက မေညို။ တကယ်မြင်လိုက်ရတာက အမျိုးသမီးကြီးတစ်ယောက်။

"ဘာကိစ္စရှိလို့ပါလဲ အန်တီ"

"မင်းဘယ်သူလဲ၊ ငါ့သမီးအခန်းမှာ မင်းပါ နေနေတာလား"







www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား"

"ငါက ရွှေးမာမီပဲကွ"

"ဟာ"

"ငါ့သမီးလေး တော်လှ တော်လှနဲ့ အခုတော့"

"ဟာ…မဟုတ်ဘူး၊ အန်တီထင်သလို မဟုတ်ဘူး ခင်ဗျ"

"ဘာမဟုတ်ဘူးလဲ၊ ငါ့သမီး အခုဘယ်မှာလဲ"

အခြေအနေတွေက ရှင်းမရအောင် ရှုပ်ကုန်သည်။ ဆူဆူညံညံ အသံကြောင့် ရွှေး အိပ်ရာထဲက ထွက်အလာ…

"ဟင်…မာမီ"

"သြော်…မင်းတို့က ဒီလိုကိုး"

"ဟာ…ဘွား"

"အေး…ဘွားပဲ၊ အခုတော့ လက်ဆုပ်လက်ကိုင်မိပြီ၊ မင်း ဘာပြောချင်သေးလဲ ဒေဝါ၊ သမီးရှင်ဘက်ကိုလည်း ဘွားမြေးကိုယ်စား ဘွားကပဲ ကောင်းပန်ပါတယ်၊ မင်္ဂလာကိစ္စကို မိန်းကလေးရှင်ဘက်က စိတ်တိုင်းကျ ဖြစ်ရပါစေမယ်လို့ ဘွား ကတိပေးတယ်၊ ကျေနပ်ကြပါ"





"အို…မဟုတ်ဘူး၊ ရွှေး ရှင်းပြပါရစေဦးရှင်"

ရွှေးမှာ လုံးဝမထင်မှတ်ထားသည့် အခြေအနေကြောင့် အဖြစ်မှန်ကို ဖြေရှင်းဖို့ ကြိုးစားပေမယ့် မရ။ ရွှေးမာမီက ရွှေးနားရောက်လာပြီး မျက်နှာထားတင်းတင်းနှင့် ရွှေးမျက်နှာကို စိုက်ကြည့်သည်။

"ညည်းတို့က ဘာတွေရှင်းပြဦးမလို့လဲ မိရွှေး၊ ကိုယ့်ကိုယ်ကို ဘာပုံစံပေါက်နေလဲဆိုတာ ကြည့်ဦး၊ သူစိမ်းယောကျ်ားတစ်ယောက်နဲ့ တစ်ခန်းထဲ အတူနေတဲ့မိန်းမ မြန်မာနိုင်ငံမှာ မရှိဘူး နားလည်လား၊ မိဘမျက်နှာကို အိုးမဲသုတ်ချင်မနေနဲ့၊ အခုချိန်ကစပြီး ညည်းပါးစပ်ကို ပိတ်ထား"

"ဒီမှာ မောင်ဟိုဒင်း ငါ"

"ကျွန်တော့်နာမည် ဒေဝါပါ အန်တီ"

"အေး…မင်းဘွားကြောင့် မင်းဘွားမျက်နှာကိုထောက်လို့ ဒီမင်္ဂလာကိစ္စကို လက်ခံလိုက်တယ်မှတ်ပါ"

"ဘွား…သမီးဖေနဲ့ ပြောမှားဆိုမှားရှိရင် ကျွန်မကို ခွင့်လွှတ်ပါရှင်၊ ကျွန်မမှာလည်း ဒီသမီးလေးတစ်ယောက်တည်း ရှိတာဆိုတော့"



www.burmeseclassic.com

www.burmeseclassic.com



"ဘွား နားလည်ပါတယ်ကွယ်"

"မင်း…ခေတ်ကလေးများ ခက်တယ်ကွယ်၊ မိဘတွေကိုလည်း မတိုင်ပင်၊ သူတို့သဘောနဲ့သူတို့ ဆောင်ရွက်နေကြတာပဲ"

"ကဲ…လာ…လာ၊ သူတို့ကိစ္စ သူတို့ဘာသာ ရှင်းကြပါစေ ဘွားတို့လူကြီးတွေပဲ မင်္ဂလာကိစ္စ တိုင်ပင်ဆွေးနွေးကြရအောင် ဘွားနဲ့လိုက်ခဲ့"

"ဟုတ်ကဲ့ပါ ဘွား"

ရွှေးမာမီက ဘွားခေါ်ရာနောက် လိုက်သွား၍ ဒေဝါနှင့် ရွှေးပဲ အခန်းထဲမှာ ကျန်ရစ်သည်။

"အဲဒါ ရှင့်ကြောင့်၊ ရှင်လုပ်လို့ အခုလိုဖြစ်တာ"

ရွှေးဒေါသသံက မချိမဆန့်။ ဒေဝါ့မျက်နှာကို ကြည့်ပြီး ငိုချတော့မလို ဖြစ်နေ၏။

"ကိုယ့်ကိုချည်း အပြစ်တင်လို့ ဘယ်ရမလဲ ရွှေး၊ ကိုယ်တိုင် ကိုယ့်ရှေ့မှာ သတိလစ်သွားတာလည်း ထည့်ပြောမှဖြစ်မှာပေါ့"

"အို…ဘာပဲဖြစ်ဖြစ် ရှင့်ကို ရွှေး မယူနိုင်ဘူး၊ လက်လည်း မထပ်နိုင်ဘူး ဒါပဲ"





ပြောရင်း ရွှေး ငိုတော့ ဒေဝါ သက်ပြင်းရှိုက်လိုက်၏။ ရွှေးမာနကို သူသိပါသည်။ သူကိုယ်တိုင်လည်း တခြားအချိန်တွေမှာ ရွှေးကို စိတ်ဆိုးဒေါသဖြစ်အောင် ပြန်ပြောမိမှာဖြစ်ပေမယ့် အခုတော့ ရွှေးကို သူ့နှလုံးသားက လှိုက်လှဲမြတ်နိုးစွာ ချစ်မိသွားပြီမို့ ရွှေး စိတ်ဆိုးဒေါသဖြစ်အောင် ပြောဆိုလိုစိတ်လည်း မရှိ။ ရွှေးအချစ်ကိုသာ ရချင်နေမိသည်။

"ဘာလို့ငိုရတာလဲကွာ၊ ရွှေးက နေကောင်းသေးတာ မဟုတ်ဘူး၊ တော်ကြာ တစ်ခုခုထပ်ဖြစ်နေမှ"

"အို…ဘာဖြစ်ဖြစ် သေလည်းအေးတာပဲ"

"မပြောကောင်းမဆိုကောင်းတွေ မပြောရဘူး၊ လူ့ဘဝဆိုတာ ဘယ်လောက်ရခဲလဲ၊ ရွှေးကြောင့် လူကြီးမိဘတွေကို စိတ်မဆင်းရဲစေချင်ဘူး၊ ရွှေးမာမီခမျာ ရွှေးအတွက် ဘယ်လောက် ရင်ပူနေလဲဆိုတာ ရွှေး အမြင်ပဲ"

"အပိုစကားတွေ ပြောမနေပါနဲ့၊ ရှင့်အကြံ ရွှေးမသိဘူးထင်လို့လား"

"ကိုယ့်အကြံ ဟုတ်လား"

"ဟုတ်တယ်…ဟုတ်တယ်၊ ရှင်မယူချင်တဲ့ မိန်းမ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်အတွက် ရွှေးကို ရှင်အသုံးချပြီး အနိုင်ယူတာ၊ ရှင့်အတွက်တော့ အမြတ်ချည်းပဲ မဟုတ်လား''

ရွှေးဒေါသက ဒေဝါအပေါ် ရောက်သွားကာ ပေါက်ကွဲစွာ အော်လိုက်တော့ ရွှေးအတွေးကို ချစ်မြတ်နိုးစွာ ဒေဝါ ပြုံး၍ ငိုနေသည့် ရွှေးမျက်နှာလေးကို စိုက်ကြည့်လိုက်သည်။

''အဲဒါ အရင်တုန်းကဆိုရင်တော့ ဟုတ်ချင်ဟုတ်မယ်၊ အခုတော့ မဟုတ်ဘူး၊ ဘာဖြစ်လို့လဲ ရွှေး သိလား''

''ကိုယ် ရွှေးကို ချစ်မိသွားလို့၊ ရွှေးကို ကိုယ်ချစ်တယ်''

''ဘာ…ရှင်…ရှင်''

''ဒေါသမဖြစ်နဲ့ဦးလေ၊ ကိုယ့်ရင်ထဲက ခံစားချက်အစစ်အမှန်ကို ရွှေးသိအောင် ပြောနေတာ''

''ရွှေးကို ဘယ်အချိန်က စချစ်သွားလဲဆိုတာတော့ ကိုယ်လည်းမသိဘူး၊ ကိုယ်သိလိုက်တဲ့အချိန်မှာ ရွှေးက ကိုယ့်ရင်ထဲကို အနက်ရှိုင်းဆုံး ရောက်နေပြီ၊ ဒါကြောင့် ရွှေးကို''

''တော်ပြီ…တော်ပြီ၊ ရှင့်ဆီက ဘာစကားမှ မကြားချင်ဘူး၊ ရှင် အခု ရွှေးအခန်းထဲကထွက်သွား''

''သွားစေချင်ရင် ဒီဆေးကို အရင်သောက်ပြီးမှ ကိုယ်





သွားမယ်၊ ကိုယ့်စကားကို နားမထောင်ရင် လူကြီးတွေလည်း သဘောတူထားပြီးသားဆိုတော့ ဒီမှာ ဆက်နေရုံပဲ''

သူ့စကားမှန်နေသဖြင့် ရွှေးမှာ ဒေဝါ ကမ်းပေးလာသည့် ဆေးနှင့်ကော်ဖီကို ဒေါသဖြစ်ဖြစ်နှင့် သောက်လိုက်ရသည်။

''ရှင်ဖြစ်ချင်တာ ဒါပဲမဟုတ်လား၊ ကဲ သွားတော့''

ဆေးသောက်ပြီးတာနှင့်

''ဒေဝါကို ရွှေး နှင်ထုတ်မသွားခင် နှုတ်ဆက်ပါရစေဦး''

''အို''

ရွှေး ပါလေးတစ်ဖက် နွေးခနဲ ဖြစ်သွား၏။ ဒေဝါက ရွှေးကို ဖျတ်ခနဲ နမ်းလိုက်ပြီး နေရာက ချာခနဲ လှည့်ထွက်သွား၍ ရွှေးမှာ အခံရခက်ခက်နှင့် ဘာတစ်ခွန်းမှ မပြောနိုင်ဘဲ ကျန်ခဲ့သည်။ ဒေဝါက အခန်းပေါက်ဝရောက်မှ တစ်ချက်လှည့်ကြည့်ပြီး

''အခုချိန်ကစပြီး ရွှေးက မောင့်ချစ်သူ၊ မောင့်ဇနီးလောင်းနော်၊ ရွှေးကို မောင်ချစ်တယ်''

''ရှင့်ကို ရွှေး သိပ်မုန်းတယ်သိလား''

ဒေဝါက ရွှေးစကားကို မကြားသလို အမူအရာနှင့် တံခါးကို ရုပ်ခနဲ ဆွဲပိတ်သွား၍ ဒေဝါကို ဒေါသဖြစ်ကာ ရွှေးပဲ



www.burmeseclassic.com

www.burmeseclassic.com



မွှေ့မွှေ့ခုန်ကျန်ခဲ့သည်။

ဒီပုံအတိုင်းဆို ဒေဝါကို ရွှေး လက်ထပ်ရဖို့က သေချာသလောက် ဖြစ်နေ၍ ဒီပွဲကို ဘယ်လိုဖျက်ရပါ့မလဲဟု အပြေးအလွှား စဉ်းစားနေမိသည်။ ရွှေးမာမီနှင့် ဒေဝါ့ဘွားက ဘာတွေကြံစည်တိုင်ပင်လာသည်မသိ။ ပြုံးရွှင်သောမျက်နှာဖြင့် ရွှေးရှိရာသို့ မာမီ ပြန်ရောက်လာသည်။

"မာမို့သမီးလေး သိပ်ကံကောင်းတယ်ကွယ်၊ ဘွားက အားလုံး မာမို့စိတ်ကြိုက် စီစဉ်ပေးရုံမကဘူး၊ အားလုံး သမီးလေး သဘောအတိုင်း ဖြစ်ပါစေတဲ့၊ ငွေဘယ်လောက်ကုန်ကုန်ဆိုတာချည်းပဲ သမီးရေ"

"မောင်ဒေဝါလေးကလည်း တော်ရှာတယ်၊ သမီးကိုလည်း သိပ်ချစ်ရှာတယ်၊ မာမို့ကိုလည်း ရိုသေလေးစားလိုက်တာ၊ သိပ်လိမ္မာတဲ့ကလေး"

မာမို့ထံမှ အချိုးကျစကားသံတွေက မဆုံး။ မာမို့ပုံစံကို ကြည့်တာနှင့် လုံးဝ ဒေဝါ့လူဖြစ်သွားပြီဟု သိလိုက်၏။

ဒေဝါကို လက်မထပ်ချင်၍ အကြောင်းပြချက်ကောင်းကောင်းနှင့် ငြင်းပယ်ရန် ကြိုးစားကြံစည်ထားသမျှ အလကားဖြစ်





သွားပြီဟု ရွှေး သိလိုက်တော့ ရင်မောသွားသည်။

ဖြစ်နိုင်လျှင် ဒေဝါကို ရွှေး လက်မထပ်ချင်။

"ဟိုလေ…မာမီ၊ ရွှေး ဒေဝါကို လက်မထပ်ချင်ဘူး"

"ဘယ်လို သမီး၊ ဘာပြောလိုက်တယ်၊ မောင်ဒေဝါကို လက်မထပ်ချင်ဘူး ဟုတ်လား၊ မိုက်လိုက်တဲ့သမီးကွယ်၊ အခုအခြေအနေမှာ ယောက်ျားလေးရှင်ဘက်က လိုလိုလားလား တန်ဖိုးထားနေတာကို သမီးက ဘယ်လိုထင်လို့တုန်း၊ သူတို့ဘက်က ရှောင်ထွက်သွားချင်ရင် အလွယ်လေး၊ ဒါကိုပဲ သမီးက တစ်ရက်က နှစ်ရက်ဖြစ်အောင် လုပ်ချင်တာလားဟင်"

"မဟုတ်ပါဘူး မာမီ၊ ရွှေးက"

"တော်ပြီ သမီး၊ မာမို့ကို ဘာမှမပြောနဲ့၊ မောင်ဒေဝါ့နဲ့ သမီး မကြာခင်မှာ လက်ထပ်ရမယ်၊ ဒါပဲ"

"မာမီ"

မာမီက ရွှေးကို တစ်ချက်လှည့်မကြည့်တော့။ ဒေဝါ ရွှေးကို အနိုင်ရသွားပြီဟု သိလိုက်သည်။ ရွှေးနှင့် ဒေဝါ လက်ထပ်လိုက်တော့ အားလုံး အံ့ဩဝမ်းသာ ပျော်ရွှင်သွားကြသည်။

"မင်းတို့နှစ်ယောက်က ဖူးစာပါလို့ ညားကိုညားရတာကွ



www.burmeseclassic.com

www.burmeseclassic.com



သိလား၊ ဖူးစာကို မင်းယုံပြီလား ဒေဝါ''

''ယုံပြီ''

ဒေဝါက ခပ်ပြုံးပြုံးမျက်နှာနှင့် ရွှေးမျက်နှာလှလှလေးကို စိုက်ကြည့်ပြီး ပြောတော့ အားလုံးက ဒေဝါ့အဖြစ်ကိုကြည့်ပြီး သဘောကျစွာ ရယ်ကြသည်။

ရွှေးမှာသာ ဒေဝါ့မျက်နှာကို တစ်ချက်မကြည့်ဘဲ မျက်နှာလေး ခပ်တင်းတင်းလေးနှင့် သူမ လုပ်စရာရှိတာတွေကို လုပ်နေ၏။ သူငယ်ချင်းတွေချည်း သီးသန့်တွေ့ဆုံသည့်ပွဲဆိုတော့ အိမ်ရှင်မလက်သစ် ရွှေးကပဲ မေညိုနှင့်အတူ အစားအသောက်တွေ ချက်ပြုတ်ပြင်ဆင်ကြနှင့် အားလုံးက တပျော်တပါးကြီး ဖြစ်နေသလောက် ရွှေးကတော့ မပျော်။

ဒေဝါကို ဘယ်လိုဒုက္ခပေးရမလဲဟု စဉ်းစားနေ၏။ မာမီနှင့် ဘွားကတော့ သူတို့ဖြစ်ချင်သည့်ဆန္ဒ ဖြစ်ခွင့်ရ၍ ပျော်မဆုံး။ ရွှေး အတွက် ဘွားက တိုက်တစ်လုံး၊ ကားတစ်စီး၊ စိန်ရွှေရတနာတွေ လက်ဖွဲ့သည်။ ရွှေး လက်မခံပါရစေနဲ့ဆိုတာလည်း မရ။

ရွှေးကိုပင် ဘွားက လောဘကလည်း နည်းလိုက်တာဟု ဆူလိုက်သေးသည်။ ရွှေးမှာက ကိုယ့်အကြောင်းနှင့်ကိုယ် ဖြစ်သည်။





ဘွားပေးသည့် ပစ္စည်းတွေကို ဒေဝါ့လက်ထဲ ပြန်အပ်လိုက်သည်။ ဒါမှ ဒေဝါ့နားက အချိန်မရွေး ထွက်သွားနိုင်မည်။ မတတ်သာ၍ မာမီစိတ်ချမ်းသာအောင် လက်ထပ်လိုက်ရပေမယ့် ဒေဝါကို ရွှေး မယုံ။ ရွှေးကို ချစ်တယ်ဆိုတာ တမင်ဉာဏ်ဆင်ပြီး ညာနေတာလို့ပဲ ထင်သည်။ ရွှေးကို အစထဲက ချစ်နေလျှင် ရွှေး စိတ်ညစ်အောင်၊ ရွှေး ဒေါသဖြစ်အောင် ဒီလိုလုပ်မည်မထင်။ အခုမှ ဘွားပေးစားသည့် မိန်းမကို မယူချင်တာနှင့်ပဲ ချော်လဲရောထိုင်လုပ်ကာ ရွှေးကို လက်ထပ်တာဟု စိတ်ကမှတ်ထား၏။

ဒါကြောင့် လည်း ဒေဝါဆီက ချစ်စကားတွေ ဘယ်လောက်ကြားရကြားရ ဂရုမစိုက်။ ငှက်လို ယောက်ျားကြီးကိုတောင် သူ့ချစ်သူမိန်းကလေးအဖြစ် ဘွားကို လိမ်သည့်လူက ရွှေးကို ထပ်လိမ်တာ ဘာမှမဆန်း။ သူ့အလိမ်အညာထဲများ ရွှေး ပါသွားလျှင် ရွှေးကွယ်ရာမှာ လှောင်ရယ်ရယ်နေမှာ သေချာသည်။

''အို…မဖြစ်ဘူး၊ မဖြစ်ဘူး၊ ဒီလူနဲ့ ရွှေး ဘယ်လိုမှ ရှေ့ဆက်လို့ ဖြစ်မှာမဟုတ်ဘူး''

''ဟဲ့…ရွှေး တစ်ယောက်တည်း ဘာတွေခေါင်းခါနေတာလဲ ရွှေးရဲ့''



www.burmeseclassic.com

www.burmeseclassic.com



"သြော်…ဘာမှမဟုတ်ပါဘူး မေညို၊ မာမီ့ကို သတိရလို့ပါ"

"ရွှေး"

"သြော်…ကသစ် လာလေ"

"ရွှေးမင်္ဂလာပွဲတုန်းက ခရီးလွန်နေတာနဲ့ မလာဖြစ်ခဲ့ဘူး"

"ကသစ်ပို့လိုက်တဲ့ လက်ဖွဲ့ ရွှေး ရပါတယ်၊ ကျေးဇူးပဲနော်"

မေညိုနှင့် ရွှေးနားကို ကသစ် ရောက်လာပြီး လုပ်စရာရှိတာတွေ ကူလုပ်ပေးနေခိုက်မှာ ဒေဝါနှင့်ငှက်လည်း ရောက်လာ၍ စကားစပြတ်သွား၏။

"ပျော်လားဟင် ရွှေး"

မေညိုက ရွှေးနားကပ်ပြီး ခပ်တိုးတိုးမေးပေမယ့် မျက်နှာက ပြုံးစိစိ။

"သိချင်ရင် မေညိုလည်း ငှက်ကို ယူကြည့်ပေါ့"

"ဟယ်…ရွှေးစုတ်၊ ခစ်…ခစ်…ခစ်"

"ဟော့…ဘာတွေရယ်နေတာလဲ"





"ဘာမှမရယ်ဘူး၊ ရွှေးက ဒေဝါကို ချစ်တယ်ဆိုလို့ သိလား"

"မေညိုနော် မဟုတ်တာတွေ မပြောနဲ့"

"ရွှေးကိုမစနဲ့ မေညို၊ သူက ကိုယ့်ယောကျ်ား ကိုယ်ချစ်တဲ့အကြောင်း ပြောရမှာ ရှက်နေတာဗျ၊ ဟုတ်တယ်နော် အချစ်"

"အို…ရှင်နော်"

"ဟေး"

ပြောပြောဆိုဆို ဒေဝါက ရွှေးပါးလေးကို ဖျတ်ခနဲငုံ့နမ်းလိုက်၍ အားလုံးထံမှ လက်ခုပ်သံတွေနှင့်အတူ ရယ်သံတွေ ထွက်လာ၏။

"ရှင်…နည်းနည်းမှ အရှက်မရှိဘူး သိလား"

"မိန်းမကို ယောကျ်ားက ချစ်တာကိုးကွ"

"ဒေဝါကွ…ဒေဝါ"

ငှက်က အသံဝါကြီးနှင့် ထအော်တော့ ရွှေး သူတို့နားမှာ မနေတော့ဘဲ နေရာက ပြေးထွက်လာခဲ့သည်။ သူငယ်ချင်းတွေကို စိတ်ဆိုး၍မဟုတ်ပါ။ အားလုံးရှေ့မှာ ဒေဝါ လူလည်ကျနေတာကို ခံပြင်းဒေါသဖြစ်တာရော ရှက်တာရော ပေါင်းပြီး ထွက်လာခဲ့ခြင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

ဒါကို ဒေဝါကလည်း သိသည်။ ရွှေးက သူနှင့်တရားဝင် လက်ထပ်ထားသည့်ဇနီး ဆိုပေမယ့် အခုချိန်ထိ ဒေဝါကို သူမနား အကပ်မခံ။ ဒါကိုပဲ ဒေဝါက အသည်းတယားယားနှင့် သူမဆိုး သမျှ လက်ပိုက်ကြည့်နေရသည်။ တရားဝင်ခင်ပွန်းနှင့် ဇနီးဖြစ်၍ ရွှေးကို အချိန်မရွေး သိမ်းပိုက်ခွင့်ရှိပေမယ့် ရွှေးအချစ်ကို ထိုသို့ တစ်ဖက်သတ် မသိမ်းပိုက်ရက်တာ ရွှေးကို သိပ်ချစ်လို့။ သိပ်မြတ်နိုး လို့ ရွှေး အလိုကို လိုလျောနေခြင်းဟု ရွှေးကို သိစေချင်သည်။

"ဟိတ်ကောင် ဒေဝါ၊ ရွှေး စိတ်ကောက်သွားပြီကွ၊ သွားချော့လိုက်ဦး"

"မင်းတို့ပြန်မှ သွားချော့လိုက်မယ်၊ ကဲ စားစရာရှိတာ စားကြ"

ဒေဝါက ဘာမှမဖြစ်သလို အားလုံးရှေ့မှာ ခပ်အေးအေး နေကြပေမယ့် ရင်ထဲကတော့ ဘယ်အချိန်ကြမှ ရွှေးအချစ်ကို ရယူ နိုင်မှာပါလိမ့်ဟု တွေးပူနေသည်။

"မင်းတို့ ဟန်းနီးမွန်းကိစ္စက ဘယ်လိုလဲ"

"ရွှေး သဘောပဲကွာ၊ သူစိတ်ချမ်းသာဖို့က အဓိကပဲ၊





ငါက ရွှေးနဲ့ဆို ဘယ်နေရာမှာ နေရနေရ ပျော်တယ်"

"ဒါမှ တကယ့်မေတ္တာအစစ်ကွ၊ မင်း ရွှေးကို တကယ်ချစ် သွားတာပဲ"

"ချစ်လို့ လက်ထပ်တာပေါ့ကွ၊ အခုတော့ အချစ်တကယ် ရှိတယ်ဆိုတာ ယုံသွားပြီ"

"အေး…အစထဲက အဲဒီလိုဖြစ်သင့်တာကွ"

ကသစ်စကားကြောင့် ဒေဝါ နည်းနည်းတော့ ရှက်မျက်နှာ ပူသွားသည်။ ကသစ်ကိုယ်တိုင်က ရွှေးကို ချစ်နေမိပါပြီလို့ ဒေဝါကို ဝန်ခံထားတာ ပြန်သတိရသွား၍ပါ။ ကသစ်ဆီက အချစ်ကို ဒေဝါ လုယူလိုက်သလိုများ ဖြစ်သွားပြီလား။ ကသစ်ပုံစံကတော့ ခပ်အေး အေး။ အရယ်အမော မပျက်။

"မင်းတို့အားလုံးကို ငါပြောစရာရှိတယ်ကွ၊ ဂျပန်ကို မကြာခင် ငါပြန်သွားရမယ်၊ အဆင်ပြေရင် ဟိုမှာပဲနေဖြစ်ရင် နေဖြစ် သွားမယ်၊ အဲဒါ အသိပေးတာ"

ကသစ်စကားကြောင့် အားလုံးငြိမ်သွားသည်။ ဒေဝါ့စိတ် ထဲမှာတော့ သူ ရွှေးကို လက်ထပ်လိုက်လို့ ကသစ် အခုလို



www.burmeseclassic.com

www.burmeseclassic.com



ဆုံးဖြတ်လိုက်တာဟု ထင်နေ၏။ ရွှေးကိုယ်တိုင်ကရော။ ဒေဝါကို သူမ ချစ်တဲ့သူနဲ့ ခွဲလိုက်သူလို့ ထင်နေတာလား။

"ဂျပန်ရောက်ရင် ငါ့ဆီဝင်လည်ပါ၊ လိုအပ်တာရှိရင် ငါကူညီမယ်"

"အေးပါ၊ ဟိုရောက်ရင်သာ ငါတို့နဲ့ အဆက်အသွယ် မပြတ်စေနဲ့ကွာ ကသစ်"

"အေးပါ"

ၒက်ကြောင့် စကားဝိုင်းက ပြန်စည်ကားသွားသည်။ သူတို့ ပြန်သွားတော့ ဒေဝါ့ခေါင်းထဲမှာ တွေးစရာတွေအများကြီး ကျန်ခဲ့သည်။ ဒေဝါ့မျက်လုံးက ကသစ်နှင့်ရွှေးမျက်နှာကို တစ်လှည့်စီ မြင်နေ၏။ ရွှေး သူ့ကိုမချစ်နိုင်တာ ကသစ်ကြောင့်လား။

သူဘာဆက်လုပ်သင့်သလဲ။ ရွှေး ရှိနေသည့် အိပ်ခန်းဘက်ကို တစ်ချက်လှမ်းကြည့်ပြီး ဒေဝါ ကားသော့ကို ဆွဲယူလိုက်၏။

"ရွှေး…ကိုယ် အပြင်သွားဦးမယ်"

ရွှေးအခန်းမှ ဘာသံမှမကြားရ။ သူ့မှာ အိမ်သော့သီးသန့် ရှိသည်။ ကားကို နေရာက ခပ်ကြမ်းကြမ်းမောင်းထွက်ခဲ့ပေမယ့်





ဦးတည်ရာမရှိ။

ချစ်တယ် ရွှေးရယ်။

မင်းကို သိပ်ချစ်မိလို့ ကိုယ်ခံစားနေရတာ ရွှေး သိရဲ့လားကွယ်။

ဒေဝါ့ဘဝမှာ အချစ်ဆိုတာ ဒီတစ်ခါပဲ ဒီတစ်ကြိမ်ပဲ သူ့နှလုံးသားက ရှင်သန်ဖူးပွင့်ခဲ့သည်။ ဒါပေမဲ့ ဒေဝါ့ရင်ထဲက ချစ်မေတ္တာယန်းကို ကမ်းယူနိုင်မည့် နှလုံးသားပိုင်ရှင်က မရှိ။ ဒေဝါ့ အချစ်ကို အမုန်းဖြင့် နာကြည်းစွာ အသိအမှတ် မပြုနိုင်သူနှင့်သာ ကြုံရသည်။

တကယ်ချစ်မိတော့ ချစ်သူဆီက ဥပေက္ခာဆန်မှု စိမ်းကားအေးစက်မှုဒဏ်ကို ဒေဝါ့နှလုံးသားက မခံနိုင်။ နာကျင်မှုတွေနှင့် နင့်နင့်သည်းသည်း ခံစားရသည်။

. အချစ်ဆိုတာ ဒီလိုပဲ လူတွေရဲ့ နှလုံးသားကို ခံစားနာကျင်စေသည့်အရာလား။

ကိုယ့်အတွေး ကိုယ်သဘောကျပြီး ဒေဝါ မချိမဆန့်ရယ်လိုက်သည်။ ချစ်သောသူနဲ့ ကွေကွင်းရတာ ငရဲဆိုရင် မချစ်မနှစ်



www.burmeseclassic.com

www.burmeseclassic.com



သက်သော သူနဲ့ နေရခြင်းကလည်း…

"တီ…တီ"

"ဟာ"

"ကျွီး…ဝုန်း"

အတွေးများစွာကြောင့် ရုတ်တရက် လမ်းသွယ်တစ်ခုက ပြေးဝင်လာသည့် ကားကို မရှောင်လိုက်နိုင်ဘဲ အရှိန်ပြင်းစွာ ဝင်တိုက်မိလိုက်တာကို နောက်ဆုံး သိလိုက်ပြီးနောက် ကမ္ဘာလောက ကြီးနှင့် ဒေဝါ အဆက်ပြတ်သွား၏။

ဒေဝါ့အသိအာရုံထဲကို ပထမဆုံး တိုးဝင်လာတာက ငိုရှိုက်သံဖြစ်သည်။ နောက် မသဲမကွဲအသံများ။

သူ့တစ်ကိုယ်လုံး နာကျင်နေတာ သိလိုက်ရသလို ဆေးနံ့ ကို ရှူရှိုက်လိုက်ရသဖြင့် သူဘာတွေ ဘယ်လိုဖြစ်ခဲ့လဲဆိုတာ ပြန်တွေးလိုက်၏။ အားလုံးကို သူ သတိရလာ၏။ ဒါဆို အခု ငိုနေတာ ဘယ်သူလဲ။

"ရွှေး"

"ဟင်…ဒေဝါ…ဒေဝါ၊ ရှင်…ရှင် သတိရလာပြီနော်"





ရွှေးအသံက ရှိုက်သံနှင့် ဗလုံးဗထွေး။ ဒါပေမဲ့ ဟိုအသံ ထဲမှာ ဝမ်းသာပီတိရှိနေတာကို ဒေဝါ သိနေ၏။

"ရွှေး"

"ဒေဝါရယ်"

မျက်ရည်တွေနှင့် နူးညံ့သိမ်မွေ့စွာ လှပနေသော ရွှေးမျက်နှာလေးကို သူငေးကြည့်နေခိုက်မှာ ရွှေက သူ့လက် တစ်ဖက်ကို တင်းကြပ်စွာဆုပ်ကိုင်ပြီး တသိမ့်သိမ့်ငိုသည်။

"ကိုယ် ဘာမှမဖြစ်ဘူး"

ရွှေးက ငိုရင်း ခေါင်းညိတ်လိုက်ပေမယ့် ဆိုကာမေးတော့။

"တော်ပါသေးရဲ့ ဒေဝါရယ်၊ ငါတို့အားလုံး လန့်သွား တာကွ၊ မင်းမှာ ဒဏ်ရာကြီးကြီးမားမား မရတာ ကံကောင်းတယ်"

"ရွှေးကို ချော့လိုက်ဦး ဒေဝါ၊ မင်းအနားမှာ တစ်ချိန်လုံး ထိုင်ပြီးငိုနေတာကွ၊ ငါတို့အပြင်က စောင့်နေမယ်"

သူငယ်ချင်းတွေက အလိုက်တသိ ဒေဝါတို့နားက ထွက် သွားတာကို မတားမိ။

မျက်ရည်တွေနှင့် သိပ်လှနေသည့် ရွှေးမျက်နှာလေးကို



www.burmeseclassic.com

www.burmeseclassic.com



စိုက်ကြည့်ပြီး ချစ်မြတ်နိုးစွာ သူပြုံးလိုက်သည်။

"မငိုနဲ့လေ၊ ကိုယ်ဘာမှမဖြစ်ဘူး"

ရွှေး ခေါင်းညိတ်ပြီး မျက်ရည်တွေကိုသုတ်ပေမယ့် ဒေဝါကို ကြည့်လည်းမကြည့်။ ဘာမှလည်းမပြော။ ငိုရလွန်း၍ ပါးလေးတွေ နှာခေါင်းလေးတွေ နီနေတာကြည့်ပြီး ချစ်စနိုး ရွှေး လက်လေးကို ဆုပ်ကိုင်လိုက်၏။

"ကိုယ့်ကို သိပ်ချစ်တာပဲလား"

ဒေဝါ့အသံ တိုးတိုးလေးပေမယ့် ရွှေး ကြားပါသည်။

"ရှင် နေကောင်းပြီဆိုရင် ရွှေး သွားတော့မယ်"

ရွှေးက ဒေဝါမေးတာကို မဖြေဘဲ ဒေဝါ ဆုပ်ကိုင်ထားသည့် သူမလက်လေးကို ရုန်းဖယ်ရင်း ငိုသံစွက်နေသော အသံတုန်တုန်လေးနှင့် ပြောလာတော့ ဒေဝါက ရွှေးလက်လေးကို ဆွဲယူ ရှိုက်နမ်းလိုက်သည်။

"အို"

"လူတွေနဲ့ ရှင်ဘယ်လိုလဲ"

"လွှတ်ပါ"





"လူတွေ မရှိတဲ့နေရာမှာဆိုရင်ရော"

"ရှင်နော်"

ရွှေးမျက်နှာလေး နှင်းဆီခင်း ဖြစ်သွားတာကို ကြည့်ပြီး ဒေဝါ ခပ်ဖွဖွ ရယ်လိုက်သည်။

"လူမမာက လူမမာလိုနေမှပေါ့ရှင့်၊ ဖယ်ပါ လွှတ်"

"ချစ်တယ်ပြောမှ"

ရွှေးက သူ့ကို ဖျတ်ခနဲ မော့ကြည့်သည်။ နူးညံ့ရွှန်းလက်သည့် ဒေဝါ့အကြည့်တွေနှင့်အဆုံမှာ ရွှေးပါးလေးတွေရဲပြီး ချက်ချင်း အကြည့်လွှဲသွားသည်။

"ရွှေး"

"ရွှေး ပြန်တော့မယ်"

"ကိုယ်မေးတာ အဲဒါမဟုတ်ဘူးလေ"

"ကိုယ့်ယောကျ်ားကို ချစ်တယ်ပြောတာ ရှက်စရာလား၊ ချစ်တယ်လို့ပြောကွာ"

"ကိုယ့်ကိုချစ်တယ်နော် ရွှေး"

"ရွှေး မသိဘူး"

"ဒါဖြင့် ဘာလို့ ကိုယ့်နားမှာ တစ်ချိန်လုံး ငိုနေရတာလဲ



www.burmeseclassic.com

www.burmeseclassic.com



ပြောပါဦး''

''အို…အဲဒါက ရှင်သေသွားမှာ စိုးရိမ်လို့ပေါ့ရှင်''

''အခုကြတော့ရော''

''အခု ရှင်ကမှ ဘာမှမဖြစ်တော့ဘဲ''

''ဒါဆို ရွှေ နောက်တစ်ခါ ထပ်ငိုရအောင် အခုပဲ ကား ထပ်အတိုက်ခံလိုက်မယ်''

''ကိုယ့်ကို ရွှေမချစ်တော့မှ သေတာပဲအေးတယ်''

ပြောပြောဆိုဆို ဒေဝါက ရွှေလက်လေးကို လွတ်ချပြီး ခုတင်ပေါ်ကဆင်းဖို့ ကြိုးစား၍ ရွှေမှာ ဆေးပိုက်တန်းလန်းနှင့် ဒေဝါ့ကိုယ်ကြီးကို သူမအားလေးနှင့် ဆွဲယူဖိကပ်ထားရင်း…

''ရှင်နော်…စိတ်ထင်ရာတွေ လျှောက်မလုပ်နဲ့၊ ရှင်ငိုစေ ချင်ရင် ရွှေ အခုပဲငိုပါ့မယ်၊ ဒီနေရာမှာပဲ နေပါ''

''အဟင့်…ဟင့်…ဟင့်''

ရွှေမှာ ပြောလည်းပြော၊ ငိုလည်းငိုနေသဖြင့် ဒေဝါ့ ရင်ဘတ်တစ်ခုလုံး ရွှေ မျက်ရည်တွေနှင့် ရွှဲစိုသွားသည်။ ဒီလောက် ဆို သူ့ကို ရွှေ ဘယ်လောက်ချစ်လဲဆိုတာ ဒေဝါ သိပါပြီ။

ထို့အတူ အခုလောလောဆယ် သူကြားချင်သည့်စကားကို





ရွှေနှုတ်ဖျားက ကြားနာခွင့်မရပေမယ့် ရွှေနှလုံးသားမှ ကြားနေရ၍ ကျေနပ်လိုက်ရပါသည်။

''သိပ်ချစ်တာပဲ ရွှေရယ်၊ အခုချိန်ကစပြီး ကိုယ့်အတွက် ရွှေက ဘယ်တော့မှ မျက်ရည်မကျစေရဘူးလို့ ကတိပေးပါတယ်''

''တိတ်နော်''

ရွှေမျက်နှာလှလှလေးပေါ်က မျက်ရည်တွေကို ခေဝါ အနမ်းဖြင့် ဖယ်ရှားလိုက်တော့ ရွှေက မငြင်းပါ။

''ကိုယ့်ကိုချစ်လားဟင်''

ရွှေက ခေါင်းခါလျက် အင့်ခနဲ တစ်ချက်ညိတ်သည်။

''ကိုယ်သိပါတယ်ဗျာ၊ ရွှေလည်း ကိုယ့်ကိုချစ်တယ်ဆို တာလေ''

ရွှေထံမှ ဘာသံမှမကြားရ။ သူ ရွှေကိုယ်လေးကို တင်းကြပ်စွာ ဖက်လိုက်တော့ တသိမ့်သိမ့်ခုန်နေသော နှလုံးခုန်သံကို ကြားလိုက်ရသည်။

ချစ်သူချင်းသာ နားလည်နိုင်သည့် နှလုံးသားနှစ်ခုတစ်ခု ထဲ ပေါင်းစပ်သွားနိုင်စေရန် တိုးတိတ်စွာ ကွယ်ဝှက်ထားသော စကားလေးတစ်ခွန်းကိုတော့ ရွှေနှုတ်က ဖွင့်မပြောလည်း၊ ခေါင်



www.burmeseclassic.com

www.burmeseclassic.com



နှလုံးသားဖြင့် ကြားနာနိုင်စွမ်းရှိတာကိုတော့ သူတို့ချစ်သူချင်းသာ သိကြသည့် အချစ်သင်္ကေတတစ်ခုသာ ဖြစ်ပါကြောင်း။ ဆေးခန်း အပြင်ဘက်တွင် စောင့်နေကြသူအချင်းချင်း အချစ်သည်းနေသူနှစ်ဦး ၏ အဖြစ်ကို ကိုယ်စီမမြင်သလို ဟန်ဆောင်နေလိုက်ကြရသည့် အဖြစ်ကိုတော့ ဘယ်သူမှ မသိလိုက်ကြချေ။

ချစ်သူတိုင်းပျော်ရွှင်ကြည်နူးနိုင်ကြပါစေ။

ချစ်ခြင်းမေတ္တာဖြင့်

**မြပုလဲသွယ်**



www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

# မြူလဲသွယ်

ရင်ဝှက်စကား



www.burmeseclassic.com